မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

ဒို့တာဝန်အရေးသုံးပါး
- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

သတင်းထူးပြီးမှန်ရမည်၊ သတင်းဦးပြီးမြန်ရမည် မြဝတီမှမြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၇၅)

၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက်၊ စနေနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## အကြမ်းဖက်သမားများ၏တိုက်ခိုက်မှုများကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးရန်ပုံငွေမှ လိုအပ်သည့်ထောက်ပံ့မှုများဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၇**

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁** ☆




Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက်)

# နိုင်ငံတော်အပေါ်သစ္စာစောင့်သိနေသည့်တပ်မတော်

တပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရာတွင် မည်သည့်အချိန် မည်သည့်နေရာဖြစ်စေ ကိုယ်ကျိုးစွန့်အနစ်နာခံပြီး တာဝန်ကျေပွန်စွာထမ်းဆောင်ကြသူများဖြစ်သည်။ ယုံကြည်ချက်၊ ခံယူချက်မှန်ကန်ပြီးစိတ်ဓာတ်ကောင်းမွန်ကြသည်။ တပ်မတော်သားတို့စိတ်ဓာတ်ကောင်းမွန်စေရေးအတွက် လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေးတို့ဖြင့်လည်း ဖန်တီးတည်ဆောက်ထားပြီးဖြစ်သည်။ ထို့ပြင် မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်၊ ခံယူချက်၊ ယုံကြည်ချက်၊ အစဉ်အလာသမိုင်းကြောင်းစသည်များကိုလည်း သိရှိနားလည်စေရန်တည်ဆောက်ပေးထားပြီးဖြစ်သည်။

မျိုးချစ်စိတ်ဆိုသည်မှာ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်စာပေ၊ ယဉ်ကျေးမှုကိုချစ်မြတ်နိုးသည့်စိတ်၊ ကိုယ့်တိုင်းပြည်နှင့်လူမျိုးကိုထိလျှင် မချိအောင်နာတတ်သည့်စိတ်၊ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်အတွက် စွန့်လွှတ်စွန့်စားမည်ဆိုသည့်စိတ်တို့ဖြစ်သည်။ ထိုစိတ်ဓာတ်တို့ထားခြင်းဖြင့် တစ်ဦးချင်း၏ယုံကြည်ချက်၊ ခံယူချက်မြင့်မားလာပြီး စိတ်ဓာတ်ခိုင်မာကောင်းမွန်လာမည်ဖြစ်သည်။ စိတ်ဓာတ်ကောင်းလျှင် အောင်မြင်မှုရရှိအောင် ကြံ့ကြံ့ခံဆောင်ရွက်နိုင်စွမ်းရှိမည်ဖြစ်သည်။ ထို့ပြင် တိုက်ပွဲဝင်ရာတွင် တပ်ဖွဲ့ဝင်များ၏ တိုက်လိုခိုက်လိုစိတ်မြင့်မားစေရန် တပ်မတော်၏စိတ်ဓာတ်ဖြစ်သည့် လှေခွက်ချည်းကျန်အလံမလှဲသည့်စိတ်ဓာတ်၊ ပေးအပ်သည့်တာဝန်အပေါ်မှာ တုံးတိုက်တိုက်ကျားကိုက်ကိုက် မဖြစ်မနေအောင်မြင်အောင်လုပ်ဆောင်မည်ဆိုသည့်စိတ်ဓာတ်၊ တပ်မတော်၏အစဉ်အလာကောင်းများကို အသက်နှင့်လဲပြီးစောင့်ထိန်းမည်ဆိုသည့်စိတ်ဓာတ်မျိုးရှိနေကြရမည်ဖြစ်သည်။

တပ်မတော်သားတိုင်းသည် တပ်မတော်၏ ကောင်းမြတ်သည့်အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး တပ်မတော်၏ဂုဏ်ကိုမြှင့်တင်ကြရမည်ဖြစ်သည်။ တပ်မတော်သားတစ်ဦးအတွက် စိတ်ဓာတ်ကောင်းမွန်မှုနှင့် စည်းကမ်းလိုက်နာမှုတို့မှာ ဆက်စပ်လျက်ရှိသည်။ စိတ်ဓာတ်ကောင်းလျှင် စည်းကမ်းလိုက်နာမှုကောင်းမည်။ စည်းကမ်းဆိုသည်မှာ လူ့ကျင့်ဝတ်တစ်ခုဖြစ်သကဲ့သို့ တပ်မတော်၏ ကျောရိုးနှင့်အသက်ဝိညာဉ်လည်းဖြစ်သည့်အတွက် အလေးထားလိုက်နာကြရမည်ဖြစ်သည်။ စည်းကမ်းတွင် တိုက်တွန်းချက်စည်းကမ်းနှင့်တားမြစ်ချက်စည်းကမ်းဟူ၍ နှစ်မျိုးရှိပြီး ဆောင်ရန်စည်းကမ်းနှင့်ရှောင်ရန်စည်းကမ်းတို့ဖြစ်သည်။ ဆောင်ရန်စည်းကမ်းဆိုသည်မှာ စစ်သည်တိုင်းမဖြစ်မနေမပျက်မကွက်လိုက်နာရမည့်အချက်များဖြစ်သည်။ ရှောင်ရန်စည်းကမ်းမှာ လုံးဝမပြုလုပ်ရန်တားမြစ်ထားသည့်စည်းကမ်းဖြစ်သည်။

တပ်မတော်သားများအနေဖြင့် ၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေကိုသာမက အများပြည်သူများလိုက်နာကြရသည့် နယ်တက်ဥပဒေများကိုလည်းလိုက်နာကြရသူများဖြစ်သည်။ ထို့ကြောင့် တပ်မတော်သားတိုင်းသည် စည်းကမ်းလိုက်နာမှုတွင် စံနမူနာပြနေထိုင်ကြရသူများဖြစ်သည်။ တပ်မတော်သားတိုင်းသည် စစ်သည်တော်ကျင့်ဝတ်အပါး ၆၀ ကို လိုက်နာကျင့်ကြံကြရသူများဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် အားကိုးအားထားပြုရသူများဖြစ်သည့်အတွက် ကျန်းမာအောင်နေထိုင်ကြရသည်။ သန်စွမ်းအောင်လေ့ကျင့်ကြရသည်။

တပ်မတော်စတင်ပေါ်ပေါက်လာသည်မှ ယနေ့တိုင်ပြည်တွင်းပြည်ပရန်စွယ်အန္တရာယ်မှန်သမျှကို ပြည်သူများနှင့်လက်ချင်းတွဲလျက်အောင်မြင်စွာရင်ဆိုင်ကျော်ဖြတ်နိုင်ခဲ့သည်ချည်းဖြစ်သည်။ လွတ်လပ်ရေးရရှိပြီး အခက်အခဲဆုံးကာလဖြစ်သည့် ပြည်တွင်းရောင်စုံသောင်းကျန်းသူများ၊ ပြည်ပမှတရုတ်ဖြူကျူးကျော်ဝင်ရောက်မှုများကို စိတ်ဓာတ်ခိုင်မာစွာ၊ ဖွဲ့သတ္တိရှိစွာချေမှုန်းနိုင်ခဲ့သည်။

ယနေ့ကာလတွင် ပြည်တွင်းပြည်ပအဖျက်သမားများသည် ဆိုရှယ်မီဒီယာကို လက်နက်သဖွယ်အသုံးပြုပြီး အစိုးရနှင့်ပြည်သူ၊ ပြည်သူနှင့်တပ်မတော်သွေးကွဲအောင်၊ စည်းလုံးညီညွတ်မှုပြိုကွဲအောင် ထိုးနှက်တိုက်ခိုက်လျက်ရှိသည်။ အထူးသဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားအချင်းချင်း စိတ်ဝမ်းကွဲစေရန် သတင်းအတု၊ သတင်းအမှားများဖြင့်ထိုးနှက်တိုက်ခိုက်မှုများလုပ်ဆောင်နေသည်။ ဤသည်ကိုလည်း တပ်မတော်သားများ၊ မိသားစုများကအသိတရားရှိရှိသတိတရားရှိရှိဖြင့် နိုင်ငံတော်နှင့်တပ်မတော်အပေါ်သစ္စာရှိစွာရပ်တည်နေကြရမည်ဖြစ်သည်။ အထူးသဖြင့် တပ်တွင်းစည်းလုံးညီညွတ်ရေးကိုခိုင်မာစွာတည်ဆောက်ထားခြင်းဖြင့် “ဘယ်သူခွဲခွဲ တို့မကွဲ”၊ “ဘေးပြောတာကိုမယုံနဲ့သွေးပြောတာကိုယုံ” ကြရမည်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်သည် နိုင်ငံတော်အပေါ်အမြဲထာဝရသစ္စာစောင့်သိနေသည့်တပ်မတော်အဖြစ် ဆက်လက်ရှင်သန်နေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ကျေးလက်ကုန်ထုတ်လမ်းများ ဆောင်ရွက်ပြီးစီး

**နေပြည်တော် ဇန်နဝါရီ ၁၇**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်း လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသည့် ကျေးလက်ကုန်ထုတ်လမ်းများကို ဇန်နဝါရီလ ၁၇ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျဉ်းမနားခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ၊ ဇမ္ဗူသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကေဇင်လှိုင်းနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာများမှ လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ပြည်ထောင်စုရန်ပုံငွေဖြင့် အလျင်လိုကျေးရွာ၌ ကုန်ထုတ်လမ်းအမှတ်(၂)ရိစာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဂုဏ်မင်းအင်းကျေးရွာ၌ ကုန်ထုတ်လမ်းအမှတ်(၃)ရိစာခင်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် တဲကြီးကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းအမှတ်(၄)ရိစာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို သတ်မှတ်စံချိန်စံညွှန်းများအတိုင်း လုပ်ငန်းအရည်အသွေးပြည့်မီမှု ရှိ၊ မရှိတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်ပြီးစီးသည့် ကျေးလက်ကုန်ထုတ်လမ်းများကို ရေရှည်အသုံးပြုသွားလာနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားရန် ကျေးရွာတာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် ဒေသတွင်းလယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုနိုင်ရန် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၂ ဒသမ ဝ၇၁ သန်းဖြင့် အလျင်လိုကျေးရွာ၌ လမ်းအရှည် ၃ ဒသမ ၇၁၂ ဖာလုံ၊ အကျယ် ၁၁ ပေ၊ ထု ၉ လက်မ ကုန်ထုတ်လမ်းအမှတ်(၂)ရိစာခင်းခြင်းလုပ်ငန်း၊ ဂုဏ်မင်းအင်းကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေကျပ် ၉ ဒသမ ၄၅၅ သန်းဖြင့် လမ်းအရှည် ၂ ဒသမ ၉ဝ၉ ဖာလုံ၊ အကျယ် ၁၁ ပေ၊ ထု ၉ လက်မ ကုန်ထုတ်လမ်းအမှတ် (၃)ရိစာခင်းခြင်းလုပ်ငန်း၊ တဲကြီးကုန်းကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေကျပ် ၁၅ ဒသမ ၅၁၅ သန်းဖြင့် လမ်းအရှည် သုည ဒသမ ၄၇၇၃ မိုင်၊ အကျယ် ၁၁ ပေ၊ ထု ၉ လက်မ ကုန်ထုတ်လမ်းအမှတ်(၄)ရိစာခင်းခြင်းလုပ်ငန်းတို့ကို ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးကြောင်း ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကေဇင်လှိုင်းထံမှသိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# နို့စားနွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုစစ်ဆေး

**မိတ္ထီလာ ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ပေါက်ပင်သာကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းဖြင့် ဒေသမျိုး နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေကို ဇန်နဝါရီလ ၁၆ ရက်တွင် ကွင်းဆင်းစစ်ဆေးကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ပေါက်ပင်သာကျေးရွာမှ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းကော်မတီဝင်များနှင့်တွေ့ဆုံပြီး စီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်နှင့် အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီတင်ပြသွားကြရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြကြရာ မြို့နယ်ဦးစီးမှူးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါပေါက်ပင်သာကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းဖြင့် အစုအဖွဲ့လေးစုမှ သမဝါယမအစုအဖွဲ့ပုံစံဖြင့် ဒေသမျိုး နို့စားနွားမွေးမြူခြင်းကို တစ်ဖွဲ့လျှင် နို့စားနွားလေးကောင်စီဖြင့် စုစုပေါင်းလေးဖွဲ့မှ နို့စားနွား ၁၆ ကောင်မွေးမြူထားကြောင်း မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းထံမှသိရသည်။

**(၆၀၂)**

## သဇင် (FM) အသံလွှင့်အစီအစဉ်

၁၈-၁-၂၀၂၅(စနေနေ့)

၁။ ဝ၈:ဝဝ ယဉ်ကျေးလိမ္မာဖို့နားဆင်စို့
၂။ ဝ၈:၂ဝ Morning Songs
၃။ ၁၁:၅ဝ စိုက်မွေးသုတ
၄။ ၁၄:၅ဝ Business Tips
၅။ ၁၆:ဝဝ Holiday Vibes
၆။ ၂၁:၄ဝ ဓာတ်လမ်းအသွင်တေးသံစဉ်

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ဝ၃၁-၇၃၉၉၈၊ ဖက်စ် ဝ၃၁-၇၃၉၉၉/ဝ၃၂-၃ဝ၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ဝ၃၁-၇၄ဝဝ၆၊ ဝ၃၁-၇၄ဝဝ၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ဝ၃၁-၇၄ဝ၂၁၊ ဖြန့်ချိရေး ဝ၁၈-၄ဝဝ၆၉၇၊
ကြော်ငြာ ဝ၃၁-၇၄ဝ၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ဝ၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃ဝ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ဝ၉-၂၅ဝ၅၅၆၆၃၈၊ ဝ၃၄-၇၃၆ဝ၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ဝဝ၃၇၈/ဝဝ၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂ဝ၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပဲခူးတိုင်းဒေသကြီး၌ ၂၀၂၄ ခုနှစ်အတွင်း မီးလောင်မှု ၁၁၅ ကြိမ်ဖြစ်ပွားခဲ့

ပဲခူး ဇန်နဝါရီ ၁၇

ပဲခူးတိုင်းဒေသကြီး၌ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဒီဇင်ဘာလကုန်အထိ တစ်နှစ်တာကာလအတွင်း စုစုပေါင်း မီးလောင်မှု ၁၁၅ ကြိမ်ဖြစ်ပွားခဲ့ပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ စုစုပေါင်း ငွေကျပ် ၃၄၄ ဒသမ ၀၄၄ သန်းခန့်ရှိကြောင်း ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်များအနက် လျှပ်စစ်မီးကြောင့်ဖြစ်ပွားသော မီးလောင်မှုမှာ အများဆုံးဖြစ်ပြီး ပေါ့ဆမှုကြောင့် ဖြစ်ပွားသော မီးလောင်မှုမှာ ဒုတိယအများဆုံးနှင့် မီးဖိုမီးကြောင့်ဖြစ်ပွားသော မီးလောင်မှုမှာ တတိယအများဆုံးဖြစ်သည်။

"ပဲခူးတိုင်းဒေသကြီးမှာ ၂၀၂၄ ခုနှစ် တစ်နှစ်တာကာလအတွင်း မီးလောင်မှု ၁၁၅ ကြိမ်ဖြစ်ပွားခဲ့ပါတယ်။ အဲဒီ မီးလောင်မှုတွေထဲမှာ လျှပ်စစ်မီးနဲ့ပတ်သက်တဲ့မီးလောင်မှုတွေက အများဆုံးဖြစ်ပွားခဲ့ပြီး ၃၈ ကြိမ်ဖြစ်ပွားခဲ့ပါတယ်။ ဒုတိယအများဆုံးအနေနဲ့ ပေါ့ဆမှုကြောင့် ဖြစ်ပွားတဲ့ မီးလောင်မှုက ၃၇ ကြိမ်ဖြစ်ပွားခဲ့ပါတယ်။ တတိယအများဆုံးကတော့ မီးဖိုမီးကြောင့်ဖြစ်ပြီး ၂၆ ကြိမ်ဖြစ်ပွားခဲ့ပါတယ်" ဟု ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစောထွန်းက ပြောသည်။

ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနအနေဖြင့် ၂၀၂၄ ခုနှစ်က တိုင်းဒေသကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် တစ်အိမ်တက်ဆင်းစစ်ဆေးမှု ၂၉၈၂ ကြိမ် ဆောင်ရွက်ခဲ့သည့်အပြင် ရုံးဌာနအဆောက်အအုံပေါင်း ၃၉၄ ခု၊ စက်ရုံ၊ အလုပ်ရုံပေါင်း ၄၃၇ ခု၊ စာသင်ကျောင်းပေါင်း ၆၁၈ ကျောင်း၊ ဈေးပေါင်း ၁၄၈ ဈေးနှင့် စက်သုံးဆီအရောင်းဆိုင်ပေါင်း ၃၈၇ ဆိုင်တို့တွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းများ၊ အသိပညာပေးခြင်းများနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီး၌ ၂၀၂၅ ခုနှစ်တွင် မီးလောင်မှုဖြစ်စဉ်များ လျော့နည်းပပျောက်စေရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များအလိုက် စီမံချက်များရေးဆွဲကာ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စနစ်တကျ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**




# ကျောက်ဆည်မြို့၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်အမျိုးသမီးရေးရာအကြောင်း သင်တန်းဖွင့်လှစ်



ကျောက်ဆည် ဇန်နဝါရီ ၁၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အမျိုးသမီးရေးရာအကြောင်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီလ ၁၆ ရက်က ကျင်းပသည်။

အဆိုပါသင်တန်းတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမင်းသန်းက အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း ၂၀၂၃-၂၀၃၂ ၏ အဓိကလုပ်ငန်းနယ်ပယ်များဖြစ်သော အမျိုးသမီးများနှင့်အသက်မွေးဝမ်းကျောင်းမှု၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူ့အခွင့်အရေးနှင့် ငယ်ရွယ်သည့်အမျိုးသမီးများအကြောင်း စသည့်ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စိုးစံက စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှု၊ စွန့်ပစ်ပစ္စည်းများမှ အသုံးပြုပစ္စည်းများ ပြန်လည်အသုံးချမှု၊ သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုများကို ရှင်းလင်းဆွေးနွေးပို့ချသည်။

ဆက်လက်၍ သင်တန်းသူများနှင့် မေးခွန်းများ အပြန်အလှန်မေးမြန်းခဲ့ပြီး ပတ်ဝန်းကျင်ဆိုင်ရာ လက်ဆွဲစာအုပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# လူငယ်လူရွယ်များ ဗလငါးတန်နှင့်ပြည့်စုံစေရန် အားကစားနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြော

ငဖဲ ဇန်နဝါရီ ၁၇

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းပြီး လူငယ်လူရွယ်များ ဗလငါးတန်နှင့်ပြည့်စုံစေရန်ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီလ ၁၇ ရက်တွင် မင်းလွင်ကျောင်းကုန်း အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ငဖဲမြို့နယ် မင်းလွင်ကျောင်းကုန်း အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သဲသဲမာက အဖွင့်အမှာစကားပြောကြား၍ ငဖဲမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုသိန်းက လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပရသည့်အကြောင်းရင်းများ၊ လူငယ်နှင့်စာဖတ်ခြင်းခေါင်းစဉ်ဖြင့် ကျောင်းသားလူငယ်များ စာဖတ်သည့်အလေ့အကျင့်ရရှိစေရန် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ အသိပညာဗဟုသုတတိုးပွားစေရန်အတွက် ကျောင်းစာသာမက သုတ/ရသ စာအုပ်စာစောင်များကို လေ့လာဖတ်ရှုကြရန်နှင့် စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို ပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားမှူး ဒေါ်နန်းသီတာထွေးက အားကစားနည်းအမျိုးအစားများ၊ လူငယ်နှင့်အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သိကောင်းစရာများကို ပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေး နံရံကပ်စာစောင်များကို ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မယု(ငဖဲ)**

# ပွင့်ဖြူမြို့နယ်၌ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်အခွင့်အရေးလိုင်စင် ရောင်းချပေးနိုင်ရေး ညှိနှိုင်းဆွေးနွေး

ပွင့်ဖြူ ဇန်နဝါရီ ၁၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်အတွက် တင်ဒါဈေးပြိုင်လေလံစနစ်ဖြင့်ရောင်းချမည့် အရပ်ရပ်အခွင့်အရေးလိုင်စင် ၅၀ ခုအား တင်ဒါလုပ်ငန်းရှင်များထံ အောင်မြင်စွာရောင်းချပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီလ ၁၇ ရက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်လေလံရောင်းချမှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလင်းလင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွှန့်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် တင်ဒါဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချပေးမည့် အရပ်ရပ်အခွင့်အရေးလိုင်စင်များနှင့် ပတ်သက်၍ ဝယ်ယူလုပ်ကိုင်လိုသူများ လိုက်နာရမည့် လိုင်စင်စည်းကမ်းချက်များနှင့် ရည်ညွှန်းဈေးနှုန်းသတ်မှတ်ထားရှိမှုများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် မြို့နယ် လေလံရောင်းချမှုကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် လေလံရောင်းချရေးအဖွဲ့ဝင်များက မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်အတွက် ရောင်းချပေးမည့် အရပ်ရပ်အခွင့်အရေးလိုင်စင် ၅၀ ခုနှင့်စပ်လျဉ်း၍ တင်ဒါလုပ်ငန်းရှင်များ အဆင်ပြေစွာဝယ်ယူနိုင်ရေးဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဝိုင်းဝန်းဆွေးနွေးတင်ပြကြရာ မြို့နယ်လေလံရောင်းချမှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါလိုင်စင် ၅၀ တွင် အမဲ၊ ဆိတ်၊ ဝက်လုပ်ငန်းလိုင်စင်၊ မြို့ပြနှင့် ကျေးလက်ဒေသ အခွန်အကောက်လုပ်ငန်းများဖြစ်သည့် ဈေးကောက်၊ စက်ဘီးရပ်နားအခွန်ကောက်၊ ရေလောင်းအိမ်သာ အခွန်ကောက် စသည့်လုပ်ငန်းလိုင်စင်တို့ ပါဝင်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ကျောင်းမှအပြန် ညနေခင်းတွင် အိမ်ရှေ့၌ထိုင်ကာ သူတစ်ပါးလွှတ်ကြသောစွန်များကို မော့၍သာကြည့်နေရ၏။ ကစားခွင့်မရချေ။ သို့ရာတွင် ကျွန်ုပ်၌ မိခင်၏ခွင့်ပြုချက်အရဝယ်ထားသည့် ရစ်လုံး၊ အပ်ချည်၊ လေတံခွန်တို့ကား အပြည့်အစုံရှိ၏။ ၎င်းတို့မှာ ဖခင်မရှိခိုက်တွင် ကစားရန်ဖြစ်၏။ တစ်ညနေ၌ ကျွန်ုပ်သည် ကျောင်းမှပြန်လာ၍ ဖခင်မရှိခိုက် လေတံခွန်ကိုထုတ်၍လွှတ်ရာ လေတံခွန်သည် ကောင်းကင်သို့ရောက်၍ လေဟုန်စီးနေခြင်းကို ကြည်နူးစွာမော့ကြည့်နေစဉ် နောက်မှ ကျောကို ဖြန်းခနဲချလိုက်ခြင်းကို သိလိုက်၏။ ကျွန်ုပ်ကား ဖခင်ဖြစ်သည်ဟု ချက်ချင်းသိသည်နှင့် လန့်ဖျပ်ခြင်းမရှိ။ လေတံခွန်ကိုသာပြန်၍ ရုပ်သိမ်း၏။ စိတ်ထဲ၌ 'ရိုက်စမ်းပါစေ' ဟု အောက်မေ့၍ ခပ်ဖြည်းဖြည်းပင် ရုပ်သိမ်းနေ၏။ ဖခင်သည် ကျွန်ုပ်၏ ခပ်တန်တန်ရှိသောအမူအရာကို ရိပ်မိ၍ နာနာကြီးရိုက်လေရာ ကျွန်ုပ်မှာ အလွန်နာကျင်သော်လည်း ကတိုက်ကရိုက်မသိမ်းဘဲ မှန်မှန်ကြီးသာ သိမ်းနေ၏။ ဤအခြင်းအရာကို မိခင်မြင်၍ ပြေးလာပြီးလျှင် ဖခင်အား စကားပြေပြော၍ ခေါ်သွားလေသည်။

## ထွက်ပြေးချင်စိတ်ပေါ်လာခြင်း

နောက် သုံးလေးရက်တွင် ကျွန်ုပ် ကျောင်းမှပြန်လာသောအခါ ဖခင်ရှိနေသဖြင့် စာအုပ်များကိုချ၍ ထုံးစံအတိုင်း ကောင်းကင်သို့ မော့ကြည့်နေ၏။ မကြာမီ ဖခင်လည်း အဝတ်များလဲ၍ ထွက်သွားသဖြင့် ကျွန်ုပ်လည်း ရစ်လုံးနှင့် လေတံခွန်ကို (ဝှက်ထားသောနေရာမှ) ထုတ်လာ၏။ လေတံခွန်ကို ကလေးတစ်ယောက်က ထိုးပေးသဖြင့် ခါးကိုကော့ကာ တုပ်လျက်ရှိစဉ် ဖခင်ပြန်လာ၍ ကျွန်ုပ်အား ရိုက်ပြန်၏။ သူ့ပါးစပ်ကလည်း 'နင့်လောက်များ ပါးလို့ဟယ်၊ ငါ တမင် ပြန်ကြည့်တာ၊ နင်ကစားမယ်ဆိုတာ ငါ သိတယ်'ဟု ပြော၏။

ဤတွင် ကျွန်ုပ်၏စိတ်ထဲ၌ ဘယ်ကဲ့သို့ ဖြစ်သွားသည်မသိ။ ရစ်လုံးရော လေတံခွန်ပါ ပေါက်ခွဲပစ်လိုက်ပြီး ထိုနေ့မှစ၍ လေတံခွန်မလွှတ်တော့ပေ။ သို့သော် အကောင်းမဟုတ်။ ဖခင်အပေါ်တွင် အလွန့်အလွန် မကျေနပ်သောစိတ် ဖြစ်ပေါ်လာသည်။ တော်လှန်ချင်သောစိတ်မျိုးကား မဟုတ်။ ထွက်ပြေးချင်သောစိတ် ဖြစ်လာခဲ့သည်။ ကျွန်ုပ်၏မိခင်သည် ဖခင်၏စေတနာလွန်ကဲခြင်းကို နားလည်၍ ကျွန်ုပ်အား ရံဖန်ရံခါ ကစားခွင့်ပေးဖို့ပြောရာ တစ်ခါတစ်ရံတွင် မိခင်အား မငြင်းလိုသဖြင့် ခွင့်ပြုခြင်းများရှိပါ၏။ သို့ရာတွင် များသောအားဖြင့်မူကား ငြိမ်ငြိမ်ထိုင်နေပြီး စာအံခြင်းသည် လူတိုင်းအဖို့ (ကလေးသူငယ်မကျန်) အကောင်းဆုံးဖြစ်သည်ဟု တထစ်ချမှတ်ယူထားလေသည်။

## ကစားမုန်းသော ဖခင်

ကျွန်ုပ်တို့နေထိုင်လျက်ရှိသော ဂုံတန်ရပ်ဆေးရိုးဝင်းထဲတွင် ကျွန်ုပ်နှင့် ရွယ်တူချင်းဖြစ်သည့် ယောကျ်ားကလေးနှင့် မိန်းကလေးငါးယောက်၊ ခြောက်ယောက်ရှိရာ မိန်းကလေးနှစ်ယောက်၊ သုံးယောက်တို့မှာ ဖခင်က (လောကီမှုရေးရာနှင့်ပတ်သက်၍) ဆရာတစ်ဆူကဲ့သို့ အလေးပြုသော ပုဂ္ဂိုလ်ကြီးတစ်ဦး၏သမီးများဖြစ်ကြ၏။ လသာသောညများတွင် ကျွန်ုပ်တို့ ယောကျ်ားကလေး၊ မိန်းကလေးများသည် (ဆယ့်သုံးလေးနှစ်အရွယ်များဖြစ်ကြ၍) ထုပ်ဆီးတမ်း၊ ဖန်တို့တမ်း၊ ဖန်ခုန်တမ်းစသည့် ထိုခေတ်က ကစားကြသောနည်းများအတိုင်း ကစားကြ၏။ အလွန်လည်း ပျော်ကြ၏။ ကျွန်ုပ်သည် ကျောင်းစာများကို ကျက်ပြီးသောအခါ ၎င်းတို့နှင့်အတူ ကစားချင်လှ၏။ သို့ရာတွင် ဖခင်၏ကစားမုန်းသော

> **"ပွဲလမ်းသဘင်နှင့်ပတ်သက်၍လည်း ကျွန်ုပ် ကျောင်းသားဘဝတွင် တစ်ကြိမ်တစ်ခါ ကြည်ဖြူစွာကြည့်ရဖူးသည်ဟု မမှတ်မိသလောက်ရှိပေရာ နှမကလေးမူကား တစ်ကြိမ်မျှပင် မကြည့်ဖူးကြောင်း ကျွန်ုပ်ကောင်းကောင်းသိ၏။ ဖခင်ကိုယ်တိုင်ကလည်း ၎င်း၏သမီးသည် တစ်ကြိမ်တစ်ခါမျှ ပွဲလမ်းသဘင်များသို့ သွားရဖူးခြင်းမရှိသည်ကို အသားယူ၍ပြောလေ့ရှိ၏။ ဖခင်သည် နဂိုကတည်းက တေးဂီတ၊ အဆိုအကနှင့်ကဗျာများကို အရသာခံတတ်သော နား (musical ear) ပါရှိသူမဟုတ်ရသည့်အထဲတွင် ဤအလုပ်မျိုးသည် အပါယ်သို့လားစေတတ်သည်ဟု မိရိုးဖလာအစဉ်အလာအရ ယူဆလာခဲ့သူဖြစ်၏။ . . ."**

ဝါသနာကြောင့် ရံဖန်ရံခါမျှသာ ကစားခွင့်ရ၏။ ထိုကဲ့သို့ အခွင့်ရခြင်းသည်ပင်လျှင် မိခင်၏အကူအညီကြောင့်ဖြစ်၏။ တစ်ခါတစ်ရံတွင် ကစားခွင့်ပြုထားသဖြင့် ကစားနေခိုက်အတွင်းမှာပင် ဧည့်သည်တစ်ယောက်ယောက်ရောက်လာ၍ (မြိတ်ဆရာတော် သင်ကြားထားခဲ့သည့်) 'လူဘယ့်နှယ်ရေးပ့ါမယ်'၊ 'ဘာကို လူခေါ်သလဲ' အစရှိသော မေးခွန်းများဖြင့် အမေးအဖြေပြုလုပ်ရန် ကျွန်ုပ်အား ခေါ်ယူလေ့ရှိလေသည်။ ဖခင်သည် ကျွန်ုပ်အား ပညာတတ်ခြင်းကို လိုလားရုံသာမကသေးဘဲ တတ်ခြင်းကိုလည်း လူသိအောင်ပြချင်တတ်သည့် ဝါသနာရှိသူဖြစ်လေသည်။ 'လူဘယ့်နှယ်ရေးပ့ါမယ်' အစရှိသော အမေးအဖြေများမှာ ငယ်ရွယ်စဉ်က 'ပွဲကျ'ခဲ့ဖူးသော်လည်း ခုနစ်တန်းကျောင်းသားတစ်ယောက်ဖြစ်၍ ဆယ့်လေးငါးနှစ်အရွယ်ရှိနေသော ကျွန်ုပ်အဖို့ရှက်တက်တက်ရှိမိပါတော့သည်။ ထိုအထဲတွင် ဧည့်သည်အား ကျွန်ုပ်တတ်ကြောင်း ပြလို၍ချည်းဟုတ်ပါလေ၏လော၊ ကျွန်ုပ်အား ကစားခွင်မှ ခေါ်ထုတ်ချင်သောကြောင့်ပေလောဟူသော တွေးတောမှု ဝင်လာတတ်သေးသည်ဖြစ်၍ ကျွန်ုပ်အဖို့ရာ၌ လွန်စွာပင်မကျေမနပ်ဖြစ်ခဲ့ရသည်။ ယောကျ်ားကလေးတစ်ယောက်ဖြစ်သည့် ကျွန်ုပ်အဖို့ ဤမျှလောက် ကတ်ကတ်သတ်သတ် ကျပ်ကျပ်တည်းတည်း ဆုံးမပဲ့ပြင်ပေးသည်ဆိုပါလျှင် ကျွန်ုပ်ထက်သုံးနှစ်မျှငယ်သည့် နှမလေးတစ်ယောက်အတွက်မူကား ပြောဖွယ်ရာမရှိတော့ချေ။ သူ့ထက်ကြီးသည့် မိန်းကလေးများ ပျော်ပျော်ကြီးကစားနေကြခြင်းကို ကိုယ့်အိမ်ပေါ်မှ မြင်ရခြင်း၊ ကြားရခြင်းမှတစ်ပါး ရောနှော ကစားခွင့်ရသည့် အကြိမ်ပေါင်းအလွန်နည်းလှ၏။ အိမ်၌ ဖခင်မရှိဘဲ ရပ်ဝေးသို့ သွားနေသည့်အခါမျိုးမှတစ်ပါး နှမကလေးမှာ ကစားခွင့်မရှိသောကြောင့် မိန်းကလေးဘဝတွင် ၁၀ ကြိမ်မျှပင် ကစားဖူးရှာပါလေ၏လောဟု ကျွန်ုပ် တွက်ချက်သနားမိပါသည်။

## ပွဲကြည့်ခြင်းကြောင့် ငရဲကြီးသတဲ့

ပွဲလမ်းသဘင်နှင့်ပတ်သက်၍လည်း ကျွန်ုပ် ကျောင်းသားဘဝတွင် တစ်ကြိမ်တစ်ခါ ကြည်ဖြူစွာကြည့်ရဖူးသည်ဟု မမှတ်မိသလောက်ရှိပေရာ နှမကလေးမူကား တစ်ကြိမ်မျှပင် မကြည့်ဖူးကြောင်း ကျွန်ုပ်ကောင်းကောင်းသိ၏။ ဖခင်ကိုယ်တိုင်ကလည်း ၎င်း၏သမီးသည် တစ်ကြိမ်တစ်ခါမျှ ပွဲလမ်းသဘင်များသို့ သွားရဖူးခြင်းမရှိသည်ကို အသားယူ၍ ပြောလေ့ရှိ၏။ ဖခင်သည် နဂိုကတည်းက တေးဂီတ၊ အဆိုအကနှင့် ကဗျာများကို အရသာခံတတ်သော နား (musical ear) ပါရှိသူ မဟုတ်ရသည့်အထဲတွင် ဤအလုပ်မျိုးသည် အပါယ်သို့လားစေတတ်သည်ဟု မိရိုးဖလာအစဉ်အလာအရ ယူဆလာခဲ့သူဖြစ်၏။ မိခင်ကမူ နန်းတွင်းသူဖြစ်၍ သီပေါဘုရင်လက်ထက်၌ ညစဉ်ညတိုင်း ပွဲကြည့်ခဲ့ရဖူးသည့်အပြင် ဂီတနားမျိုးလည်း ရှိသူဖြစ်၍ ၎င်းတို့နှစ်ဦးညားခါစအချိန်က ပွဲကြည့်သင့်၊ မကြည့်သင့် ကိစ္စအတွက် တကျက်ကျက်ဖြစ်ခဲ့ကြသည်ဆို၏။ သို့ရာတွင် ဖခင်က လျှော့ပေးရသည်သာများခဲ့၏။ နောက်ပိုင်း၌မူ မြိတ်ဆရာတော်၏ကျင့်စဉ်အရ လိုက်နာကျင့်ကြံရာတွင် မိခင်သည် ပွဲကြည့်ခြင်းကြောင့် ငရဲကြီးသည်ဟု မယူဆသော်လည်း တရားအလုပ်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်ဆိုကာ လုံးဝပွဲဖြတ်လိုက်လေတော့သည်။ ကျွန်ုပ်တို့ မောင်နှမ၏ကံဆိုးခြင်းမှာ ထိုအချိန်တွင်မှ လူလားမြောက်လာရကြခြင်းပင်ဖြစ်သည်။ ကျွန်ုပ်အဖို့မှာ ပွဲလမ်းသဘင်များကို တစ်ကြိမ်တစ်ခါမျှ ကြည်ဖြူစွာမကြည့်ရဟု အထက်တွင်ရေးသားခဲ့ရာ ကြည်ဖြူစွာဟူသော စကားလုံးကို တမင်သုံးနှုန်းလိုက်ခြင်းဖြစ်၏။ အဓိပ္ပာယ်မှာ မိဘများ၏ ခွင့်ပြုချက်အရ မကြည့်ရဖူးသော်လည်း တိတ်တိတ်ခိုးကြည့်သော အကြိမ်များမူကား အနည်းငယ်ရှိပါသည်။

## ပွဲခိုးကြည့်ရခြင်း

ပွဲခိုးကြည့်မှုနှင့်ပတ်သက်၍ ကျွန်ုပ် အရိုက်ခံရပုံကို မှတ်မိသေး၏။ ကျွန်ုပ်တို့၏နေအိမ်တွင် မိဘများသည် အပေါ်ထပ်၌အိပ်၍ ကျွန်ုပ်နှင့် မောင်ပုမှာ အောက်ထပ်တွင် အိပ်ကြ၏။ (မောင်ပုမှာ ၎င်း၏မိခင်၊ ဖခင်တို့ ကွယ်လွန်ပြီဖြစ်၍ ကျွန်ုပ်တို့နှင့် အတူနေ၏။) တခြားအလုပ်သမားနှစ်ယောက်၊ သုံးယောက်တို့လည်း အောက်ထပ်တွင်အိပ်ကြ၏။ တစ်ညသ၌ ကျွန်ုပ်တို့နေအိမ်နှင့် နှစ်ပြခြားသော ရပ်ကွက်တွင် ဆရာပုနှင့် ကိုဘကျော့တို့၏ ရုပ်သေးပွဲရှိလေရာ ကျွန်ုပ်တို့ ညီအစ်ကိုနှင့် အလုပ်သမားများသည် ညနေစောင်းကတည်းက ထိုညတွင် ပွဲကြည့်ကြဖို့ တိုင်ပင်ထားကြ၏။ (ဖခင်၏ဝါဒမှာ ကိုယ့်အိမ်၌နေသော အလုပ်သမားများအား ချုပ်ချယ်ခြင်းမရှိသော်လည်း ကျွန်ုပ်တို့အိမ်၌နေသော အလုပ်သမားများကိုမူ သူ့ဆန္ဒအတိုင်းလိုက်နာစေလို၏။ အတူနေ အလုပ်သမားများသည် ဖခင်၏သဘောကိုသိကြသည်နှင့် ပွဲကြည့်ဖို့ ခွင့်မတောင်းဝံ့ကြချေ။) ထိုည၌ ဖခင်တို့ အိပ်ကြသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်တို့ညီအစ်ကိုနှင့် အလုပ်သမားသုံးယောက်တို့သည် ဖိနပ်ကိရိယာများဖြစ်သည့် ခုံ၊ သားရေ၊ သဲကြိုး၊ ဖဝါး စသောပစ္စည်းများကို အိပ်ရာများပေါ်တွင် စီခင်းထား၍ အပေါ်ယံ၌ စောင်ခြုံပေးပြီးလျှင် ဆရာပု၏ ရုပ်သေးပွဲသို့သွားကြလေ၏။ ဆရာပုနှင့် ကိုဘကျော့တို့ကလည်း နားဝင်စိမ့်လောက်အောင် ကောင်းကြပါပေသည်။ ကိုဘကျော့သည် ဆရာပုနှင့် ခွဲခွာ၍ စင်ပြိုင်ထောင်မည့် အကြံရှိသည်ကို ဆရာပုက ရိပ်မိ၍ 'ကျော့ဖေလင်၊ မနေတမင်သွား၊ အမေ လင်များရချေဦးတော့မယ်' ဟူသော တေးချင်းဖြင့် မင်းသားကိုဘကျော့အား 'ခနဲ့'လေရာ ပရိသတ်ကလည်း လက်ခုပ်တဖြောင်းဖြောင်းဖြင့် ဩဘာပေးကြလေသည်။

ဆက်လက်ဖော်ပြပါမည်။

# ယခုဘဏ္ဍာနှစ် ကိုးလတာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန် ငါးမက်ထရစ်တန် နှစ်သိန်းရှစ်သောင်းကျော် တင်ပို့နိုင်

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာနိုင်ငံမှ ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများတင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလကုန်အထိ ကိုးလတာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန် ငါးမက်ထရစ်တန် နှစ်သိန်းရှစ်သောင်းကျော် တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

"ဒီဘဏ္ဍာနှစ် ဧပြီလ ၁ ရက်ကနေ ဒီဇင်ဘာလ ၃၁ ရက်အထိ ကိုးလတာကာလအတွင်း ပြည်ပကို ငါးတင်ပို့မှုအနေနဲ့ မက်ထရစ်တန် ၂၈၂၁၄၁ ဒသမ ဝ၃၁ တန်တင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၃ဝ၂ ဒသမ ၁၈၁ သန်းရရှိခဲ့ပါတယ်" ဟု ၎င်းကပြောသည်။

ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်အထိ ကိုးလတာကာလအတွင်း ပြည်ပသို့ ငါးတင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်မှုမှ မက်ထရစ်တန် ၁၂၉၁၈၆ ဒသမ ၂၇၂ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၇၃ ဒသမ ၃၇၇ သန်းရရှိခဲ့ကြောင်း၊ နယ်စပ်ကုန်သွယ်မှုမှ မက်ထရစ်တန် ၁၅၂၉၅၄ ဒသမ ၇၅၉ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၂၈ ဒသမ ၈ဝ၄ သန်းရရှိသည့်အတွက် စုစုပေါင်းမက်ထရစ်တန် ၂၈၂၁၄၁ ဒသမ ဝ၃၁ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၃ဝ၂ ဒသမ ၁၈၁ သန်းရရှိကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ် ကိုးလတာကာလအတွင်း ပြည်ပသို့ငါးတင်ပို့မှုသည် ယခင်ဘဏ္ဍာနှစ် ကာလတူနှင့်နှိုင်းယှဉ်ပါက မက်ထရစ်တန် ၅၈၆၆ဝ ဒသမ ၃၄၇ တန် ပိုမိုတင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၈၅၈ သန်းပိုမိုရရှိထားကြောင်း၊ မြန်မာနိုင်ငံမှ ပုစွန်အပါအဝင် ငါး စသည့် ရေထွက်ကုန်များကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဂျပန်နိုင်ငံ စသည့်နိုင်ငံပေါင်း ၄ဝ ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့လျက်ရှိကြောင်း သိရသည်။

စောယု

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## ဖွဲနုဆီစက်များ တည်ဆောက်လည်ပတ်ရာတွင် လိုက်နာဆောင်ရွက်ရမည့်ကျင့်စဉ်များနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၇

ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေး စံချိန်စံညွှန်းပြည့်မီသည့် ဖွဲနုဆီများ စနစ်တကျထုတ်လုပ်ရောင်းချနိုင်ရေးအတွက် ဖွဲနုဆီစက်များ တည်ဆောက်လည်ပတ်ရာတွင် လိုက်နာဆောင်ရွက်ရမည့်ကျင့်စဉ်များ (Code of Practice for Construction and Operation of Rice Bran Oil Mill)နှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံး၌ကျင်းပသည်။





အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယက စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် အွန်လိုင်းမှတစ်ဆင့် တက်ရောက်ပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံး၌ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ ဓာတုအင်ဂျင်နီယာလုပ်ငန်းအဖွဲ့၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံစက်မှု ကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း၊ အစာအာဟာရဆိုင်ရာသိပ္ပံနှင့် နည်းပညာအသင်းတို့မှ တာဝန်ရှိသူများ၊ ဖွဲနုဆီစက်များ တည်ထောင်ဆောင်ရွက်နေသည့်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဖွဲနုဆီစက်များသည် ယခင်က ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် တည်ရှိခဲ့ပြီး နိုင်ငံပိုင်စက်ရုံများဖြစ်သောကြောင့် စက်မှုမှတ်ပုံတင်ပြုလုပ်ရန်မလိုဘဲ သက်ဆိုင်ရာဝန်ကြီးဌာနက ခန့်အပ်ထားသော အင်ဂျင်နီယာများဖြင့် ကြီးကြပ်လည်ပတ်ဆောင်ရွက်ခဲ့ကြောင်း၊ ထိုစက်ရုံများကို စက်မှုဝန်ကြီးဌာနအနေဖြင့် ဘွိုင်လာစစ်ဆေးခြင်း၊ လျှပ်စစ်စစ်ဆေးခြင်းများသာ ဆောင်ရွက်ခဲ့ကြောင်း။

ဖွဲနုဆီထုတ်လုပ်မှု နည်းစဉ်အရ ဘေးအန္တရာယ်ရှိသော ဓာတုပစ္စည်းများ သုံးစွဲရခြင်းကြောင့် မီးလောင်ပေါက်ကွဲမှုများဖြစ်ပေါ်နိုင်ကြောင်း၊ ထို့ကြောင့် ဘေးအန္တရာယ်ကင်းရှင်းစွာ လည်ပတ်ဆောင်ရွက်နိုင်စေရန်အတွက် အသစ်တည်ဆောက်မည့် ဖွဲနုဆီစက်များနှင့် ဆီသန့်စက်ရုံများအား တတ်သိနားလည်ကျွမ်းကျင်သူများဖြင့် တည်ဆောက်ကြရန်လိုအပ်ကြောင်း၊ စက်ရုံတည်ဆောက်ရာတွင် အင်ဂျင်နီယာကောင်စီမှလည်း နည်းပညာဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ သို့မှသာ အများပြည်သူဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်သားများ လုံခြုံဘေးကင်းရေးတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ကုန်ထုတ်လုပ်မှု ရေရှည်တိုးတက်လာမည်ဖြစ်ကြောင်း။

ယခုအခါ အသစ်တည်ဆောက်မည့် ဖွဲနုဆီစက်၊ စားသုံးဆီသန့်စင်စက်ရုံများနှင့် ပတ်သက်၍ စီမံကိန်းအတည်ပြုချက်ရရှိရန်တင်ပြသည့်အခါ ဆက်စပ်ဘာသာရပ်ဖြစ်သည့်ဓာတုအင်ဂျင်နီယာများမှ အတည်ပြုပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယကနှင့်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ ဓာတုအင်ဂျင်နီယာလုပ်ငန်းအဖွဲ့မှ ဖွဲနုဆီစက်များ တည်ဆောက်လည်ပတ်ရာတွင် လိုက်နာဆောင်ရွက်ရမည့် ကျင့်စဉ်များရေးဆွဲရေးအဖွဲ့ခေါင်းဆောင်က မြန်မာနိုင်ငံတွင် ဖွဲနုဆီစက်များ တည်ဆောက်လည်ပတ်ရာတွင် လိုက်နာဆောင်ရွက်ရမည့်ကျင့်စဉ်များ သတ်မှတ်ထုတ်ပြန်နိုင်ရေးအတွက် ရေးဆွဲထားရှိမှုအခြေအနေကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက ဖွဲနုဆီစက် တည်ဆောက်လည်ပတ်ရာတွင် လိုက်နာဆောင်ရွက်ရမည့်ကျင့်စဉ်များတွင် ပါဝင်သင့်သည့်အချက်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ (၅၀၀)

## တောင်ကြီးမြို့နယ်၌ အရုဏ်သစ်စာကြည့်တိုက်ဖွင့်လှစ်

တောင်ကြီး ဇန်နဝါရီ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ဘုရားငါးဆူကျေးရွာ၌ ဇန်နဝါရီလ ၁၆ ရက် နံနက် ၈ နာရီတွင် (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အရုဏ်သစ်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ အရုဏ်သစ်စာကြည့်တိုက်အား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ဝင်စီးပွားရေးရာဝန်ကြီးက ကျေးလက်ဒေသတွင်နေထိုင်ကြသည့် ပြည်သူများအနေဖြင့် အသိပညာဗဟုသုတများကို လက်လှမ်းတမီ လွယ်ကူစွာဖတ်ရှုလေ့လာနိုင်စေရေး၊ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရေးတို့အတွက် ယခုကဲ့သို့ကျေးရွာစာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ပေးနေခြင်းဖြစ်ကြောင်းပြောကြားပြီး စာကြည့်တိုက်အတွက် အလှူငွေများပေးအပ်လှူဒါန်းကာ စာကြည့်တိုက်အဆောက်အအုံမှတ်တမ်းအား မြို့နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ အရုဏ်သစ်စာကြည့်တိုက်အတွက် စာအုပ်စာစောင်နှင့်အလှူငွေများပေးအပ်လှူဒါန်းရာ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံက လက်ခံရယူသည်။

အဆိုပါ အရုဏ်သစ်စာကြည့်တိုက်ကို မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ၏ ပံ့ပိုးငွေကျပ် သိန်း ၁၅၀ အပြင် ဒေသခံပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (၄၀၅)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၃˚c | / | ၃၂˚c |
| ရန်ကုန် | ၁၇˚c | / | ၃၃˚c |
| မန္တလေး | ၁၆˚c | / | ၃၁˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး လဟယ်မြို့ရှိ ဌာနဆိုင်ရာများ၊ နာဂရိုးရာ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များနှင့် ခန္တီးမြို့ရှိဌာနဆိုင်ရာများအားတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၇

လဟယ်မြို့တွင်ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီလ ၁၆ ရက်နေ့နံနက်ပိုင်းတွင် လဟယ်မြို့ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို) ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ တောင်တန်းသာသနာပြုဗဟိုခေါင်းဆောင် မြို့နယ်သံဃနာယကအကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တသုမနအား ဖူးမြော်ကြည်ညိုကာ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။ ထို့အတူ လဟယ်မြို့ နှစ်ခြင်းခရစ်ယာန်အသင်းသို့သွားရောက်ခဲ့ပြီး သိက္ခာတော်ရ ဆရာတော်ဦးအထွန်းနှင့် တာဝန်ရှိသူများအားတွေ့ဆုံခဲ့၍ စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် နာဂယဉ်ကျေးမှုပြတိုက်ခန်းမ၌ လဟယ်မြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ နာဂရိုးရာ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးထွန်းထွန်းဝင်းက နာဂဒေသ၏အုပ်ချုပ်ရေး၊စီးပွားရေး၊ လူမှုရေးနှင့် စီမံကိန်းလုပ်ငန်းများဆိုင်ရာ အခြေအနေများကိုလည်းကောင်း၊ နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှုကော်မတီများမှ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးစေလိုမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်မှ လိုအပ်သည်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြမှုများအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဒေသအဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများသို့ လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ရာတာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲတက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် လဟယ်မြို့မှ ခန္တီးမြို့သို့ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် ရောက်ရှိခဲ့ပြီး ခန္တီးမြို့၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ခရိုင်အဆင့်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအားတွေ့ဆုံခဲ့ရာတွင် ခန္တီးခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးမှ အုပ်ချုပ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဒေသဆိုင်ရာအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှုကော်မတီ၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီတို့မှ ဆောင်ရွက်ပေးစေလိုသည်များကို တင်ပြခဲ့ကြသည်။

ဆက်လက်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်မှ လိုအပ်သည်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြမှုများအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများသို့ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့်အတူ နယ်မြေခံတပ်နယ်ခန်းမသို့ သွားရောက်၍ တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအားတွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။ တွေ့ဆုံပွဲအပြီးတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တက်ရောက်လာသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး လဟယ်မြို့ရှိ ဌာနဆိုင်ရာများ၊ နာဂရိုးရာ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေးပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက်စားသောက်ဖွယ်ရာများပေးအပ်စဉ်။

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး

ပင်လောင်း ဇန်နဝါရီ ၁၇

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယမန်နေ့က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်မြသင်းဆွေနှင့်တာဝန်ရှိသူများသည်ယခုဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၁၃၄ ဒသမ ၈၂၄ သန်းဖြင့် ပင်လောင်းမြို့နယ် ဆောင်း ပေါင်-ထီရွှေး-ထီရယ်-ပေါ့ယား-ကျောင်းနား-ကျောက်ဆောင်-လယ်ကြား-မွေတော်-လုံးပိုးလမ်းကို ကတ္တရာလမ်းအဖြစ်အဆင့်မြှင့်တင်မှုဖြစ်သည့် အရှည် ၃ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၁ ပေ ၃ လက်မရှိ ကတ္တရာလမ်းခင်းခြင်းကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့ပြင် ယခုဘဏ္ဍာရေးနှစ်ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၈၂ ဒသမ ၈၂၉ သန်းဖြင့် ပင်လောင်းမြို့နယ် ထီရွှေး-မြင်းသောင်းလမ်း အရှည် ၃ ဖာလုံ၊ အကျယ် ၁၆ ပေ၊ ထု ၉ လက်မရှိ ကျောက်ချောခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ ချမ်းမြေ့

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်စဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦး၏ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်စဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် ဆေးကုသမှုခံယူနေသူတစ်ဦး၏ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ရာဇာထွန်း ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကိုမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်စဉ်။

နေပြည်တော် ဇန်နဝါရီ ၁၇

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိတပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) တို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစင်္ကြံစီမံကိန်း၏ စစ်တွေဆိပ်ကမ်းသို့ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံသံအမတ်ကြီး သွားရောက်ကြည့်ရှု

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး Abhay Thakur၊ India Ports Global Ltd (IPGL)၏ မန်နေးဂျင်းဒါရိုက်တာ Shri Sunil Mukundan နှင့် အိန္ဒိယနိုင်ငံသံရုံး၊ ရန်ကုန်မြို့ နှင့် အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး၊ စစ်တွေမြို့တို့မှ တာဝန်ရှိသူများသည် ဇန်နဝါရီလ ၁၆ ရက်မှ ၁၇ ရက်အထိ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သွားရောက်ကြသည်။

ခရီးစဉ်တွင် အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီအထောက်အပံ့ဖြင့် ဆောင်ရွက်သော ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစင်္ကြံ (KMMTTC) စီမံကိန်း၏ စစ်တွေဆိပ်ကမ်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။ စစ်တွေဆိပ်ကမ်းသည် ၂၀၂၃ ခုနှစ် မေလတွင် စတင်ဖွင့်လှစ်ပြီးချိန်မှစ၍ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးသုံးကုန်ပစ္စည်းများ၊ ဆေးဝါးများ၊ စက်သုံးဆီ၊ မော်တော်ယာဉ်များ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများနှင့်စက်ယန္တရားများ တင်ဆောင် လာသည့် သင်္ဘောအစင်းရေ ၁၅၀ ကျော် ဆိုက်ကပ်ကာ ကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် သွားရောက်တွေ့ဆုံ၍ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းများ၊ ရခိုင်ပြည်နယ်ရှိ ပြည်သူများအား အကျိုးပြုရန်အတွက် ဒေသ၏ လိုအပ်ချက်နှင့် ဦးစားပေးမှုများနှင့်အညီ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ဖြင့် စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် လူသားချင်း စာနာထောက်ထားမှု အကူအညီများဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

လာမည့်နှစ်များတွင် အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးစီမံကိန်းဖြစ်သော စစ်တွေဆိပ်ကမ်းသည် ကမ်းရိုးတန်းဒေသတွင်းနှင့် နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်မှုတို့တွင် ပိုမိုအားကောင်းလာပြီး အထောက်အကူပြုမည်ဖြစ်ကြောင်းနှင့် ခရီးသွားလာရေးအပြင် အထူးသဖြင့် ရှေးပဝေသဏီကတည်းကရှိခဲ့သောပြည်သူအချင်းချင်းကြား ဆက်နွယ်မှုအရ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုး



တိုးတက်လာမည်ဖြစ်ကြောင်း နှစ်ဖက်စလုံးကသဘောတူညီကြသည်၊ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစင်္ကြံ (KMMTTC) စီမံကိန်း၏အကျိုးရှိမှုများကို အပြည့်အဝအသုံးချနိုင်ရန်အတွက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးသို့ အမြန်ဆုံး ပြန်လည်ရောက်ရှိရေးသည် အရေးကြီးကြောင်း သံအမတ်ကြီးက ပြောကြားခဲ့သည်။

ထို့နောက် စစ်တွေမြို့ရှိ Sri Sri Moha Dev Bari ဘုရားကျောင်းသို့ သွားရောက်ခဲ့ပြီး အိန္ဒိယနွယ်ဖွားအသိုက်အဝန်းမှ အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ အိန္ဒိယနွယ်ဖွားများအတွက် ကောင်စစ်ဆိုင်ရာ ဝန်ဆောင်မှုများအကြောင်းနှင့် အိန္ဒိယနှင့် ၎င်းတို့၏ ဆက်သွယ်ဆောင်ရွက်မှုများ အားကောင်းလာစေရန်အတွက် ပံ့ပိုးကူညီမှုဆိုင်ရာ ကိစ္စရပ်များကို ပြောကြားခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၁၇

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ ပေမှ ၈ ပေခန့်ရှိနိုင်သည်။

(မိုး/ဇလ)

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

နေပြည်တော် ဇန်နဝါရီ ၁၇

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

(မိုး/ဇလ)

# ခြေဖျားထောက်ပြီး လမ်းလျှောက်ခြင်း၏အကျိုး

ကြည်လွင်မြင့်(မုဒြာ)

ကျန်းမာရေးအတွက် လေ့ကျင့်ခန်း ပြုလုပ်ရာတွင် အသက်အရွယ်အလိုက် သင့်လျော်သည့်လေ့ကျင့်ခန်းမျိုးပြုလုပ်ရန် လိုအပ်သည်။ ကျန်းမာရေးအတွက် ပြုလုပ်ကြသော လေ့ကျင့်ခန်းအမျိုးမျိုးတွင် သုတေသီတို့၏အဆိုအရ အပြေးလျှောက်လေ့ကျင့်ခန်းသည် အကောင်းဆုံး၊ စက်ဘီးစီးခြင်းသည် ဒုတိယနှင့် လမ်းလျှောက်ခြင်းသည် တတိယအကောင်းဆုံးဖြစ်သည်ဟုဆိုသည်။

**"ခြေဖျားထောက်ရပ်သောအခါ ခြေမ၊ ခြေညှိုး၊ ခြေလယ်၊ ခြေသူကြွယ်၊ ခြေသန်းလေးများအောက်ရှိ နှိပ်မှုထိတွေ့နိုင်သော အကြောဆုံမှတ်ကလေးများကို ဖိအားသက်ရောက်စေနိုင်သည်။ မိမိခန္ဓာကိုယ်အပေါ်ပိုင်းမှဖိအားသည် ဆုံမှတ်ကလေးများကို ထိတွေ့သောအခါ ခြေမအောက်အကြောဆုံမှတ်တွင် ဖိမိသော အားသက်ရောက်မှုကြောင့် မျက်စိကို အကျိုးသက်ရောက်စေသည်။ မျက်စိမှုန်ဘီလူးအားနည်းခြင်း၊ အတွင်းတိမ်ရောဂါ၊ မျက်လုံးအိမ်တွင်း ရေဖိအားလျော့ခြင်း၊ မျက်ရိုးကိုက်ခြင်း၊ မျက်ရည်အိတ်ပိတ်ခြင်း၊ မျက်စိသွေးကြောများ နီရဲခြင်း၊ ရောင်ခြင်းတို့ကို သက်သာစေနိုင်သည်. . ."**

အပြေးလျှောက်ခြင်းသည် ရိုးရိုးလမ်းလျှောက်ခြင်းထက် ပို၍သက်လုံကောင်းကာ အမောခံနိုင်သည်ဟုဆိုသည်။ ညနေဘက်ပြေးလျှင် ကြွက်သားများပြေလျော့ပြီး စားကောင်းကာ အိပ်ပျော်စေနိုင်သည်ဟု လက်တွေ့အပြေးလျှောက်လေ့ကျင့်နေသူတစ်ဦးကပြောသည်။ အပြေးလျှောက်ခြင်းသည် ဝမ်းချုပ်ခြင်းကိုလည်း သက်သာပျောက်ကင်းစေနိုင်သည်။

လမ်းလျှောက်သူများ၊ အပြေးလျှောက်လေ့ကျင့်သူများ တစ်ခါတစ်ရံ အခက်အခဲတွေ့ရတတ်သည်။ အထူးသဖြင့် တခြားတစ်မြို့တစ်ရွာရောက်သောအခါ ပြေးစရာ၊ လျှောက်စရာ မြေကျယ်ကျယ်မရှိခြင်း၊ မြစ်၊ ချောင်း၊ အင်း၊ အိုင် ပေါများပြီး ရွှံ့ညွှန်ထူထပ်သောအရပ်တွင်ရောက်ရှိနေသဖြင့် မိမိနေ့စဉ်ပြုလုပ်နေကျ လေ့ကျင့်ခန်းကို မလုပ်နိုင်ခြင်းတို့ဖြစ်နိုင်သည်။

ထိုအခါမျိုးတွင် ပြုလုပ်နိုင်မည့် ထိရောက်သော လေ့ကျင့်ခန်းတစ်မျိုးကို ရေးသားတင်ပြလိုပါသည်။ မြေနေရာ အကျယ်အဝန်းများစွာမလိုအပ်ဘဲ အခန်းတစ်ခန်း၊ ပြတင်းပေါက်တစ်ပေါက်ရှိနေလျှင် ဤလေ့ကျင့်ခန်းကို လုပ်ဆောင်နိုင်ပါသည်။

### ခြေဖျားထောက်လေ့ကျင့်ခန်း

လူတို့၏ခြေဖဝါးတွင် ခန္ဓာကိုယ်အတွင်းကလီစာများနှင့်ဆက်နွှယ်နေသော အရေးပါသည့် နှိပ်ကွက်များရှိသည်။ ရိုးရာအကြောပြင်နှိပ်ကွက်များတွင် ပထဝီဓာတ်နှင့်ဆိုင်သော အကြောကြီးနှစ်ချောင်းသည် ခြေဖဝါးအလယ်နှင့် ခြေဖဝါးဘေးစောင်းတွင်ရှိနေကြသည်။ ခြေဖဝါးအတွင်းခွက်နေသောနေရာ၌ နှိပ်ကြည့်ပါ။ တင်းနေသောအကြောသည် အတွင်းပထဝီကြောဟုခေါ်သည်။ သက်စောင့်ကြောဖြစ်သည်။ ကြွက်တက်လျှင် ထိုအကြောကိုနှိပ်လျှင် ပြန်ကျပြီးသက်သာစေနိုင်သည်။ ခြေဖဝါးပထဝီကြောစမ်း၍ မရတော့လျှင် သေဆုံးချိန်နီးသောလူနာဖြစ်သည်ဟုဆိုသည်။

အပြင်ပထဝီကြောသည် ခြေဖဝါးဘေးစောင်းအတွင်းဘက်တွင်ရှိသည်။ နှိပ်လျှင်နာသည်။ အကြောပြေစေရန်၊ အညောင်းအညာသက်သာစေရန် အနှိပ်သည်များက ထိုအကြောကို နှိပ်ပေးလေ့ရှိသည်။ ထိုအပြင်ပထဝီကြောသည်လည်း သက်စောင့်ကြောဖြစ်သည်။ အတက်ရောဂါရှိသူများနှင့် ကလေးများ ကိုယ်ပူကြီး၍ အတွင်းတက်တက်လျှင် အပြင်ပထဝီကြောရှိသည့် ခြေဖဝါးစောင်းကို နှိပ်ပေးလျှင် အတက်ကျစေနိုင်သည်။

ခြေဖဝါးပထဝီကြောနှစ်ကြောကို မနှိပ်ဘဲ နှိပ်သကဲ့သို့ ပြေလျော့စေနိုင်သော လေ့ကျင့်ခန်းမှာ ခြေဖဝါးထောက်ခြင်း သို့မဟုတ် ခြေဖျားထောက်ခြင်းလေ့ကျင့်ခန်းဖြစ်သည်။

မတ်တတ်ရပ်ပြီး ခြေဖျားထိပ်ကလေးများပေါ်တွင် အားပြုကြည့်ပါ။ ခြေသလုံးကြွက်သားများကို အားယူထားရသဖြင့် ကြာကြာမရပ်နိုင်ကြောင်း တွေ့ရမည်ဖြစ်သည်။ ကြာကြာရပ်နိုင်စေရန် ကျင့်သားမရမီ အကူအညီလိုအပ်ပါသည်။ ပြတင်းပေါက်တစ်ခုတွင် ရပ်ပါ။ တံခါးဘောင်တစ်ဖက်တစ်ချက်တွင် လက်ကိုင်ထား၊ အားပြုထားပြီးမှ မတ်တတ်အနေအထားဖြင့် ခြေဖျားထောက်ကြည့်ပါ။ ကြာကြာမရပ်နိုင်လျှင် ခြေဖဝါးပြန်ချပါ။ ထို့နောက် တစ်ကြိမ်ထပ်ပြီး ခြေဖျားထောက်ပြီး ရပ်ပါ။ ခြေချောင်းလေးများပေါ်တွင် ခန္ဓာကိုယ်အလေးချိန်အားလုံး ရောက်ရှိနေကြောင်း စိတ်ကသိအောင် အာရုံပြုထားပြီးရပ်ပါ။ ကြိုးစားပြီးရပ်ပါ။ ပထမပိုင်း မခံနိုင်သော်လည်း နောက်ပိုင်းတွင် ကြာကြာရပ်နိုင်လာပြီး ကြွက်သားများ တင်းရာမှ ပြေလျော့လာပါလိမ့်မည်။

ခြေဖျားထောက်ရပ်မည့် နေရာသည် ညီညာဖို့လိုသည်။ ပျော့အိသောနေရာတွင် ရပ်လျှင် မထိရောက်ပါ။ မြေမာ၊ ပြတင်းပေါက်ကြမ်းပြင် သို့မဟုတ် သမံတလင်း စသည့်အောက်ခံမာကျောသော နေရာ၌ ခြေဖျားထောက်ရပ်ခြင်းက အကြောများကို ပို၍ထိရောက်စေနိုင်သည်။

### ခြေဖျားထောက်ရပ်ခြင်း၏ အကျိုးကျေးဇူးများ

ခြေဖျားထောက်ရပ်သောအခါ ခြေမ၊ ခြေညှိုး၊ ခြေလယ်၊ ခြေသူကြွယ်၊ ခြေသန်းလေးများအောက်ရှိ နှိပ်မှုထိတွေ့နိုင်သော အကြောဆုံမှတ်ကလေးများကို ဖိအားသက်ရောက်စေနိုင်သည်။ မိမိခန္ဓာကိုယ်အပေါ်ပိုင်းမှဖိအားသည် ဆုံမှတ်ကလေးများကို ထိတွေ့သောအခါ ခြေမအောက်အကြောဆုံမှတ်တွင် ဖိမိသော အားသက်ရောက်မှုကြောင့် မျက်စိကို အကျိုးသက်ရောက်စေသည်။ မျက်စိမှုန်ဘီလူးအားနည်းခြင်း၊ အတွင်းတိမ်ရောဂါ၊ မျက်လုံးအိမ်တွင်း ရေဖိအားလျော့ခြင်း၊ မျက်ရိုးကိုက်ခြင်း၊ မျက်ရည်အိတ်ပိတ်ခြင်း၊ မျက်စိသွေးကြောများ နီရဲခြင်း၊ ရောင်ခြင်းတို့ကို သက်သာစေနိုင်သည်။

ခြေညှိုးအောက် ဆုံမှတ်အကြောဆုံကို ဖိမိသော သက်ရောက်မှုကြောင့် ကျောက်ကပ်ကိုအားကောင်းစေနိုင်သည်။ ဆီးပူဆီးအောင့်ရောဂါ၊ ဆီးနီဆီးပူရောဂါနှင့် အဝေးပြေးကားမောင်းသမားများတွင် တွေ့ရသော ဆီးပူညောင်းကျရောဂါ စွဲနေသူတစ်ဦးမှာ ကားရပ်နားချိန်တွင် ခြေဖျားထောက်ရပ်သော လေ့ကျင့်ခန်းကို ၁၅ မိနစ်ခန့် စွဲစွဲမြဲမြဲပြုလုပ်ပေးရုံဖြင့် သက်သာနိုင်ကြောင်း သိရသည်။

အမျိုးသမီးများတွင် ဖြစ်လေ့ရှိသော မီးယပ်အဖြူဆင်းရောဂါကိုလည်း ခြေဖျားထောက်လေ့ကျင့်ခန်းပြုလုပ်ပေးခြင်းဖြင့် သက်သာစေနိုင်သည်။

ခြေခလယ်အောက်ရှိ အကြောဆုံမှတ်ကို ကိုယ်ပေါ်မှဝိတ်အားဖြင့် ဖိမိခြင်းကြောင့် ထူးခြားသောအကျိုးမှာ အစာကြေခြင်း၊ အစာအိမ်နာရောဂါနှင့် အူသိမ်အူနာရောဂါများကို သက်သာစေသည့်အပြင် အစာမကြေမှု၏ နောက်ဆက်တွဲဖြစ်သည့် ဝမ်းချုပ်ခြင်း၊ ဝမ်းစေး၊ ဝမ်းမည်း၊ ဝမ်းအကျိအချွဲသွားခြင်းများကိုပါ သက်သာစေသည်။ အလွန်အမင်းစားမိ၍ စားပိုးနင့်သူသည် ထိုင်မနေဘဲ ခေတ္တမျှ လမ်းလျှောက်ပြီးနောက် ခြေဖျားထောက်ရပ်ပြုလုပ်ခြင်းဖြင့် အစာကြေပြီး စားပိုးနင့်ခြင်းကို သက်သာစေနိုင်သည်။ အစာအိမ်အားနည်းသူသည် နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ခြေဖျားထောက်ရပ် လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် အစာအိမ်ရောဂါဖြစ်ခြင်းမှ ကင်းဝေးစေနိုင်သည်။

ခြေသူကြွယ်အောက်ရှိအကြောဆုံမှတ်ကို ဖိနှိပ်မိခြင်းကြောင့် သည်းခြေအားကောင်းစေနိုင်သည်။ အသည်းနှင့်ကပ်လျက်ရှိသော သည်းခြေအိတ်တွင် ကျောက်တည်ခြင်းကို ကာကွယ်ပြီး သည်းခြေရည်ကို ပိုထွက်စေနိုင်သည်။ သည်းခြေရည် ထွက်အားကောင်းလျှင် ဝမ်းမှန်ပြီး လေကိုအောက်သို့ သက်စေနိုင်သည်။ သည်းခြေကျောက်တည်ရောဂါနှင့် သည်းခြေအိတ်ပိတ်သောရောဂါသည် ယခုခေတ်တွင် အဖြစ်များသော ရောဂါဖြစ်သည်။

ခြေသန်းအောက်ရှိ အာရုံကြောအကြောဆုံမှတ်သည် ခြေဖျားထောက်ရပ်သောအခါ ဖိမိမှုအားနည်းပြီး လွတ်နေတတ်သည်။ ခြေဖျားထောက်လျက်နှင့် ခုန်ပေးခြင်းကို ဆယ်ကြိမ်ခန့်ပြုလုပ်ပေးပါ။ ခုန်ပြီး ပြန်အကျတွင် ခြေသန်းအောက်အသားဖြင့်ကျလျှင် ဆုံမှတ်ကိုဖိမိနိုင်သည်။ လျှာ၊ အာခေါင်နှင့် သွားအခြေတစ်ဝိုက်သွားဖုံးတွင်ဖြစ်သော ရောဂါများကို သက်သာစေနိုင်သည်။ သွားခြေပေါ်ပြီး သွားကျဉ်ခြင်း၊ သွေးယိုခြင်းများကိုပါ သက်သာစေနိုင်သည်။

အချုပ်ဆိုရသော် နေ့စဉ်လေ့ကျင့်ခန်း ပြုလုပ်ပြီး ကျန်းမာရေးလိုက်စားသူများ အနေဖြင့် အပြေးလျှောက်၊ စက်ဘီးစီး၊ လမ်းလျှောက်ပြုလုပ်ခြင်းများမှ အနားယူချိန်တွင် ၅ မိနစ်ခန့် ခြေဖျားထောက်ရပ်ခြင်းကို ပြုလုပ်ပေးလျှင် မိမိပြုလုပ်သော လေ့ကျင့်ခန်းများကို အထောက်အကူပြုစေနိုင်သည်။ ဤလေ့ကျင့်ခန်းသည် ကြွက်တက်ခြင်းရောဂါ၊ ခြေဖနောင့်အတက်ထွက်ရောဂါများကိုလည်း သက်သာစေနိုင်ကြောင်း အကြံပြုရေးသားတင်ပြလိုက်ရပါသည်။

# လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ

ရမည်းသင်း ဇန်နဝါရီ ၁၇

မန္တလေးတိုင်းဒေသကြီး ရမည်းသင်း ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (ရမည်းသင်း)တို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်စေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဇန်နဝါရီလ ၁၆ ရက်က ရမည်းသင်းမြို့နယ်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ (ရမည်းသင်း)၌ ကျင်းပသည်။

ရှေးဦးစွာ အစိုးရစက်မှုလက်မှုသိပ္ပံ (ရမည်းသင်း) ကျောင်းအုပ်ဆရာမကြီး ဒေါက်တာနန်းမိုးမိုးကြည်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိမ့်သိမ့်မျိုးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ အစိုးရစက်မှုလက်မှုသိပ္ပံ (ရမည်းသင်း) ပထမနှစ် EP မှ မောင်လွင်မိုးက လူငယ်နှင့်စာကြည့်တိုက်၊ မောင်ဇွဲအောင်က လူငယ်နှင့်ကျန်းမာရေး၊ မြို့ပြအင်ဂျင်နီယာပထမနှစ်မှ မောင်ဝေယံမင်းသန့်က လူငယ်နှင့်ဆိုရှယ်မီဒီယာ၊ မအေးသန္တာဦးက လူငယ်နှင့်နည်းပညာခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မိမိတို့သိရှိလိုသည့်အကြောင်းအရာများကို မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။



ထို့နောက် ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လူငယ်ရေးရာအသိပညာပေး နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ချမ်းမြေ့**

# စားသုံးရန်မသင့်သောစားသောက်ကုန်များနှင့် ခွင့်ပြုချက်မရှိသော ဆိုးဆေးများပါဝင်ခြင်းရှိမရှိစစ်ဆေး



**မင်းလှ ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး မင်းလှမြို့၌ ဇေယျာသီရိဈေးအတွင်းနှင့် မြို့ပေါ်ရပ်ကွက်များရှိ စားသောက်ကုန်ဆိုင်များတွင် စားသုံးရန်မသင့်သော စားသောက်ကုန်များနှင့်ခွင့်ပြုချက်မရှိသော ဆိုးဆေးများပါဝင်ခြင်းရှိ၊ မရှိကွင်းဆင်းစစ်ဆေးခြင်းကို ဇန်နဝါရီလ ၁၇ ရက် နံနက်ပိုင်းတွင် ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ တိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှဝန်ထမ်းများ ပူးပေါင်း၍ စားသောက်ကုန်ဆိုင်များတွင် သက်တမ်းလွန်စားသောက်ကုန်များ သုံးစွဲရန်မသင့်ဟုတားမြစ်ထားသော စားသောက်ကုန်များရောင်းချခြင်းရှိ၊ မရှိ၊ စားသောက်ကုန်များတွင် ခွင့်ပြုချက်မရှိသောဆိုးဆေးများပါဝင်ခြင်းရှိ၊ မရှိစစ်ဆေးကြသည်။

ဆက်လက်၍ စားသောက်ကုန်ဆိုင်ရှင်များနှင့် အရောင်းဝန်ထမ်းများအား သက်တမ်းလွန်စားသောက်ကုန်များ ရောင်းချခြင်းမပြုရန်နှင့် ခွင့်ပြုချက်မရှိသော ဆိုးဆေးများပါဝင်သည့် စားသောက်ကုန်များရောင်းချခြင်းမပြုလုပ်စေရန် အသိပညာပေးဆွေးနွေးပြောကြားကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

# အမရပူရမြို့နယ်၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး

**အမရပူရ ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းရွာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီလ ၁၇ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် အမရပူရမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပပအေးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက ရှမ်းရွာကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးကဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့အောင်၊ ပျက်စီးဆုံးရှုံးမှုမရှိအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။



ရှမ်းရွာကြီးကျေးရွာ၌ လမ်းအရှည်ပေ ၇၆၀၊ အကျယ် ၁၁ ပေ၊ အမြင့် ၆ လက်မရှိ ကျေးရွာကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၃ သန်းတို့ဖြင့် ယမန်နှစ်နိုဝင်ဘာလစတုတ္ထပတ်မှ စတင်ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။

အဆိုပါ လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာတွင်း သန့်ရှင်းသာယာလှပပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ကာ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ ယခင်ကထက်ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးကျော်(ပုံတောင်မြေ)**

# ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းများဆောင်ရွက်

**ပခုက္ကူ ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လုပ်ကွက်ငယ်တောင်သူများ၊ အသေးစားစီးပွားရေးလုပ်ငန်းများအတွက် ရင်းနှီးမတည်ငွေများရရှိစေရန်ရည်ရွယ်၍ ဇီးကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက ဇန်နဝါရီလ ၁၇ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ပခုက္ကူခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဇီးကုန်းကျေးရွာ၌ ပဲစင်းငုံ၊ မတ်ပဲ၊ ပဲလွမ်း၊ ကုလားပဲစိုက်ပျိုးထားရှိမှု အခြေအနေများ၊ လအလိုက်ပေးပို့ရသည့် စာရင်းဇယားများပြည့်စုံမှန်ကန်မှုရှိ၊ မရှိ အခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်မှုရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပခုက္ကူမြို့နယ် ဇီးကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ အဆိုပါဇီးကုန်းကျေးရွာ၌ ပဋ္ဌမအကြိမ်မြောက်အဖြစ် ယခုဘဏ္ဍာရေးနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူ ၉၁ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)မှ ချေးငွေကျပ် ၃၀ ဒသမ ၆၄၇ သန်းထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများလည်ပတ်လျက်ရှိကြောင်း သိရသည်။

**ကိုနိုင်(ကျေးလက်)**

# လှပပေစွ လူ့ဘုံဘဝ

* ညသည်တိတ်ဆိတ်၊ ကြယ်မိုတ်မိုတ်က
အမှောင်ထုတွင်း၊ မျက်လွှာဆင်းလျက်
မေးစက်တစ်ခဏ၊ သည်တစ်ည။

* ညဉ့်ကိုလွန်မြောက်၊ မိုးသောက်နံနက်
သွက်လက်နုပျို၊ စိတ်အလိုနှင့်
ချိုနွဲ့အခင်း၊ ပြန့်အလင်းက
အေးမြစိတ်တွင်း၊ မေတ္တာနှင်း။

* ထိုတစ်ခဏ
စိတ်အလှက၊ ကြည်မြသိမ်မွေ့
မေတ္တာငွေ့စစ်၊ လွှမ်းရစ်သိုင်းခြုံ
လူ့ဘုံဘဝ၊ အေးချမ်းလှ။

* ထိုမှလွန်မြောက်၊ နေမင်းရောက်သော်
လူပျော်ဘဝ၊ တူမျှရ၍
ရလာစီးပွား၊ ဇနီးသားကို
ရင်ဖိုစိတ်နွမ်း၊ အတူထမ်းလျက်
မခန်းချစ်ခြင်း ပူလောင်ရင်းနှင့်။

* ဘဝဖြစ်လာ၊ သံသရာတွင်
မကြင်ဒေါသ၊ ခင်လောဘက
အတ္တယှဉ်ဖက်၊ စိတ်လက်နက်ဖြင့်
နက်နက်ခုတ်ပိုင်း
ထင်တိုင်းကလျက်၊ မောဟဆက်။

* စိတ်ကိုနှောင်တွဲ၊ ဝဲဂယက်သက်ဆင်း
ပျော်ရင်းပျက်ရ၊ လူ့ဘဝသည်
နေ့ကညဖြစ်၊ မှောင်ညစ်ညစ်ကို
ရစ်ပတ်ဖွဲ့ချည်၊ ဆေးမမီခဲ့။

* ဪ...
ထိုတစ်နံနက်၊ အရုဏ်တက်၌
စိတ်လက်သန့်ရှင်း၊ ကြည်လင်ခြင်းကို
လွှမ်းရင်းတွယ်ဖက် မိသေး၏။ ။

**ယဉ်ယဉ်(ဘက်ရဲ)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈-၁-၂၀၂၅ (စနေနေ့)

| | |
|---|---|
| ၁။ ၀၆:၀၃ တရားတော် | ၈။ ၀၈:၂၀ မောင်မယ်လေးများသိစေချင် |
| ၂။ ၀၇:၀၀ မေတ္တာပို့ | ၉။ ၀၉:၁၀ မြဝတီနေ့စဉ်သတင်း |
| ၃။ ၀၇:၁၀ ဓမ္မပူဇာတေး | ၁၀။ ၀၉:၂၀ လူတိုင်းကျန်းမာသိမှတ်စရာ |
| ၄။ ၀၇:၂၅ ကိုယ်လက်လှုပ်ရှားအားကစား | ၁၁။ ၀၉:၃၀ အမှတ်တရနေ့ရက်များ |
| ၅။ ၀၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း | ၁၂။ ၁၀:၁၀ နိုင်ငံတကာသတင်း |
| ၆။ ၀၈:၀၅ မျိုးချစ်တပ်မတော် | ၁၃။ ၁၀:၃၀ စာပေနှင့်အနုပညာသတင်း |
| ၇။ ၀၈:၁၀ မွေးမြူသုတ | |

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ကျုံစုတ်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆက်လက်ဆောင်ရွက်





တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သော နယ်လှည့် အထူးကုဆေးအဖွဲ့က မအူပင်မြို့နယ်၊ ကျုံစုတ်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးစဉ်။









တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က မအူပင်မြို့နယ်၊ ကျုံစုတ်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၇**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ကျုံစုတ်ကျေးရွာ၊ လောကသရဖူသွန်းဘုရားကြီး၊ ရာပြည့်ဓနသိဒ္ဓိတန်ဆောင်းတော်တွင်အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၃၅၄ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ၈၂ ဦး၊ ခွဲစိတ်ရောဂါ ၁၅ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၀ ဦး၊ ကလေးရောဂါ ၂၄ ဦး၊ အရိုးရောဂါ ၇၂ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၁ ဦး၊ မျက်စိရောဂါ ၅၃ ဦး၊ သွားရောဂါ ၃၇ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။

ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၆ ဦး၊ မျက်စိခွဲစိတ်လူနာ ၁၀ ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ၁၆ ဦး၊ အာထရာဆောင်းဖြင့်စမ်းသပ်စစ်ဆေးလူနာ ၃၄ ဦး၊ ECG စက် ဖြင့် နှလုံးစမ်းသပ်လူနာ ၁၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၆ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့်လူနာ ၆ ဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။

(၁၀၀)

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ မလိကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၇

တနင်္သာရီကမ်းရိုးတန်းဒေသတစ်လျှောက်မှဒေသခံပြည်သူများ ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့နံနက်ပိုင်းမှစတင်ကာ မလိကျွန်း၊ တိုက်နယ်ဆေးရုံတွင် အခြေပြု၍ မလိကျွန်းနှင့်အနီးဝန်းကျင်မှ ဒေသခံပြည်သူ ၄၉၉ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသမှုဆိုင်ရာရောဂါ ၁၄၅ ဦး၊ ခွဲစိတ်ရောဂါ ၃၃ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၅ ဦး၊ ကလေးရောဂါ ၅၉ ဦး၊ အရိုးရောဂါ ၅၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၂ ဦး၊ မျက်စိရောဂါ ၈၀ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၇၈ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ဖ ဦး၊ မျက်စိခွဲစိတ်လူနာ ၃ ဦး၊ ခတ်မှန်ရိုက်လူနာ ၂ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၉ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၀ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၃ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တွင်လိုက်ပါလာသည့် ပါရဂူများ၊ ဆေးမှူးများနှင့်သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များက ပုလောမြို့နယ်၊ မလိကျွန်းနှင့်အနီးဝန်းကျင်မှဒေသခံပြည်သူများအား မျက်စိရောဂါနှင့် ပတ်သက်၍ စမ်းသပ်ကုသပေးစဉ်။









တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တွင်လိုက်ပါလာသည့် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များက ပုလောမြို့နယ်၊ မလိကျွန်းနှင့်အနီးဝန်းကျင်မှဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ(၂၀၂၂)စီမံကိန်းဖြင့် ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှု နည်းပညာဆွေးနွေးပွဲနှင့် ကွင်းသရုပ်ပြပွဲပြုလုပ်

တောင်တွင်းကြီး ဇန်နဝါရီ ၁၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲမှ မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၂)စီမံကိန်းဖြင့် မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ်ရှိ ကြံစိုက်တောင်သူများအား ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှု နည်းပညာဆွေးနွေးပွဲနှင့် ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် ကင်ပွန်းတောင်ကျေးရွာ ကွင်းအမှတ် (၂၆၀၃) ကြံမျိုးအမည် K.95/ 84 တောင်သူ ဦးထိန်ဝင်း၏ ကြံစိုက်ပျိုးထားရှိမှု စံပြကွက်တွင်ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်ဦးက အဖွင့်အမှာစကားပြောကြားခဲ့ကာ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြင့်က မဲခေါင် – လန်ချန်း စီမံကိန်းဖြင့် နည်းပညာဆွေးနွေးပွဲနှင့် ကွင်းသရုပ်ပြပွဲများပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားပြီး ကြံသီးနှံကျွမ်းကျင်ပညာရှင်များက ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ နည်းပညာများဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ တောင်တွင်းကြီးမြို့နယ်ရှိ ကြံစိုက်ပျိုးသည့်ကျေးရွာအုပ်စုများမှကြံစိုက်တောင်သူများ စုစုပေါင်း ၇၀ ဦးကျော် တက်ရောက်ခဲ့ပြီး ကြံသီးနှံအထောက်အကူပြုပစ္စည်းများကို ကြံစိုက်တောင်သူများအား ပေးအပ်ခဲ့သည်။

နောင်နောင် (ဗိဿနိုးမြေ)

# စာကြည့်တိုက်များဖွံ့ဖြိုးရေး စာဖတ်ရှိန်မြှင့်တင်ရေးကို အလေးထားပေး

ဆုလတ်မေ

စာဖတ်ခြင်းအလေ့အထသည် ရေနှင့်တူသည်။ ရေသည် အောက်ဆီဂျင်နှင့် ဟိုက်ဒရိုဂျင် ပေါင်းစပ်ခြင်းဖြင့် ရရှိလာသောဒြပ်ပေါင်းဖြစ်သည်။ ဟိုက်ဒရိုဂျင် အက်တမ်နှစ်ခုနှင့် အောက်ဆီဂျင် အက်တမ်တစ်ခုပေါင်းစပ်ခြင်းဖြင့် ရေဆိုသည့် မော်လီကျူးရရှိသည်။ ဟိုက်ဒရိုဂျင်နှင့် အောက်ဆီဂျင်မှန်ကန်စွာပေါင်းစပ်မှသာ အရောင်၊ အနံ့၊ အရသာမရှိသော ရေ၏ ဂုဏ်သတ္တိများ ရရှိလာသည်။ ဟိုက်ဒရိုဂျင်သို့မဟုတ် အောက်ဆီဂျင်လျော့နည်းသွားပါက ရေ၏အရည်အသွေးများ လျော့နည်းကျဆင်းသွားမည်ဖြစ်သည်။ သို့ဖြစ်ရာ သက်ရှိလူသားများဖြစ်သော လူနှင့်စာဖတ်ခြင်းသည်လည်း ထိုနည်းအတိုင်းပင် ဖြစ်သည်။

**စာအုပ်စာပေ လူ့မိတ်ဆွေ**

စာအုပ်စာပေ လူ့မိတ်ဆွေဟူသော စကားသည် စာပေမှရသော အသိပညာ၊ ဗဟုသုတတို့မှာ လူတို့အတွက် အကျိုးများလှသဖြင့် စာအုပ်စာပေများကို မိတ်ဆွေကဲ့သို့ ခင်မင်မြတ်နိုးကြရန် ဆိုလိုခြင်းဖြစ်သည်။ စာအုပ်နှင့်လူ မိတ်ဆွေအဖြစ် တွဲဖက်ပေါင်းစပ်ခြင်း၌ မိတ်ဆွေတို့သည် တစ်ခါတစ်ရံ မိတ်ပျက်တတ်ပြီး ရန်သူဖြစ်နိုင်သော်လည်း စာအုပ်စာပေကောင်းမှာမူ ဖောက်ပြန်ပြောင်းလဲခြင်းမရှိသော အမြဲထာဝရမိတ်ဆွေဖြစ်သည့် သစ္စာရှိသော အကျိုးပြုမိတ်ဆွေကောင်းများဖြစ်သည်။ ရုပ်ဝတ္ထုရတနာတို့မှာ ပျက်စီးဆုံးရှုံးခြင်းကို ဖြစ်ပေါ်စေပြီး စာအုပ်စာပေကောင်းများမှရရှိသော အသိပညာ၊ ဗဟုသုတတို့မှာ မပျက်စီး၊ မဆုံးရှုံးနိုင်သဖြင့် "ပညာရွှေအိုး လူမခိုး"ဟု ဆိုကြသည်။ တစ်ဦးချင်းအနေဖြင့် စာအုပ်စာပေစုဆောင်းမှုမှာ ကိုယ်တစ်ဦးတည်းအတွက်သာ အကျိုးများပြီးအများအတွက် အကျိုးများစေရန်မှာမူ အများပြည်သူဖတ်ရှုနိုင်သော စာကြည့်တိုက်များ တိုးပွားအောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

**စာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်မှု**

မြန်မာနိုင်ငံတွင် မြို့နယ်ပေါင်း ၃၃၀ နှင့် မြို့ပေါင်း ၄၇၀ ရှိသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စံငါးချက်နှင့်ကိုက်ညီသည့် ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်ပေါင်း ၆၁၀၆ ခုရှိရာ လက်ရှိအခြေအနေအရ စာကြည့်တိုက် ၃၅၀၈ ခုသာ ကျန်ရှိပြီး စာကြည့်တိုက်ပေါင်း ၂၅၉၈ ခုမှာ ရပ်နားထားလျက်ရှိသည်။ ရပ်နားသွားရသည့်အကြောင်းရင်းမှာ လူမှုဘဝနေထိုင်မှုပုံစံများ ပြောင်းလဲလာသည့်အလျောက် စာဖတ်သည့်အလေ့အထများ နည်းပါးလာခြင်းက အဓိကအချက်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်းလုံးတွင် စာကြည့်တိုက်များ ကွက်လပ်ဖြစ်နေသဖြင့် ပြည်သူများမှာ စာကြည့်တိုက်နှင့် အလှမ်းဝေးလျက်ရှိသည်။



နိုင်ငံတော်က နိုင်ငံ၏လိုအပ်နေသော ကွက်လပ်ကိုဖြည့်ဆည်းပေးနိုင်ရန် ပြည်သူများ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာရေးကို အားပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဦးဆောင်ဦးရွက်ပြုကာ စာအုပ်စာတမ်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည်။ ထိုသို့ လက်ခံရရှိသည့် အလှူငွေနှင့်စာအုပ်စာစောင်များကို နိုင်ငံတစ်ဝန်းလုံးစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုရာတွင်လည်း ရပ်နားထားသော စာကြည့်တိုက်များ ပြန်လည်ဖွင့်လှစ်ရေးလုပ်ငန်းစဉ်၊ စာကြည့်တိုက်များ အသစ်တည်ထောင်ဖွင့်လှစ်ရေးလုပ်ငန်းစဉ်၊ ပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်ရန် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်လုပ်ငန်းစဉ်နှင့် စာအုပ်စာစောင်များ ဖြန့်ဝေပေးမည့်လုပ်ငန်းစဉ်ဟူ၍ လုပ်ငန်းစဉ်လေးမျိုး ချမှတ်ကာ ဆောင်ရွက်လျက်ရှိသည်။ စာကြည့်တိုက်များသည် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် မီးရှူးတန်ဆောင်ဖြစ်သကဲ့သို့ အမျိုးသားရေးအားမာန်စာအုပ်စာပေများ ထိန်းသိမ်းထားရှိရာ စာဖတ်သူများ စုဝေးရာနေရာတစ်ခုလည်းဖြစ်သည်။ ထို့ပြင် စာဖတ်သူများ၏ ပျော်မွေ့ဖွယ်ကောင်းသောကမ္ဘာလည်းဖြစ်ပြီး အသိလိမ္မာများ သိုမှီးရာဘဏ်တိုက်လည်းဖြစ်သည်။

ယခုအခါ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးကို မြို့နယ်တိုင်းတွင် လှုပ်ရှားဆောင်ရွက်နေကြပြီဖြစ်သည်။ စာပေဖတ်ရှုသည့်အလေ့အထများ ပြန်လည်ထွန်းကားမှ စာကြည့်တိုက်များဖွံ့ဖြိုးမည်ဖြစ်သည်။ စာကြည့်တိုက်များဖွံ့ဖြိုးပြီး စာဖတ်ရှိန်မြှင့်မားလာမှ လူမှုပတ်ဝန်းကျင်နှင့်နိုင်ငံကို အကျိုးပြုမည်ဖြစ်သည်။ ထို့ကြောင့် စာဖတ်သည့်အလေ့အထများ ထွန်းကားလာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများ စာအုပ်စာပေလေ့လာဖတ်ရှုနိုင်ရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှရရှိသော အသိပညာဗဟုသုတများကို ပြန်လည်မျှဝေနိုင်ရန်ရည်ရွယ်၍ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို အမြို့မြို့အနယ်နယ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနေပြီဖြစ်သည်။

**သုတ/ရသစာပေများ ဖတ်ရှုခြင်းမှ ရရှိသည့်အကျိုးကျေးဇူးများ**

စာတတ်ပါလျက်နှင့် စာမဖတ်သူတို့များပြားနေခြင်းသည် ကာယကံရှင်နှင့် နိုင်ငံအတွက် ဆုံးရှုံးမှုတို့ကိုဖြစ်ပေါ်စေသည်။ စာတတ်ပါလျက်နှင့် စာမဖတ်ခြင်းက ကျောင်းနေ၍ ပညာသင်ကြားခဲ့ရခြင်း၏ အနက်အဓိပ္ပာယ်ကို သေးသိမ်ကျဉ်းမြောင်းသွားစေပြီး သေစာရင်စာမျှသာ စာဖတ်သူအဖြစ် ရောက်ရှိသွားစေသည်။ စာပေတွင် ရသစာပေနှင့် သုတစာပေဟူ၍ရှိရာ လူတို့၏နှလုံးသား အာဟာရ၊ ဦးနှောက်အာဟာရတို့အတွက် ထိုစာပေများကို ဖတ်ရှုကြရမည်ဖြစ်သည်။ ရသစာပေကိုဖတ်ရှုရသည့်အခါ စာပေ၏ အစွမ်းကြောင့် စာဖတ်သူသည် မိမိပတ်ဝန်းကျင်နှင့် လောကကို သတိပြုလာစေပြီး ကြည့်တတ်၊ မြင်တတ်လာစေသည်။ ဘဝအောင်မြင်ရေးအတွက် အရေးပါစေသည့် အရည်အသွေးများဖြစ်သော အီးကျူခေါ် စိတ်နှလုံးခံစားမှုအရည်အသွေး၊ စီကျူခေါ် မတူကွဲပြားသည့် ယဉ်ကျေးမှုများ၊ လူ့အဖွဲ့အစည်းအပေါ် နားလည်လက်ခံနိုင်စွမ်းရှိသည့် အရည်အသွေး စသည်တို့သည် ရသစာပေကောင်းများကို ဖတ်ရှုရာမှ ရရှိစေသည်။ သုတစာပေကမူ အသိပညာ ဗဟုသုတတို့ တိုးပွားစေသည့်စာပေမျိုးဖြစ်ပြီး အသိအမြင်၊ အတွေးအခေါ်တို့ကို ကျယ်ပြန့်စေသည်။ စာပေမှရရှိသည့် ဘဝအတွေ့အကြုံတို့ကြောင့် ပိုမိုရင့်ကျက်သူဖြစ်စေသည်။ လူ့အဖွဲ့အစည်းတွင် ဉာဏ်ပညာဗဟုသုတပြည့်စုံသူ၊ စောင့်စည်းမှုရှိသူ၊ ရင့်ကျက်တည်ငြိမ်သူတို့မှာ ရှေ့တန်းမှ ဦးဆောင်တာဝန်ယူကြရမြဲဖြစ်သည်။

စာဖတ်ရှိန်မြှင့်တင်ခြင်းသည် အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်သည်။ စာဖတ်ခြင်းသည် တစ်နည်းအားဖြင့် စိတ်ကိုအစာကျွေးခြင်းဖြစ်သည်၊ ထို့ကြောင့် ငယ်စဉ်ကပင် စာဖတ်သည့်အလေ့အထကို စွဲမြဲအောင်ပြုစုပျိုးထောင်ရမည်ဖြစ်သည်။ စာပေဖတ်ရှုခြင်းဖြင့် သယံဇာတထုတ်ယူသုံးစွဲမှုကို အခြေပြုသည့်နိုင်ငံအဖြစ်မှ နည်းပညာအခြေပြုသည့် နိုင်ငံအဖြစ်သို့ တိုးတက်ပြောင်းလဲစေရန်အထောက်အကူပြုမည်ဖြစ်သည်။ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေသည့်အပြင် လူငယ်များအကြား အတွေ့အကြုံ၊ အသိပညာများ အပြန်အလှန်ဖလှယ်ပြီး အရည်အချင်းပြည့်ဝသည့်လူငယ်များ ပေါ်ထွက်လာမည်ဖြစ်သည်။ သို့မှသာ မြန်မာနိုင်ငံ၏ နိုင်ငံတော်တည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးတွင် အဓိကထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။

ယနေ့ကာလသည် ကြီးပွားတိုးတက်ရေးကို ရှေ့တန်းတင်ဦးတည်နေရသော ခေတ်ဖြစ်ရာ စာမဖတ်သူမှာ အရာရာတွင် ခြေတစ်လှမ်းနောက်ကျကျန်ရစ်ခဲ့မည်ကို သတိမူသင့်သည်။ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက စာကြည့်တိုက်များပြန်လည်ထူထောင်ပြီး စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားများကို ကျင်းပပေးနေခြင်းဖြစ်သည်။ စာအုပ်မျိုးစုံ၊ စာနယ်ဇင်းမျိုးစုံထွက်ရှိနေသော ယနေ့ခေတ်ကာလတွင် စာအုပ်စာပေများကို အလွယ်တကူဖတ်ရှုလေ့လာနိုင်ပြီဖြစ်ရာ စာအုပ်စာပေသည် မိမိ၏ဘဝတိုးတက်ခြင်းကို တစ်ထောင့်တစ်နေရာမှအကျိုးပြုနေမည်မှာ မလွဲဧကန်ပင်ဖြစ်သည်။

သို့ဖြစ်ရာ စာပေကို တစိုက်မတ်မတ်လေ့လာဖတ်ရှုခြင်းဖြင့် ကိုယ်ပိုင်အရည်အချင်း၊ ဝမ်းစာများပြည့်ဝကောင်းမွန်လာပြီး အရာရာတွင် ဖြေရှင်းနိုင်စွမ်းရှိသည့်အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်သည်။ စာဖတ်ရှိန်မြှင့်မားလာသည်နှင့်အမျှ စာကြည့်တိုက်ယဉ်ကျေးမှုများ ပြန်လည်ထွန်းကားလာပြီး စာကြည့်တိုက်များရေရှည်တည်တံ့ကာ နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အကူပြုမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် စစ်ဆေးခြင်းဆောင်ရွက်

ပွင့်ဖြူ ဇန်နဝါရီ ၁၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပွင့်ဖြူ - မင်းဘူး - မကွေးသွား ကားလမ်းဘေး၌ ဖွင့်လှစ်ရောင်းချလျက်ရှိသော စက်သုံးဆီဆိုင်များအား ဇန်နဝါရီလ ၁၆ ရက် နံနက်ပိုင်းတွင် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် မီးဘေးလုံခြုံစိတ်ချရမှု ရှိ၊ မရှိတို့ကို ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲလင်းနောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ပွင့်ဖြူ - မင်းဘူး - မကွေးသွား ကားလမ်းဘေး၌ ဖွင့်လှစ်ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်ရှင်များနှင့် အရောင်းဝန်ထမ်းများကိုတွေ့ဆုံကာ သတ်မှတ်လိုင်စင်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်လုပ်ကိုင်ကြရန်နှင့် မီးဘေးလုံခြုံရေးဆိုင်ရာ လိုက်နာရမည့်အချက်များကို အသိပညာပေးဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စက်သုံးဆီဆိုင်များတွင် မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ထားရှိသော မီးငြိမ်းသတ်ရေးပစ္စည်းများ ပြည့်စုံကောင်းမွန်ခြင်း ရှိ၊ မရှိ၊ မီးလောင်လွယ်စေသော လောင်စာများ ရှိ၊ မရှိ၊ ဆိုင်ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှု ရှိ၊ မရှိ စက်သုံးဆီဆိုင်တွင် တပ်ဆင်ထားသော လျှပ်စစ်မီးလိုင်းများ ကြံ့ခိုင်ကောင်းမွန်ခြင်း ရှိ၊ မရှိတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြပြီး စက်သုံးဆီအရောင်းဝန်ထမ်းများအား မီးလောင်မှုဖြစ်ပွားလာပါက မီးသတ်ဆေးဘူးကိုင်တွယ်အသုံးပြု၍ မီးငြိမ်းသတ်နည်းစနစ်များကို အသိပညာပေးပြသဆောင်ရွက်ကြောင်း သိရသည်။

လှိုင်ဝင်းလေး ( ပွင့်ဖြူမြေ )

● ကျောဖုံးမှအဆက်

ဦးစွာအသေးစားအလယ်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို MSME များ၏ ထုတ်ကုန်နှင့်ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်စေရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်အသစ်များကိုပြည်တွင်းမှပိုမိုသုံးစွဲနိုင်ရန်နှင့် ပြည်ပသို့ဈေးကွက်ချဲ့ထွင်နိုင်ရန်၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ MSME များ ပူးပေါင်းဆောင်ရွက်မှုတိုးတက်လာစေပြီး ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ဒေသတစ်ခုနှင့်တစ်ခု လိုအပ်ချက်ကိုအခြားဒေသမှ ဖြည့်ဆည်းလာရန်နှင့် အားသာချက်/အားနည်းချက်များကို သိမြင်ဖော်ထုတ်လာစေရန်၊ ဒေသအလိုက် OROP ဒေသတစ်ခုထုတ်ကုန်တစ်ခု အောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊ MSME များနှင့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာစေရန်၊ ပြည်ထောင်စုအဆင့်အသိအမှတ်ပြု MSME စံပြထုတ်ကုန်ဆုများ ပေးအပ်နိုင်စေရန်နှင့် MSME လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့်ကျင်းပခြင်းဖြစ်ကြောင်း၊

ထို့အပြင် **ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက်ထုတ်လုပ်လျက်ရှိသည့် ဒေသထုတ်ကုန်ပစ္စည်းများအပေါ် အားသာချက်၊ အားနည်းချက်များကို လေ့လာပြီး လိုအပ်သည်များပြုပြင်နိုင်စေရန်နှင့် ပြိုင်ပွဲကျင်းပခြင်းမှ နိုင်ငံတော်အဆင့် ထုတ်ကုန်အမှတ်တံဆိပ်ရရှိမှုအတွက် မိမိထုတ်ကုန်အမှတ်တံဆိပ်အတွက် အာမခံချက်အရည်အသွေးကို စားသုံးသူများသိရှိခြင်းမှတစ်ဆင့် အကျိုးရလဒ်ရရှိနိုင်စေရန် ပြပွဲနှင့်ပြိုင်ပွဲတွင်ပါဝင်ပြသကြမည့် ဝန်ကြီးဌာနများ၏ခင်းကျင်းပြသထားရှိမှုများမှတစ်ဆင့် သက်ဆိုင်ရာအေဂျင်စီများ၊ လုပ်ငန်းရှင်များအနေဖြင့် MSME နှင့်ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများထံသို့ လိုအပ်သလိုချိတ်ဆက်နိုင်ရေး၊ အဆိုပါဝန်ကြီးဌာနနှင့်ဆက်စပ်အဖွဲ့အစည်းများထံမှ လုပ်ငန်းရှင်များရယူနိုင်မည့်အခွင့်အရေးများ၊ နည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းများ စသည့်အခွင့်အလမ်းများရရှိစေရန် ကျင်းပခြင်းလည်းဖြစ်**ကြောင်း၊

## ❑ ထုတ်ကုန်ပစ္စည်းအပေါ် ဒေသအလိုက် ပြည်သူများ၏နှစ်သက်မှုနှင့် သုံးစွဲမှုအခြေအနေများသိရှိနိုင်အောင် ကြိုးစားဆောင်ရွက်နေကြရမည်ဖြစ်. . .

MSME ထုတ်ကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ ထုတ်လုပ်မှုလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများအနေဖြင့် နိုင်ငံတကာနှင့် မိမိတို့နိုင်ငံတို့တွင် Customer Behavior Changes ၊ Technology ၊ Information၊ Investment၊ Market Trend များပြောင်းလဲလာမှုကိုလည်း သိရှိနားလည်နိုင်ရန် ဆွေးနွေးပွဲများထည့်သွင်းပေးခြင်း၊ Digital စနစ်ကူးပြောင်းနေမှု Online Banking စနစ်ဆောင်ရွက်နေမှုတို့အား သိရှိနားလည်လာစေပြီး ကုန်ပစ္စည်းဝယ်ယူ/ရောင်းဝယ်မှုတွင်လည်း ယခင်ဆိုင်များတွင် လူကိုယ်တိုင်ပစ္စည်းဝယ်ယူမှုစနစ်မှ Online Marketing စနစ်သို့ ပြောင်းလဲလာမှုအခြေအနေများ၊ ထုတ်ကုန်ပစ္စည်းအပေါ် ဒေသအလိုက် ပြည်သူများ၏နှစ်သက်မှုနှင့် သုံးစွဲမှုအခြေအနေများစသည်တို့ကို သိရှိနိုင်အောင် ကြိုးစားဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဈေးကွက်ပြောင်းလဲလာမှုကိုသိရှိပြီး လိုက်ပါဆောင်ရွက်နိုင်ရေး လုပ်ဆောင်သွားမည်ဆိုပါက Online Marketing နှင့် Online Payment စနစ်များကိုလည်း ယခုထက်ပို၍ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်မည်ဖြစ်ကြောင်း။

ထို့အပြင် MSME ပြပွဲပြိုင်ပွဲများမှတစ်ဆင့် ထွက်ရှိလာသည့် အဆင့်မြင့်ထုတ်ကုန်ပစ္စည်းအမယ်သစ်များ ထွက်ပေါ်လာပြီး အဆိုပါထွက်ပေါ်လာသည့်အရည်အသွေးမီကုန်ပစ္စည်းများကိုပြည်ပသို့ပို့ဆောင်ခြင်းဖြင့် နိုင်ငံခြားငွေ ရရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့ တင်ပို့နိုင်ရေးဆောင်ရွက်ရာတွင် တင်ပို့မည့်နိုင်ငံများ၏ ကုန်ပစ္စည်းလိုအပ်ချက်နှင့် တင်ပို့မှု စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များ၊ နိုင်ငံတကာက လက်ခံနိုင်မည့် ကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ ဥပမာအားဖြင့် တရုတ်နိုင်ငံသို့မိမိထုတ်ကုန်ပစ္စည်းတင်ပို့မှုတွင် General Administration of Customs of the People's Republic of China(GACC)ရရန် လိုအပ်မှုအပြင် အလားတူ အခြားနိုင်ငံများ၏ ကုန်သွယ်မှုဆိုင်ရာ ကန့်သတ်ချက်များကိုလည်း သိရှိနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများက သတင်းအချက်အလက်နှင့် နည်းပညာများကို အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းရှင်များသိရှိနိုင်အောင် နည်းလမ်းမျိုးစုံဖြင့်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

ယခုကျင်းပသည့် MSME ပြပွဲ ပြိုင်ပွဲသည် လုပ်ငန်းကော်မတီက ဦးစီးကျင်းပသည့်အခမ်းအနားတစ်ခုဖြစ်ပြီးသက်ဆိုင်ရာ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများ အနေဖြင့်ယခင်ကျင်းပပြုလုပ်ခဲ့သည့်အတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီး ချို့ယွင်းချက်၊ အားနည်းချက်နှင့် အခက်အခဲများ မဖြစ်ပေါ်စေရန်အတွက်အချင်းချင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်နှင့် ကျန်းမာရေးလုံခြုံရေးကို အထူးဂရုစိုက်စစ်ဆေးပြီး သေသေချာချာတိတိကျကျ စစ်ဆေးဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားအစီအစဉ်၊ ဝန်ကြီးဌာနများ၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြခန်းများ၊ ပါဝင်ပြသကြမည့် ထုတ်ကုန်အမျိုးအစားများ၊ ပြိုင်ပွဲအမျိုးအစားများနှင့် ဆုချီးမြှင့်မည့် အစီအစဉ်များ ဆောင်ရွက်ထားရှိမှု၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်များတွင် လမ်းညွှန်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က ဆပ်ကော်မတီများဖွဲ့စည်းထားရှိမှုနှင့်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကျင်းပနိုင်ရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုံခြုံရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေး၊ နေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ မုခ်ဦးနှင့် ပြခန်းများတည်ဆောက်ရေးဆပ်ကော်မတီ၊ ပြခန်းနေရာချထားရေးနှင့် ခင်းကျင်းပြသရေးဆပ်ကော်မတီ၊ ဖွင့်ပွဲအခမ်းအနား၊ ဆုချီးမြှင့်ရေးနှင့် ဖျော်ဖြေရေးဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေး၊ ဆုရွေးချယ်ရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ၊ လုပ်ငန်း/စီးပွားချိတ်ဆက်မှုဆပ်ကော်မတီ၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များဆပ်ကော်မတီ၊ လျှပ်စစ်မီးရရှိရေးဆပ်ကော်မတီ၊ သတင်းနှင့်ပြန်ကြားရေးဆပ်ကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့မှဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများက ကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ အသေးစား၊ အလယ်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

အဆိုပါ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော် တောင်ဘက်တပေါင်းကွင်း၌ ဖေဖော်ဝါရီလ (၁၀) ရက်မှ (၁၄) ရက်အထိ ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီး/ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာ ရောင်းချဆိုင်ခန်းများ၊ လုပ်ငန်း/စီးပွားချိတ်ဆက်မှုများ(B2B)၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့်ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများအပါအဝင် ပြခန်းစုစုပေါင်း(၈၀) ခန်းဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ပြီး ထုတ်ကုန်အမျိုးအစားများအတွက် ဆုအမျိုးအစားပေါင်း (၃၁)မျိုး ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# သန်လျင်မြို့ပြည်သူ့ဆေးရုံကြီး၌ လူနာများအား ဆေးကုသပေးနေမှု ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၇

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ ပြည်သူ့ဆေးရုံကြီး၌ လူနာများအား ဆေးကုသပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အားပေးစကားပြောကြားကာ ဆေးရုံရှိ ဓာတ်ခွဲခန်း၊ အထူးကုပြင်ပလူနာဌာန၊ အရေးပေါ်လူနာဌာန၊ ပြင်ပလူနာဌာန၊ ဓာတ်မှန်ဌာနနှင့် ဆေးပေးခန်း (dispensary)တို့ကို လှည့်လည်ကြည့်ရှုကြသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ကျန်းမာရေး ဝန်ထမ်းအင်အားဖြည့်ဆည်းထားရှိပြီးဖြစ်သဖြင့် စွမ်းအားပြည့်လုပ်ငန်းဆောင်ရွက်နိုင်ရေး ကြိုးကြပ်ဆောင်ရွက်ရေး၊ လူနာဘေးကင်းလုံခြုံရေးအလေးထားဆောင်ရွက်ရေး၊ လူနာများအတွက် ဓာတ်ခွဲစစ်ဆေးဝန်ဆောင်မှု စနစ်တကျအားဖြင့် ဆောင်ရွက်ပေးရေးတို့ကို မှာကြားပြီး တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ဘာသာရပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ပြိုင်ပွဲများကျင်းပ

မိုးညှင်း ဇန်နဝါရီ ၁၇

ကချင်ပြည်နယ် မိုးညှင်းမြို့ မိုးညှင်းတက္ကသိုလ်အားကစားကွင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်ဘာသာရပ်ပေါင်းစုံအမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ပြိုင်ပွဲများကို ဇန်နဝါရီလ ၁၆ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မိုးညှင်းတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာမျှမြင့်က ဘာသာရပ်အသီးသီးမှ ကျောင်းသား၊ ကျောင်းသူများအား သင်ကြားရေးကိုသာမက လေ့ကျင့်ရေးကိုပါ ထူးချွန်ထက်မြက်လာစေရန်၊ အားကစားကိုချစ်မြတ်နိုးတတ်စေရန်ရည်ရွယ်၍ အဆိုပါပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်များကိုရွတ်ဆိုကြပြီး တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများက အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြကာ ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါပြိုင်ပွဲကို ဘာသာရပ်အသီးသီးမှ အမျိုးသားဘောလုံးအသင်း လေးသင်းပါဝင်ပြီး အသင်းပတ်လည်ဖြင့် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

ရွှေမိုးညှင်း

လမ်းလျှောက်ခြင်းကြောင့် ခန္ဓာကိုယ်ရှိ သွေးကြောများ သွေးလည်ပတ်မှုကောင်းစေသည်။

★ **စာမျက်နှာ ၁၇ မှအဆက်**

စိုက်ပျိုးရေးနှင့်ပတ်သက်၍ လိုအပ်သည့် ရေရရှိရေးတွင် မိုးကောင်းသောက်ရေ၊ ဆည်ရေ၊ မြေအောက်ရေ၊ မြစ်ရေဟူ၍ နည်းလမ်းများရှိကြောင်း၊ မြစ်ကြီးများ အနီးတွင်ရှိသည့် ဒေသများအနေဖြင့် မိမိတို့ လုပ်ငန်းရပ်အလိုက်မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်၍ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ကြောင်း၊ မြစ်ရေတင်စီမံကိန်းများအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူ ဆောင်ရွက်နိုင်ကြောင်း၊ နိုင်ငံတော်မှ ဆောင်ရွက်သည့် ဆိုလာစီမံကိန်းများရှိ သကဲ့သို့ လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့လုပ်ငန်း လိုအပ်ချက်များအလိုက် ဆိုလာစီမံကိန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ **နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူမှုလုပ်ငန်းများအတွက် အရင်းအနှီးလိုအပ်ချက်များကိုလည်း နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်**ကြောင်း။

**အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး ရန်ပုံငွေမှ လိုအပ်သည့်ထောက်ပံ့မှုများ ဆောင်ရွက်ပေးရန်စီစဉ်ဆောင်ရွက်**

အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲရေးနှင့်ပတ်သက်၍ သဘာဝဘေးအန္တရာယ်ကျရောက်မှုတွင် ပါဝင်သည့် **အကြမ်းဖက်သမားများ၏တိုက်ခိုက်မှုများကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများအတွက်လည်း အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးရန်ပုံငွေမှ လိုအပ်သည့် ထောက်ပံ့မှုများ ဆောင်ရွက်ပေးရန်စီစဉ် ဆောင်ရွက်လျက်ရှိ**ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် စာရင်းများ ကောက်ယူ၍ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့စီးပွားတိုးတက်ရေး၊ အခြေခံပြည်သူ လူထု၏ သက်သာချောင်ချိရေးအတွက် မိမိတို့အနေဖြင့်မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံရေးသည် စီးပွားရေးမဟုတ်သော်လည်း စီးပွားရေးသည် နိုင်ငံရေးနှင့် နိုင်ငံ့အရေးပင်ဖြစ်ကြောင်း၊ စီးပွားရေးအားကောင်းမှသာလျှင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေး အဘက်ဘက်မှ အားကောင်းလာမည်ဖြစ်သဖြင့် နိုင်ငံ့စီးပွားရေး အားကောင်းအောင် အားလုံးမှ ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# တောင်ကြီးမြို့ ရေဘေးသင့်အာမခံအလုပ်သမားများကို လူမှုဖူလုံရေးအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းပေးအပ်




**တောင်ကြီး ဇန်နဝါရီ ၁၇**

ရေဘေးသင့်အာမခံအလုပ်သမားများကို လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ခွင့်ပြုထုတ်ပေးခြင်းနှင့် အလုပ်ခွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့်ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ လူထုအခြေပြုစုပေါင်းခန်းမ၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက တိုင်ဖွန်းမုန်တိုင်း (ရာဂီ)ကြောင့် မြန်မာနိုင်ငံအတွင်းရှိ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီး စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများ ပိတ်သိမ်းရခြင်း၊ လယ်ယာမြေများ၊ သီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးကာ အခြေခံလူတန်းစားများအပါအဝင် လုပ်ငန်းရှင်များပါ စီးပွားရေး၊ လူမှုရေးထိခိုက်ခဲ့ရကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှ နည်းလမ်းမျိုးစုံဖြင့် ပံ့ပိုးပေးခဲ့ပြီး အလုပ်သမားဝန်ကြီးဌာနအနေဖြင့် သဘာဝဘေးဒဏ်ခံစားခဲ့ရသည့် လူမှုဖူလုံရေးအာမခံအလုပ်သမားများကို နည်းလမ်းရှာ၍ ကူညီပေးခဲ့ကြောင်း၊ ရှမ်းပြည်နယ်အတွင်း အလုပ်ဌာန ၇၀၀ ကျော်တွင် အာမခံအလုပ်သမား ၁၀၀၀၀ ကျော်ရှိသည့်အနက် အလုပ်ဌာန ၄၀ မှ ရေဘေးသင့်အာမခံအလုပ်သမား ၂၃၀ ကို လူမှုဖူလုံရေးအကျိုးခံစားခွင့်ငွေကျပ် ၂၀ ဒသမ ၆၈ သန်းနှင့် အလုပ်ခွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့် ငွေကျပ် ၁၀ ဒသမ ၂၈ သန်းနှင့် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၁၃ ဒသမ ၇၅ သန်းကို သက်ဆိုင်သူများထံ ယနေ့အခမ်းအနားတွင် ခွင့်ပြုထုတ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ကိုယ်စား လူမှုရေးရာဝန်ကြီးထံသို့ ရေဘေးသင့်အာမခံအလုပ်သမား ၂၃၀ အတွက် လူမှုဖူလုံရေးအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ငွေကျပ် ၂၀ ဒသမ ၆၈ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ကိုယ်စား လူမှုရေးရာဝန်ကြီးနှင့် အာမခံအလုပ်သမားတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

# "ဝါးပို့ကုန်မြှင့်တင်ရေးနှင့် ပြည်ပဈေးကွက်အလားအလာ" အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၇**

ဝါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး၊ မြန်မာနိုင်ငံမှဝါးထုတ်ကုန်များ ပြည်တွင်းဈေးကွက်ချဲ့ထွင်နိုင်ရေးနှင့် ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရေးတို့အတွက် "ဝါးပို့ကုန်မြှင့်တင်ရေးနှင့်ပြည်ပဈေးကွက်အလားအလာ" အလုပ်ရုံဆွေးနွေးပွဲကို ယနေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ - ၂ ၌ ကျင်းပသည်။



ဦးစွာ ဒုတိယဝန်ကြီး ဦးမင်းမင်းက ဝါးအရင်းအမြစ်များကို အသုံးပြုခြင်းဖြင့် လူနေမှုဘဝတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး၊ ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုကိုလျှော့ချရေး၊ ပို့ကုန်အလားအလာရှိသည့် ဝါးထုတ်ကုန်ပစ္စည်းများ ကုန်သွယ်မှုမြှင့်တင်ရေး၊ ဝါးလက်မှုပစ္စည်းလုပ်ငန်းသည် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေပြီး ပြည်တွင်းခရီးသွားများသာမက နိုင်ငံခြားခရီးသွားဧည့်သည်များကိုပါ ဝါးတန်ဖိုးမြှင့်ထုတ်ကုန်များကို ဆန်းသစ်တီထွင်ထုတ်လုပ်ပြီး လက်ဆောင်ပစ္စည်းအဖြစ် ထုတ်လုပ်ရောင်းချပါက ဝါးတောင်သူများနှင့် ထုတ်လုပ်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည့် အခွင့်အလမ်းများလည်း ရရှိနိုင်မည်ဖြစ်သည့်အတွက် ဝါးပို့ကုန်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဝါးထုတ်ကုန်များခင်းကျင်းပြသထားမှုကိုလှည့်လည် ကြည့်ရှုကြပြီး အလုပ်ရုံဆွေးနွေးပွဲတွင် ဝါးဈေးကွက်အခြေအနေများ၊ ထုတ်ကုန်များထုတ်လုပ်မှုအခြေအနေများ၊ ဝါးတန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးနှင့် ပြည်ပသို့တိုးမြှင့်တင်ပို့နိုင်ရေး၊ မြန်မာနိုင်ငံ၏ ဝါးစိုက်ပျိုးထုတ်လုပ်မှုနှင့် ဝါးသယံဇာတရေရှည်အသုံးချနိုင်ရေးစသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးအသင်း၊ မြန်မာနိုင်ငံ လက်မှုအနုပညာအသင်း၊ မြန်မာနိုင်ငံကြိမ်ဝါးအသင်း၊ မျှစ်နှင့် ဝါးစိုက်ပျိုးထုတ်လုပ်သူမျိုးတူစုအဖွဲ့နှင့် ဆက်စပ်ပို့ကုန်လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

(၅၀၀)

# MNL ပြိုင်ပွဲတွင် Dagon Port အသင်း အပြန်အလှန်သွင်းဂိုးများဖြင့် အနိုင်ရ

**ရန်ကုန် ဇန်နဝါရီ ၁၇**

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၆) ပထမနေ့ကို ဇန်နဝါရီလ ၁၇ ရက်က သုဝဏ္ဏကွင်း၌ကျင်းပရာ Dagon Port အသင်းက မဟာယူနိုက်တက်အသင်းကို ၃ ဂိုး-၂ဂိုးဖြင့် အနိုင်ရခဲ့သည်။

Dagon Port အသင်းသည် နောက်မှလိုက်ကစားကာ ဒုတိယပိုင်းသွင်းဂိုးများဖြင့် အနိုင်ရခဲ့ပြီး ဇယားအလယ်ပိုင်းသို့ရောက်ရှိရေး မျှော်လင့်ချက်နီးစပ်လာခဲ့သည်။ မဟာယူနိုက်တက်အသင်းသည် တစ်ဂိုးအသာဖြင့် ဦးဆောင်ပြီးမှဂိုးများပြန်ပေးရသလို သရေကျပြီးနောက်ပိုင်းတွင်လည်း ရမှတ်မယူနိုင်ခဲ့ပေ။

နှစ်သင်းစလုံး အမာခံကစားသမားများစုဖြင့် ပွဲထွက်လာသော်လည်း Dagon Port အသင်းသည် ပွဲအစတွင် ပြည်တွင်းကစားသမားများဖြင့် ပွဲထွက်လာပြီး နိုင်ငံခြားသားကစားသမားများကို နောက်မှလဲလှယ်အသုံးပြုခဲ့သည်။ ပွဲစကတည်းက နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားသော်လည်း ၃၄ မိနစ်တွင် အာကာကျော်၏သွင်းဂိုးဖြင့် မဟာယူနိုက်တက်အသင်းက ပထမပိုင်းအပြီးတွင် ဦးဆောင်နေသည်။ ၅၄ မိနစ်တွင် တိုးဆက်နိုင်ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့သဖြင့် Dagon Port အသင်း ချေပဂိုးရခဲ့ပြီး ၇၄ မိနစ်တွင် မိုဂူက ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ သို့သော် ၃ မိနစ်အကြာတွင် သက်နိုင်က မဟာယူနိုက်တက်အသင်းအတွက် ချေပဂိုး ပြန်သွင်းခဲ့သဖြင့် နှစ်ဂိုးစီသရေကျပြီး လက်ကျန်မိနစ်များမှာ အကြိတ်အနယ်ရှိခဲ့သည်။

Dagon Port အသင်းအတွက် အနိုင်ဂိုးကို ၈၄ မိနစ်တွင် လရောင်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို Dagon Port အသင်းမှ မျိုးဆက်ပိုင်က ရရှိသည်။ ယခုပွဲအပြီးတွင်မဟာယူနိုက်တက်အသင်းက ၁၆ ပွဲကစား ရမှတ် ၂၀၊ Dagon Port အသင်းက ၁၆ ပွဲကစား ၁၅ မှတ် ရရှိထားသည်။



ပွဲစဉ် (၁၆) ဒုတိယနေ့ကို ဇန်နဝါရီလ ၁၈ ရက် **(ယနေ့)** တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

★ ရှေ့ဖုံးမှအဆက်

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ၌ မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူဆောင်ရွက်ချိန်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ရှေ့လုပ်ငန်းစဉ် (၅)ရပ်သည် နိုင်ငံတော်၏ရည်မှန်းချက်၊ နိုင်ငံရေးမျှော်မှန်းချက်များဖြစ်ကြောင်း၊ ဦးတည်ချက် (၉) ရပ်သည်မူဝါဒများဖြစ်ပြီး အစိုးရအဖွဲ့၏ လုပ်ငန်းတာဝန်အနှစ်ချုပ်ပင်ဖြစ်ကြောင်း၊ အဆိုပါရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများကို ပြန်လည်သုံးသပ်ကြည့်ရန်လိုကြောင်း။

နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်မှာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးပင်ဖြစ်ကြောင်း၊ ဦးတည်ချက်များကို ချမှတ်ဆောင်ရွက်ခြင်းသည် အမျိုးသားရေးရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ချမှတ်ဆောင်ရွက်ထားခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့မည်မျှအကောင်အထည်ဖော်နိုင်ခဲ့သည်ကို ဝန်ကြီးဌာနအလိုက်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သုံးသပ်ကြည့်စေလိုကြောင်း။

**နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်**

မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပွားခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ခေတ္တဝင်ရောက်တာဝန်ယူရသည့် အစိုးရတစ်ရပ်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည်

**❖ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များတွင် အဆင့်နှင့်အညီ လွှတ်တော်အစည်းအဝေးလုပ်ဆောင်နိုင်စွမ်းရှိရမည်ဖြစ်ပြီး သိက္ခာရှိသည့်လွှတ်တော်ဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်. . .**

**❖ MSME ထုတ်ကုန်ပစ္စည်းများတိုးမြှင့်ထုတ်လုပ်နိုင်ရန် အလားအလာကောင်းသည့် နယ်ပယ်များနှင့်ဒေသများတွင် အရင်းအနှီးများလိုအပ်ပါက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှအရင်းအနှီးထုတ်ချေးပေးခြင်းဖြင့် လုပ်ငန်းအရှိန်မြှင့်တင်ပေးသွားမည်ဖြစ်. . .**

**❖ နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူမှုလုပ်ငန်းများအတွက် အရင်းအနှီးလိုအပ်ချက်များကိုလည်း နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်. . .**

၎င်းတို့နိုင်ငံတိုးတက်ရေးအတွက် အမြဲတမ်းစဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေကြကြောင်း၊ ထို့ကြောင့်မိမိတို့အနေဖြင့်လည်း နောက်တွင်မကျန်ခဲ့စေရန်အတွက် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေရခြင်းဖြစ်ကြောင်း။

**နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်လို**

နိုင်ငံ့စီးပွားရေးတိုးတက်ရေးအတွက် လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်များရရှိစေရေး ပညာရေးကဏ္ဍကို မြှင့်တင်ပေးနိုင်ရန်အတွက် KG + 9 အထိ မသင်မနေရပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးမွေးမြူရေးကိုအခြေခံသည့် စက်မှုလုပ်ငန်း (Agro Base Industry) ကိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်မည်ဆိုပါက နိုင်ငံ့စီးပွားနှင့်ပြည်သူတို့၏လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် နည်းပညာအထက်တန်းကျောင်းများဖွင့်လှစ်နိုင်ရေးကိုလည်း ဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့အနေဖြင့်ခေတ်မီစိုက်ပျိုးမွေးမြူရေးစနစ်သို့သွားနိုင်ရန် ပထမဦးစွာ သမားရိုးကျစိုက်ပျိုးမွေးမြူရေးစနစ်များအစား စနစ်ကျနသည့် စိုက်ပျိုးမွေးမြူရေးသို့သွားရန်လိုကြောင်း၊ ၎င်းအတွက်လူသားအရင်းအမြစ်များလိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးကိုကျွမ်းကျင်မှုရှိသည့် လူသားအရင်းအမြစ်များမွေးထုတ်ပေးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ဒေသအလိုက်ရှိပြီးဖြစ်သည့် ထိန်းသိမ်းရန်လိုအပ်သော မြန်မာ့ယဉ်ကျေးမှုအတတ်ပညာရပ်များကို ဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက်လည်း လူသားအရင်းအမြစ်များလိုအပ်ကြောင်း၊ ဥပမာအားဖြင့် ယွန်းအတတ်ပညာကဲ့သို့ မြန်မာ့ယဉ်ကျေးမှုအတတ်ပညာများကို တတ်မြောက်သည့် ယွန်းအတတ်ပညာရှင်များလည်း စဉ်ဆက်မပြတ်မွေးထုတ်နိုင်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံအတွက်အခြေခံလိုအပ်သည့် အသိပညာ၊ အတတ်ပညာများ သင်ကြားနေသည့်ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့စရိတ်များကိုလည်း ထောက်ပံ့ပေးသွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး တက္ကသိုလ်များကိုလည်း ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရေးစီမံဆောင်ရွက်လျက်ရှိကြောင်း။

**ကျောင်းနေရာခိုင်နှုန်းမြင့်မားရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်လို**

ကျောင်းနေအရွယ်ကျောင်းသား၊ကျောင်းသူများ ကျောင်းတက်ရောက်နိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့် နည်းလမ်းမျိုးစုံဖြင့်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေရာခိုင်နှုန်းများ လျော့နည်းနေသေးကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တည်ငြိမ်အေးချမ်းမှုရှိသည့်မြို့နယ်တိုင်းတွင် ကျောင်းနေရာခိုင်နှုန်းများ မြင့်မားစေရေး ဆောင်ရွက်သွားရန်လိုကြောင်း။

မိမိတို့အစိုးရတာဝန်ယူချိန်တွင် စာသင်ကျောင်းများ၏ ဥပဓိရုပ်များကောင်းမွန်ရေးနှင့် သင်ထောက်ကူပစ္စည်းများပြည့်စုံမှုရှိစေရေး၊ ဆရာ၊ ဆရာမများအတွက် အကျိုးခံစားခွင့်များရရှိစေရေး ရရှိထားသည့်ဘွဲ့များအလိုက် ထောက်ပံ့မှုများကိုဆောင်ရွက်ပေးထားကြောင်း၊ ဆရာ၊ ဆရာမများအား အသိအမှတ်ပြုရန်၊ ချီးမြှင့်ပေးရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဆောင်ရွက်သွားရန်လိုကြောင်း၊ လူငယ်များနှင့်ပတ်သက်၍ ၂၀၂၄ ခုနှစ်အတွင်း ကျောင်းပေါင်းစုံအားကစားပွဲများ၊ အမျိုးသားအားကစားပွဲတော်နှင့် တပ်မတော်အားကစားပွဲများကျင်းပပြုလုပ်ခဲ့ကြောင်း၊ ထိုသို့ပြုလုပ်ရခြင်းသည် ကျန်းမာသန်စွမ်းသည့် လူငယ်လူရွယ်များဖြစ်စေရေး၊ အားကစားကိုမြှင့်တင်ခြင်းသည် နိုင်ငံတော်ကိုချစ်သည့်စိတ်၊ နိုင်ငံတော်ကိုကာကွယ်လိုသည့်စိတ်များ ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် လှုပ်ရှားမှုများကို ဆက်လက်ဆောင်ရွက်နေကြစေလိုကြောင်း။

**လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ**

ရှေ့လုပ်ငန်းစဉ်များအနက် နောက်ဆုံးအချက်ဖြစ်သည့် လွတ်လပ်၍တရားမျှတသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ကျင်းပနိုင်ရေးအတွက် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကိုဆောင်ရွက်ခဲ့ကြောင်း၊ ကောက်ခံရရှိသည့် အချက်အလက်များအရ လူဦးရေအနေဖြင့်ကျဆင်းလျက်ရှိပြီး ၅၁ သန်းကျော်ခန့်သာရှိသည်ကို တွေ့ရှိရကြောင်း၊ မွေးဖွားနှုန်းကျဆင်းခြင်း၊ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပနိုင်ငံများသို့ ထွက်ခွာသူများပြားလာခြင်း၊ အကြောင်းအမျိုးမျိုးဖြင့် သေဆုံးမှုများရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ လူဦးရေကျဆင်းမှုကြောင့် ပြည်တွင်းလုပ်သားများ ရှားပါးလာကြောင်း၊ အလားတူရွေးကောက်ပွဲကျင်းပရာ၌လည်း အတိုင်းအတာတစ်ခုအနေဖြင့် သက်ရောက်မှုများရှိလာနိုင်ကြောင်း၊ ရွေးကောက်ပွဲ

ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်သည့် အခြေအနေမျိုးဖြစ်ရန်အတွက် ဖိဖိစီးစီးဖြင့် ဆက်လက်ဆောင်ရွက်ကြစေလိုကြောင်း၊ **ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များတွင် အဆင့်နှင့်အညီ လွှတ်တော်အစည်းအဝေးလုပ်ဆောင်နိုင်စွမ်းရှိရမည်ဖြစ်ပြီး သိက္ခာရှိသည့်လွှတ်တော်ဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်**ကြောင်း။

**ဒေသထွက် စားသောက်ကုန်ပစ္စည်းများ၊ အဝတ်အထည်ပစ္စည်းများကို အရည်အသွေးမြင့် ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်သည့်အတွက် ဈေးကွက်ပိုမိုရရှိလာပြီး လူမှုစီးပွားဘဝများသည်လည်း တိုးတက်လာမည်**

မိမိအနေဖြင့် မကြာသေးမီရက်ပိုင်းအတွင်းက မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာနှင့် ပြင်ဦးလွင်ဒေသတို့ရှိ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းဆောင်ရွက်မှုများအနေဖြင့် အားရကျေနပ်ဖွယ်ကောင်းသည်ကို တွေ့ခဲ့ရကြောင်း၊ ထုတ်ကုန်ပစ္စည်းများ ယခင်ထက်ပိုမိုထုတ်လုပ်လာနိုင်သည်ကို တွေ့ရှိရပြီး ထုပ်ပိုးမှုပိုင်းနှင့် အရည်အသွေးပိုင်းများသည်လည်း ကောင်းမွန်သည်ကို တွေ့ရှိရကြောင်း၊ MSME လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသတွင်းမှရရှိသည့် ကုန်ကြမ်းများကို အခြေခံသည့်ကုန်ချောပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာဈေးကွက်တွင် ဝယ်လိုအားရှိသည့် ထုတ်ကုန်ပစ္စည်းများ ကုန်ကြမ်းမပြတ်ရရှိရေး မိမိတို့အနေဖြင့် ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ ဝါ၊ ဝါး၊ ရော်ဘာ၊ ကော်ဖီတို့နှင့်ပတ်သက်၍ MSME လုပ်ငန်းများတွင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးရှိစေမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် တိုင်းပြည်စီးပွားရေးကောင်းမွန်စေရေး ကိုယ့်အားကိုယ်ကိုး၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်၍ အရည်အသွေးကောင်းမွန်သည့် ပို့ကုန်ပစ္စည်းများပိုမိုထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်ပပို့ကုန်တိုးတက်တင်ပို့နိုင်ရေးအတွက် မိမိတို့နိုင်ငံမှထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများသည် အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသင့်တင့်ရန်နှင့် ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသည့် ထုတ်ကုန်ဖြစ်ရန်လိုကြောင်း၊ ထို့ကြောင့် ဈေးကွက်သုတေသနကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန်နှင့် မိမိတို့၏ထုတ်ကုန်များ ဈေးကွက်ခိုင်မာမှုရှိစေရေးအတွက်လည်း ဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံမှထုတ်လုပ်သည့် ဆန်နှင့်ပဲများသည် ဈေးကွက်ရရှိပြီးဖြစ်သဖြင့် ယခုထက် အရည်အသွေးပိုမိုကောင်းမွန်သည့် ဆန်နှင့်ပဲများတင်ပို့နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် ဂုဏ်သတင်းရှိပြီးဖြစ်သည့် ပေါ်ဆန်းမွှေးဆန်ရောင်းအားမြှင့်တင်ရန်လိုကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခင်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းအနှီးထုတ်ပေးခဲ့ပြီး ထပ်မံ၍လည်း **MSME ထုတ်ကုန်ပစ္စည်းများတိုးမြှင့်ထုတ်လုပ်နိုင်ရန် အလားအလာကောင်းသည့် နယ်ပယ်များနှင့် ဒေသများတွင် အရင်းအနှီးများလိုအပ်ပါက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းအနှီးထုတ်ချေးပေးခြင်းဖြင့် လုပ်ငန်းအရှိန်မြှင့်တင်ပေးသွားမည်ဖြစ်**ကြောင်း၊ ဒေသတွင်းနေထိုင်သည့်လူဦးရေနှင့်ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်မည်ဆိုပါက အသားငါးများ ဈေးနှုန်းကြီးမြင့်မှုကို တတ်နိုင်သမျှ ထိန်းညှိပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရေး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းအနှီးထုတ်ချေးပေးသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ယူဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်မှအရင်းအနှီးဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် စည်းမျဉ်းစည်းကမ်းများရှိသည်ဖြစ်သဖြင့် တစ်ဦးချင်းမဟုတ်ဘဲ စုပေါင်းသမဝါယမစနစ်ဖြင့်လည်း ဆောင်ရွက်၍ရနိုင်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများဆွေးနွေး၍ စုပေါင်းသမဝါယမစနစ်ဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ဖော်ဆောင်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း။




ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်စဉ်။

**❖ ဝါ၊ ဝါး၊ ရော်ဘာ၊ ကော်ဖီတို့နှင့်ပတ်သက်၍ MSME လုပ်ငန်းများတွင် ထိထိရောက်ရောက်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးရှိစေမည်ဖြစ်. . .**

**❖ မိမိတို့အနေဖြင့်တိုင်းပြည်စီးပွားရေးကောင်းမွန်စေရေးကိုယ့်အားကိုယ်ကိုး၍ဆောင်ရွက်ရမည်ဖြစ်၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်၍အရည်အသွေးကောင်းမွန်သည့် ပို့ကုန်ပစ္စည်းများပိုမိုထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားရမည်ဖြစ်၊ ပြည်ပပို့ကုန်တိုးတက်တင်ပို့နိုင်ရေးအတွက် မိမိတို့နိုင်ငံမှထုတ်လုပ်သည့်ထုတ်ကုန်ပစ္စည်းများသည် အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသင့်တင့်ရန်နှင့် ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသည့်ထုတ်ကုန်ဖြစ်ရန်လို၊ ဈေးကွက်သုတေသနကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန်နှင့် မိမိတို့၏ထုတ်ကုန်များဈေးကွက်ခိုင်မာမှုရှိစေရေးအတွက်လည်း ဆောင်ရွက်နေရမည်ဖြစ်. . .**

**ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှအလုပ်လုပ်နိုင်မည် ဖြစ်သဖြင့် ပြည်သူများ၏ကျန်းမာရေး ကဏ္ဍမြှင့်တင်ရေး အထူးအလေးထား ဆောင်ရွက်ပေးသွားရန်လို**

ကျန်းမာရေးနှင့်ပတ်သက်၍ ဆေးရုံတိုင်းတွင် ဆရာဝန်ရှိရမည်ဟု မူဝါဒချမှတ်ပေးထားပြီးဖြစ်သော်လည်း အချို့သောဆေးရုံများ၌ ဆရာဝန်များမရှိကြောင်း သိရှိရသဖြင့် သက်ဆိုင်ရာနယ်မြေများလည်း အကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ဒေသနှင့်နိုင်ငံ၏ အကျိုးနှင့်ပတ်သက်ပါက ပြောသင့်ပြောထိုက်သည်များကို မဖြစ်မနေပြောဆိုရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များကို တွန်းတွန်းတိုက်တိုက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုပြီး ရည်မှန်းချက်များကို အလိုက် စိစစ်ဆောင်ရွက်တင်ပြသွားရန်လိုကြောင်း၊ ကျန်းမာရေးဝန်ထမ်းအခက်အခဲများကို နိုင်ငံတော်မှဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှအလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် ပြည်သူများ၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးကို အထူးအလေးထား ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ကျန်းမာရေးနှင့်မညီညွတ်သော အသောက်အစား၊ အစားအသောက်နှင့် အသုံးအစွဲများကို လျှော့ချဆောင်ရွက်သွားမည်ဆိုပါက တစ်ဦးချင်းစီ၊ မိသားစုတစ်စုချင်းစီအတွက် အကျိုးရှိစေနိုင်သည်သာမက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်ခိုင်မာမာဖြင့် ရပ်တည်ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ပြောကြားသည်။

**အသီးသီးရှင်းလင်းတင်ပြ**

ယင်းနောက်နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက စိုက်ပျိုးရေးကဏ္ဍနှင့်စပ်လျဉ်း၍ မိုးစပါးနှင့် ဆီထွက်သီးနှံစိုက်ကေလျာထားမှုနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေး တိုးချဲ့စိုက်ပျိုးဆောင်ရွက်ထားမှု အခြေအနေများ၊ ကုန်ထုတ်လုပ်မှုနှင့် ပြည်ပသို့တင်ပို့နိုင်မှုအခြေအနေများ၊ အခြေခံပညာနှင့် အဆင့်မြင့်ပညာအဆင့် ပညာသင်ကြားသင်ယူမှုအခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်ပေးမှု ပိုမိုလွှမ်းခြုံနိုင်ရေး ဆောင်ရွက်ထားရှိမှုများ၊ အသားငါးကဏ္ဍ ဖူလုံမှုရှိစေရေး ဆောင်ရွက်ထားရှိမှုများ၊ စက်မှုဇုန်များ တိုးတက်လည်ပတ်နိုင်ရေး ဆောင်ရွက်ထားမှုများ၊ စီမံကိန်းလုပ်ငန်းများ သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးနိုင်ရေးဆောင်ရွက်နေမှုများ၊ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေကောက်ခံရရှိမှု အခြေအနေများ၊ ပြည်ပကုန်သွယ်မှုနှင့် နိုင်ငံခြားငွေရရှိမှုအခြေအနေများ၊ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး မြှင့်တင်ဆောင်ရွက်နေမှုနှင့် ခရီးသွားဧည့်သည်ဝင်ရောက်မှု အခြေအနေများ၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး အားပေးဆောင်ရွက်နေမှု အခြေအနေများ၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှုနှင့် သုံးစွဲမှုအခြေအနေများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ကဏ္ဍအလိုက်ချေးငွေများ ထုတ်ချေးပေးနေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

**နိဂုံးချုပ်အမှာစကားပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ပညာရေးနှင့်ပတ်သက်၍ အဝေးသင်ပညာရေးသည် နိုင်ငံတကာတွင်လည်းအောင်မြင်နေသည့်ပညာရေးစနစ်တစ်ခုဖြစ်ပြီး ယခင်ကလည်းအရေးပေးဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိ အဝေးသင်ပညာရေးစနစ်တွင် ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ် ပညာတတ်မြောက်မှုရှိစေရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ MSME လုပ်ငန်းတွင် စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ဝါ၊ ဝါး၊ ရော်ဘာနှင့်ကော်ဖီတို့ကို အရည်အသွေးပြည့်မီသည့် ကုန်ချောများအဖြစ် ထုတ်လုပ်နိုင်ရေး ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ရော်ဘာနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ကုန်ကြမ်းများအလုံအလောက်ထွက်ရှိပြီးဖြစ်သဖြင့် နည်းပညာနှင့်အရင်းအနှီးကြီးမားစွာဆောင်ရွက်ရန်မလိုသည့် စက်ဘီး၊ ဆိုင်ကယ်တို့တွင် အသုံးပြုသည့် တာယာနှင့်ကျွတ်များ အမျိုးအပြားထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်မည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအနေဖြင့်လည်း အရည်အသွေးမြင့်ရော်ဘာထုတ်ကုန်များထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း။

**စာမျက်နှာ ၁၅ သို့**☆

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses Union Government meeting

# Aid from National Disaster Management Fund ready for persons temporarily displaced by terrorist attacks



Senior General Min Aung Hlaing delivers address at the meeting.

NAY PYI TAW January 17

The Union Government held a meeting at the meeting hall of the State Administration Council Chairman's Office here this morning, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, union ministers, union level dignitaries, and officials. The Nay Pyi Taw Council chair and region/state chief ministers attended the meeting through video conferencing.

**Implementation of adopted roadmap and objectives in progress for national development**

In his keynote address, the Senior General said SAC, the government in office, is now implementing the adopted roadmap and objectives for national development. The five-point roadmap is the goal of the nation as well as the political vision. The objectives are the policy and the essence of the government's functions and duties. The progress in implementing the said roadmap and objectives must be reviewed. The national goal is national prosperity and abundance of food. The implementation of objectives is to realize the goal. Ministries and regions and states must review their work to measure the extent of success in implementing the roadmap and objectives.

**Endeavours for national progress**

SAC is a government that has taken the responsibilities of the State temporarily in accord with the 2008 Constitution due to vote rigging during the 2020 multi-party democracy general election. Every country in the world is making ongoing efforts for its development. In order to catch up with other countries, the SAC too is exerting efforts for economic development.

**Generation of educated human resources, the main requirement for national economic development**

The government has implemented the KG+9 compulsory education system in order to promote the education sector for availability of educated human resources, the focal point for national economic development. As the agro-based industry development and the progress of national economy and socio-economic life are parallel to one another, the government has opened agriculture and livestock and technological high schools.

First, we must replace conventional farming with systematic farming as it is a way towards modern farming, and this process needs human resources as well as collective efforts to bring about human resources, skilled in farming, region/state wise. The country also needs human resources that will preserve the locally existing Myanmar cultural craftsmanship. For example, the country must continue the work of producing lacquer experts. Hence, stipends will be provided for students pursuing basic intellectual and technological knowledge, while extension of universities teaching farming technologies is in progress.

**Collective efforts for increasing school attendance rate**

The State is applying multiple means to increase the number of school age children in classes. Sadly, the school attendance rate is still low due to various reasons. Efforts should be made to increase the school attendance rate in towns by regions and states where peace and stability prevails.

During the tenure of our government, we have provided support based on the qualifications obtained, improved the appearance of schools, ensured the provision of adequate teaching materials, and extended benefits to teachers.It is essential to implement measures to recognize and reward teachers in every region and state. For youth development, various sports events such as the Multi-School Sports Event, the National Sports Event, and Tatmadaw Sports Event were successfully organized in 2024. These initiatives aim to foster healthy and resilient young individuals. The promotion of sports also seeks to inspire a sense of patriotism and a commitment to safeguarding the nation. Efforts are expected to continue across all regions and states.

**Efforts are underway to ensure peace, stability, and the rule of law as part of the preparations for conducting free and fair multi-party democracy general elections**

The final step in the future process is to conduct a population and housing census to facilitate free and fair general elections. According to the collected data,

See Page - 19

●● From Page - 18

the population has decreased and now stands at just over 51 million.This decline is attributed to a decreasing birth rate, a growing number of individuals migrating to foreign countries for various reasons, and an increase in deaths due to different causes. As a result, the population decrease has led to a shortage of local workers.Similarly, the population decline may have some impact on the conduct of elections. To facilitate the election, preparations are underway to ensure peace, stability, and the rule of law.He emphasized the importance of continued efforts to establish conditions favorable for holding elections. **PyithuHluttaw, AmyothaHluttaw, and Region and State Hluttaws must possess the capacity to convene their respective sessions effectively and strive to uphold the dignity of their institutions.**

**High-quality production of local food products and clothing can enhance market access and contribute to improving socio-economic conditions**

During a recent visit to the Mandalay Region, including Meiktila and PyinOoLwin, I inspected the implementation of micro, small and medium enterprises (MSME) projects and found their operations to be satisfactory.It was observed that production had increased compared to previous levels, and the packaging and quality of the products were also found to be of a high standard.In carrying out MSME activities, it is essential to promote the production of final products using locally sourced raw materials. Additionally, we must ensure a steady supply of raw materials for products that are in demand in international markets.Effective measures in MSME businesses related to cotton, bamboo, rubber, and coffee can significantly contribute to the country's economic development.

We must depend on our own efforts to enhance the country's economy and promote MSMEs to increase the production of high-quality export goods.To boost exports, domestically manufactured products must be of high quality, affordably priced, and aligned with market demands.Therefore, we must consistently conduct market research and ensure that our products maintain a strong presence in the market.

As rice and beans produced in our country have established a market, we must focus on exporting higher-quality rice and beans. For instance, we need to enhance the sales of the renowned Paw San Hmwe rice.The National Economic Development Fund has previously provided capital to support the development of MSMEs. **If additional capital is required in regions with strong potential to increase MSME product production, the Fund will offer capital loans to accelerate business growth.** By increasing farming activities tailored to the local population's needs, the rising prices of meat and fish can be effectively controlled. Therefore, capital will be allocated from the National Economic Development Fund to expand operations, and it is essential for regions and states to take responsibility for the implementation.Since there are rules and regulations for conducting businesses with state-funded capital, operations can be carried out not individually, but also through a collective cooperative system. Therefore, the relevant ministries must engage in discussions and take action to enhance the national economy through a collective cooperative system.

**It is necessary to place emphasis on public health sector as people can study and work only when they are healthy**

Although the policy that every hospital must have doctors has been adopted, it was learnt that some hospitals do not have doctors and it is necessary for relevant areas to check and report the situation. The government will address the shortages of health workers. It is necessary to place emphasis on the public health sector as people can study and work only when they are healthy. If one can reduce the consumption of unhealthy food, foodstuff and spending, it will be beneficial not only for each individual and family but also for economic development of the country. Therefore, administrative authorities are required to say what is beneficial for regions and the country without fail. It is necessary to implement the road map and objectives adopted by the State Administration Council relentlessly by resolutely working towards goals.

**Reports submitted**

Then, the chairman of Nay Pyi Taw Council and chief ministers of regions and states reported to the Senior General on targeted cultivation acreage of monsoon paddy and oil crops, measures to expand cultivation acreage to meet targeted yields, production and exports, teaching and learning basic and higher education, steps taken for coverage of healthcare services, tasks being carried out of sufficiency of the meat and fish sector, works carried out for smooth operations of industrial zones, timely completion of projects, collection of state revenues, foreign trade and foreign exchange earnings, promotion of development of tourism and arrivals of tourists, measures taken for development of MSMEs, electricity supply and usage and disbursement of loans from the national economic promotion fund to respective sectors. Union ministers also reported to the Senior General on implementation of tasks and future tasks for respective sectors.

**Concluding remarks made**

Afterward, the Senior General made concluding remarks, saying in the education sector, distant education is a successful education system in the international community and it was encouraged in the past. Responsible officials are required to systematically supervise the current distant education system to enable students to actually acquire education. It has been instructed that high quality finished products must be manufactured from industrial raw materials like cotton, bamboo, rubber and coffee in MSMEs. In connection with rubber, the country can produce enough raw materials and if mass production of tyres and tubes for bicycles and motorcycles, which does not require technologies and massive investment, is encouraged, it will greatly contribute to economic development of the country. Relevant ministries and regions and states are required to take measures to manufacture high quality rubber products.

There are ways to get water for agriculture including rain water, irrigation water, underground water and river water. Areas near rivers can implement river water pumping projects depending on tasks being carried out for the development of the agriculture sector. Electricity necessary for river water pumping projects can be generated from solar energy. Like solar projects implemented by the government, entrepreneurs can implement their own solar projects according to their needs. **The government will fulfill the investment needs for electricity generation from solar energy.**

**Necessary assistance for temporarily displaced persons due to terrorist attacks will be provided from national disaster management fund**

In connection with national disaster management, **measures are being taken to provide necessary assistance for temporarily displaced persons due to terrorist attacks, which is one of natural disasters.** Statistics are being collected in respective regions and states. It is necessary to exert efforts for economic development of the country and welfare of the grassroots without fail. Although politics is not economy, economy is politics and national affairs. Only when the economy is strong, will multiple sectors including politics, economy and defence be strengthened and everyone is urged to make concerted efforts to strengthen the economy of the country. After the concluding remarks, the meeting came to a close. **100**

■■ From Page - 21

publicity subcommittee, and finance subcommittee explained the work being carried out by their respective committees and the arrangements to be continued.

After that, the attendees made clarifications on the necessary matters for the successful holding of the MSME product exhibition and competition, and the Vice-Senior General Soe Win made a concluding remark by coordinating and summarizing the necessary matters.

This union-level MSME product exhibition and competition will be held at the Tapaung Ground, south of Upattasandi Pagoda in Nay Pyi Taw, from February 10 to 14, with approximately 80 pavilions including ministerial pavilions, regional/state pavilions, traditional food stalls, business-to-business (B2B) linkages, technology pavilions, foreign machinery and product pavilions, and small-scale industrial and cooperative product pavilions. A total of 31 types of awards will be given for various product categories.

**100**

# Taninthayi Region's bamboo jelly gains popularity and sales

MYEIK January 17

According to Myeik local food sellers, bamboo jelly, which is a natural food originating from Taninthayi Region, has become popular and sales have been good.

It has become popular in Yangon Region and is said to be beneficial to health, so orders from all over the area have increased.

"The best-selling product right now is bamboo jelly. It is made from short bamboo during the rainy season. Drinking it as a cold is good for the kidneys. It cools the heart. Many people order it as they like it. Locals also order it. This product is not available in December. Its production started in June. It is like a jelly. It is beneficial to health. It is not even as hard as jelly, but softer. Many people in Yangon now know about it," said an official from the Shwelet Myeik food trading in Kyaukmyaung.

With a jelly-like or edible bird's nest-like texture and a strong aroma of green bamboo, it is commonly used by Myeik locals to serve guests cold drinks.

"It can be stored in the refrigerator for about a month. Its taste has a slight bamboo smell. You can mix it with milk and sugar, or lemon and sugar. The price is cheap. Everyone can afford it. It costs only five thousand kyats for a one-litre bottle," he explained.

**SMK**

# Two men hospitalized with mosquito borne viruses in northeast Australia

SYDNEY January 17

Two men in the northeastern Australian state of Queensland have been hospitalized with rare and potentially deadly mosquito-borne viruses.

An elderly man from the city of Townsville, over 1,000 km northwest of Brisbane, has been admitted to hospital with dengue fever despite being vaccinated against it, marking the region's first breakthrough in five years, Australian Broadcasting Corporation (ABC) quoted Queensland health authorities as saying on Friday.

At the same time a middle-aged man from Townsville, who recently traveled to southern Queensland, was in hospital with Japanese encephalitis virus (JEV).

It was the first confirmed human case of JEV in Queensland since 2022.

Townsville Public Health Unit Director Steven Donohue told reporters on Friday that both men were in stable condition.

He said that the elderly man was unlucky because local mosquitoes in the Townsville area carry a bacteria that blocks transmission of dengue.

Mosquitoes from the area where he was bitten have been collected for analysis.

Both dengue fever and JEV are types of flavivirus that can be fatal in rare cases.

Health authorities in the east coast states of New South Wales and Victoria have issued warnings over JEV in January after detecting it in mosquitoes.

**Xinhua**

# China completes main structure of world's tallest bridge

GUIYANG January 17

China on Friday finished the construction of the main structure of a bridge in its southwestern Guizhou Province, which is set to become the world's tallest bridge.

The last steel girder weighing about 215 tons was precisely hoisted into place on Friday afternoon, connecting sections of the Huajiang Grand Canyon Bridge currently under construction.

A project of Guizhou Transportation Investment Group Co., Ltd., the suspension bridge has a vertical height of 625 meters from the bridge deck down to the river surface roughly twice the height of the Eiffel Tower.

The 2,890-meter bridge, with a span of 1,420 meters, is also the world's largest span bridge to be built in a mountainous area.

**Xinhua**



China completes main structure of world's tallest bridge.

# Seven killed, over 400 injured during bullfighting sports events in India's Tamil Nadu

NEW DELHI January 17

At least seven people, mostly spectators, were killed and over 400 others injured by bulls at the bullfighting sports events in southern India, multiple local media reported Friday.

The deaths and injuries were reported on Thursday during the events held in various parts of the southern Indian state of Tamil Nadu.

The reports said two bulls also died in separate incidents. A bull died during an event in Pudukkottai, while a bull owner and his bull died at Siravayal Village in Sivaganga District during a bull chasing event.

Officials said most of the deaths and injuries took place outside the arenas, where bull owners usually collect their bulls after the run in the presence of huge crowds.

**Xinhua**

# At least 86 Palestinians killed in Gaza after ceasefire announcement



At least 86 Palestinians killed in Gaza after ceasefire announcement.

GAZA January 17

At least 86 Palestinians, including 23 children, were killed in Gaza following Wednesday's announcement of the Israel-Hamas ceasefire agreement, the Palestinian Civil Defence said on Thursday evening, amid ongoing Israeli attacks on the strip.

Of the total deaths, 73 were reported in the Gaza City in the north, four in central Gaza, and nine in the south, the Civil Defence said in a press statement.

The dead included 23 children and 27 women, while more than 258 others sustained varying injuries, according to the statement.

For its part, the Israeli army said that its air force targeted about 50 sites across Gaza in the past hours.

The targets included members of Hamas and Islamic Jihad, military buildings, weapon storage facilities, rocket-launching sites, weapons production sites, and observation posts, it said in a press release.

It also accused Hamas of "systematically violating international law by brutally exploiting civilian institutions and populations as human shields for its activities," adding that it will continue to act decisively against such organizations.

Egypt, Qatar, and the United States, which have been mediating between Israel and Hamas to bring an end to the conflict in Gaza, announced in a joint statement that the two parties had reached an agreement for a prisoner and hostage exchange, along with a return to sustainable calm, aiming for a permanent ceasefire between them.

The agreement is expected to take effect on Sunday.

Since October 7, 2023, Hamas and Israel have been engaged in a fierce conflict that has killed over 46,000 Palestinians in Gaza and caused unprecedented destruction. The conflict began after Hamas launched a surprise attack on Israel, killing Israelis and taking hostages.

**Xinhua**

# Woman dies after being attacked by swarm of bees in Northeastern Cambodia

PHNOM PENH January 17

A 49-year-old woman had died after being attacked by a swarm of bees in northeastern Cambodia's Mondulkiri Province, the National Police said on Friday.

The rare accident occurred on Wednesday afternoon in Pechreada District's PuKreng Village when the victim was lying in a hammock under an avocado tree.

"Experts inspected the victim's face and body and found that the swarm of bees stung her 67 times," the National Police said on its website.

The woman was soon taken to a local health center, but the doctor pronounced that she was dead from complications due to the bee stings before reaching the health center.

"Our experts concluded that the woman was killed by bee stings," the National Police said.

According to the police, the swarm was likely a traveling one because there was no evidence of a bee colony in trees around the scene.

**Xinhua**

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win delivers speech at coordination meeting to hold Union Level MSME product exhibitions and competitions



Vice Senior General Soe Win delivers address at the meeting.

NAY PYI TAW January 17

A meeting to hold the Union Level MSME product exhibitions and competitions took place at the meeting hall of the Ministry of Industry in Nay Pyi Taw this afternoon, with an address by Chairman of the MSME Development Work Committee Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present at the meeting were Union Minister for Industry Dr Charlie Than, Nay Pyi Taw Council Chairman U Than Tun Oo, the Nay Pyi Taw Council member, the Vice Mayor, departmental heads and officials.

Speaking at the meeting, the Vice-Senior General said that Union Level MSME product exhibitions and competitions aims to continuously enhance products and services of MSME businesses, to use new value-added products at home and penetrate foreign markets, enhance collaborative efforts among MSME businesses in regions and states to supply needs of regions each other in the production chain and expose weak and strong points of processes, encourage relevant one region-one product businesses to have success, further create linkages between MSME businesses and internal and external investors, award Union level MSME model product prizes and enable MSME businesses to operate in the long run.

Moreover, the exhibitions and competitions must contribute to observation over weak and strong points of domestic products from Nay Pyi Taw Council Area, regions and states to improve their products. This will allow for necessary improvements and the opportunity for products to receive national-level branding. The exhibition and competition aim to ensure consumers are aware of the quality standards of products through certifications, which will lead to positive outcomes. Through the displays and presentations by relevant ministries, agencies, and business owners participating in the event, it will facilitate connections between MSME and related ministries, organizations, and businesses, creating opportunities for them to access resources, methods, practices, and other benefits provided by the ministries and affiliated organizations.

Regarding MSME products, business owners and officials should engage in discussions to understand the changes in customer behaviour, technology, information, investment, and market trends both internationally and within their own country. They should also be monitor the ongoing digital transformation, the use of online banking systems, and how to adapt to these changes. The shift from in-store purchasing systems to online marketing systems should be understood, as well as regional preferences and consumption patterns. By staying informed and adaptable to market changes, they will be able to use online marketing and online payment systems more widely and effectively.

Moreover, through MSME exhibitions and competitions, new, high-quality products will emerge, and by exporting these quality products, foreign exchange earnings will be generated. Therefore, MSMEs should strive to export their products by understanding the product requirements and regulations of the importing countries. For example, to export products to China, it is necessary to obtain General Administration of Customs of the People's Republic of China (GACC) approval. Similarly, they should also be aware of the trade restrictions of other countries. Therefore, relevant ministries should provide information and technology to entrepreneurs in a timely manner through various channels.

This MSME exhibition and competition is organized by the working committee, and the relevant working committees and subcommittees should learn from previous experiences and coordinate with each other to prevent shortcomings, weaknesses, and difficulties. They should also pay special attention to health and safety and conduct thorough inspections.

Furthermore, Union Minister Dr Charlie Than explained the arrangements for the opening ceremony of the national-level MSME product exhibition and competition, the pavilions of ministries, regions, and states, the types of products to be displayed, the types of competitions, and the award ceremony.

Subsequently, Deputy Minister for Industry and chairman of the organizing committee U Yin Maung Nyunt explained the formation of subcommittees and the arrangements for holding the union-level MSME product exhibition and competition.

Then, the chairmen and responsible persons of the security subcommittee, invitation, venue arrangement and hospitality subcommittee, archway and pavilion construction subcommittee, pavilion placement and display subcommittee, opening ceremony, award ceremony and entertainment subcommittee, competition, selection and award ceremony subcommittee, business/economic linkage subcommittee, administrative matters subcommittee, electricity supply subcommittee, information and

See Page - 19

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# အရှေ့အလယ်ပိုင်းဒေသလုံခြုံရေးအပါဝင် နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်လာစေမည့် ရုရှား- အီရန်ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသဘောတူညီချက်

နိုင်အောင်



ရုရှားနှင့် အီရန်ကြား ကျယ်ပြန့်လှသည့်ဘက်စုံမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်သည် အရှေ့အလယ်ပိုင်းဒေသရှိလုံခြုံရေးနယ်ပယ်တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအပေါ် အကျိုးသက်ရောက်စေလာနိုင်မည်ဖြစ်သည်။

အကြောင်းမှာ အီရန်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသတွင် အင်အားတောင့်တင်းပြီး လွှမ်းမိုးမှုဩဇာကြီးမားသောနိုင်ငံဖြစ်သလို ရုရှားနိုင်ငံသည် ကမ္ဘာ့အင်အားကြီး စူပါပါဝါနိုင်ငံ တစ်နိုင်ငံအဖြစ် ရပ်တည်နေခြင်းကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် အီရန်နှင့်ရုရှားနိုင်ငံတို့ကြား ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်းတည်ငြိမ်ရေးနှင့်လုံခြုံရေးကို ထိန်းသိမ်းရန်အတွက် ၎င်းနှစ်နိုင်ငံက အာရုံစိုက်လုပ်ဆောင်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံဆိုင်ရာအီရန်သံအမတ်ကြီး ကာဇင်ဂျာလီလီက Sputnik သတင်းဌာနကို ပြောကြားခဲ့သည်။

ရုရှားသမ္မတဗလာဒီမာပူတင်သည်အီရန်သမ္မတ မာဆွတ် ပီဇက်ကီယန်းနှင့် ရုရှားနိုင်ငံ မော်စကိုမြို့၌ ဇန်နဝါရီလ ၁၇ ရက်တွင်တွေ့ဆုံ၍ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာပြဿနာများကို ကျယ်ပြန့်စွာဆွေးနွေးမည်ဖြစ်သည်။ ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံခေါင်းဆောင်များသည် ရုရှားနှင့်အီရန်တို့ကြား နှစ်နိုင်ငံဆက်ဆံရေးရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဘောင်တစ်ရပ်အဖြစ် ရုရှားအစိုးရက ဖော်ပြထားသည့် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးမည်ဟု မျှော်လင့်ရသည်။ အဆိုပါနှစ်နိုင်ငံကြား ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသဘောတူညီချက်သည် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုကျယ်ပြန့်နက်ရှိုင်းစေမည်ဖြစ်သည်။

ထို့ပြင် အဆိုပါ ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး သဘောတူညီချက်ကြောင့် ရုရှားနှင့်အီရန်တို့ကြား ယခုနှစ်အတွင်း ဆက်လက်လုပ်ဆောင်မည့် နှစ်နိုင်ငံကုန်သွယ်မှုသည် စံချိန်သစ်တင်နိုင်မည့် အလားအလာရှိသည်။

နှစ်နိုင်ငံကြား ချမှတ်လိုက်သည့် သဘောတူညီချက်သည် အီရန်အတွက် အကျိုးကျေးဇူးများစွာကိုဖြစ်ပေါ်လာစေနိုင်ကြောင်းတွေ့ရှိရသည်။ အကြောင်းမှာ အီရန်နိုင်ငံက ရုရှားနှင့်ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသဘောတူညီချက်ကိုချမှတ်လိုက်ခြင်းကြောင့် အီရန်နိုင်ငံ၏ စီးပွားရေးဆက်ဆံရေးလုပ်ငန်းစဉ်များကို သိသိသာသာချောမွေ့လာစေနိုင်သည်။ ဒုတိယအချက်မှာ BRICS အဖွဲ့တွင်လည်း အီရန်နိုင်ငံ၏ပူးပေါင်းဆောင်ရွက်မှုနှင့် အခန်းကဏ္ဍကိုပါ ပိုမိုအားကောင်းလာစေနိုင်သည်။ BRICS အဖွဲ့တွင် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိက စသည့်နိုင်ငံကြီးများပါဝင်လျက်ရှိရာ ယင်းနိုင်ငံကြီးများနှင့် ပူးပေါင်းဆောင်ရွက်မှုကိုပါ တိုးမြှင့်လာနိုင်မည်ဖြစ်သည်။ နောက်တစ်ချက်ကို ကြည့်မည်ဆိုပါက ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) အတွင်းရှိအီရန်၏ပူးပေါင်းဆောင်ရွက်မှုကိုပါ ထူးထူးခြားခြား တိုးတက်လာစေမည်ဖြစ်သည်ကိုတွေ့ရမည်ဖြစ်သည်။

ရုရှားနှင့်အီရန်ကြား နှစ်နိုင်ငံကုန်သွယ်မှုပမာဏမှာ ၂၀၂၄ ခုနှစ်တွင် ဒေါ်လာ ၄ ဘီလီယံခန့်ရှိသည်ဟုခန့်မှန်းရပြီး ယခုချမှတ်သည့် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး သဘောတူညီချက်အရ ရုရှားနှင့်အီရန်တို့ကြား ကုန်သွယ်ရေးကဏ္ဍတွင်သာမက ပညာရေးနှင့်ယဉ်ကျေးမှုအပြန်အလှန်ဖလှယ်ရေး စသည့်အချက်များပါ ပါဝင်လျက်ရှိသောကြောင့် နှစ်နိုင်ငံကြား ကုန်သွယ်ရေးဆက်ဆံမှုကိုသာမက အခြားကဏ္ဍများရှိ ပူးပေါင်းဆောင်ရွက်မှုကိုပါ ပိုမိုကောင်းမွန်တိုးတက်လာစေမည်ဖြစ်သည်။

ပညာရေးနှင့်ယဉ်ကျေးမှုအပြန်အလှန်ဖလှယ်ရေးသဘောတူညီချက်အရ နှစ်နိုင်ငံစလုံးမှ ကျောင်းသား၊ ကျောင်းသူများနှင့် သင်ကြားပေးသည့်ဆရာနှင့် ဆရာမများအား ရုရှားနှင့်အီရန်သို့ အပြန်အလှန်စေလွှတ်မည်ဖြစ်ရာ နှစ်နိုင်ငံကြားနည်းပညာပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင်လည်း ပိုမိုအားကောင်းလာစေမည်ဟု အီရန်က မျှော်လင့်လျက်ရှိသည်။

ထို့ပြင် ရုရှားနှင့် အီရန်တို့အနေဖြင့် နှစ်နိုင်ငံကြား ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု၊ ထောက်ပံ့ပို့ဆောင်မှုနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာအခြေခံအဆောက်အဦတည်ဆောက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးတက်လာစေမည့် နည်းလမ်းများကို ရှာဖွေသွားမည်ဖြစ်ကြောင်း ရုရှားအစိုးရကထုတ်ပြန်ထားသည်။

ရုရှားနှင့် အီရန်နိုင်ငံတို့သည် လက်ရှိတွင်လည်း အဓိကအခြေခံအဆောက်အဦစီမံကိန်းကြီးတစ်ခုဖြစ်သည့် North-South Transport Corridor တွင်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အဆိုပါစီမံကိန်းသည် အိန္ဒိယ၊ အဇာဘိုင်ဂျန်၊ ရုရှား၊ ဗဟိုအာရှနှင့်ဥရောပတို့ကြား သယ်ယူပို့ဆောင်ရေးဆိုင်ရာ ချိတ်ဆက်မှုတစ်ရပ်တည်ဆောက်ရန်ရည်ရွယ်ထားသည့် စီမံကိန်းဖြစ်သည်။

အဆိုပါစီမံကိန်းကြီးတွင် ကုန်ပစ္စည်းစီးဆင်းမှုချောမွေ့စေရေး အထောက်အကူပြုစေမည့် မီးရထားလမ်း၊ ရေကြောင်းသယ်ယူပို့ဆောင်ရေးလမ်းကြောင်း၊ မော်တော်ကားလမ်းများ တည်ဆောက်ခြင်းတို့ပါဝင်မည်ဖြစ်သည်။ ၎င်းသယ်ယူပို့ဆောင်ရေးလမ်းကြောင်းသည် ကမ္ဘာ့နိုင်ငံများကြား ပထဝီနိုင်ငံရေးခြိမ်းခြောက်မှုများဖြစ်ပွားပါက ကုန်ပစ္စည်းများကို ပို့ဆောင်ရာတွင် စူးအက်တူးမြောင်းအစားအသုံးပြုနိုင်သည့်သယ်ယူပို့ဆောင်ရေးလမ်းကြောင်းသစ် တစ်ခုဖြစ်လာနိုင်သည်ဟု ကျွမ်းကျင်သူများက ရှုမြင်လျက်ရှိသည်။

ရုရှားနှင့် အီရန်တို့ကြား ဆက်ဆံရေးသည် တစ်နိုင်ငံ၏အကျိုးစီးပွားကို အခြားတစ်နိုင်ငံက လျစ်လျူရှုခြင်းမရှိဘဲ စဉ်းစားပေးခြင်း၊ အပြန်အလှန်လေးစားခြင်းတို့အပေါ် အခြေခံထားခြင်းကြောင့် ယခင်ကထက်ပိုမိုတိုးတက်ကောင်းမွန်လာကြောင်း တွေ့ရှိရသည်။ ထို့ပြင်နှစ်နိုင်ငံကြား ယခုချမှတ်လိုက်သည့် ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး သဘောတူညီချက်သည် ၂၀၀၁ ခုနှစ်က လက်မှတ်ရေးထိုးခဲ့သည့်နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်၏ နေရာတွင် အစားထိုးဝင်ရောက်မည်ဖြစ်ပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအား မဟာဗျူဟာမြောက်အဆင့်သို့ရောက်ရှိလာစေရန် အထောက်အကူပြုမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

Ref: RT, Sputnik

## စစ်သည်များကိုယူကရိန်းနိုင်ငံသို့စေလွှတ်ရန် ဗြိတိန်နှင့်ပြင်သစ်တို့ ဆွေးနွေးလျက်ရှိဟု ဗြိတိန်ထုတ် Telegraph သတင်းစာကဖော်ပြ

မော်စကို၊ စစ်ရေး



ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့သည် ၎င်းတို့၏စစ်သည်များကို ယူကရိန်းနိုင်ငံသို့ စေလွှတ်ရန် ဆွေးနွေးတိုင်ပင်လျက်ရှိကြောင်း ဗြိတိန်နိုင်ငံထုတ် Telegraph သတင်းစာကြီးက ဖော်ပြသည်။

ယူကရိန်းနိုင်ငံသို့ တပ်ဖွဲ့ဝင်များစေလွှတ်မည့်အစီအစဉ်ကို ဗြိတိန်ဝန်ကြီးချုပ်ကီယာစတားမားက တွန့်ဆုတ်လျက်ရှိသည်ဟု ဗြိတိန်အစိုးရအဖွဲ့မှအရာရှိများက ပြောကြားခဲ့သော်လည်း ယူကရိန်းသို့ ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များစေလွှတ်နိုင်မည့် အလားအလာနှင့် စပ်လျဉ်း၍ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်နှင့် ဗြိတိန်နိုင်ငံတွင် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း အမည်မဖော်လိုသူတစ်ဦး၏ ပြောကြားချက်ကိုကိုးကား၍ Telegraph သတင်းစာကဖော်ပြထားခြင်းဖြစ်သည်။

အဆိုပါဆွေးနွေးမှုနှင့် ပတ်သက်၍ ဗြိတိန်အစိုးရနှင့် ပြင်သစ်အစိုးရအဖွဲ့တို့က ငြင်းဆိုထားခြင်းမရှိပေ။ သို့သော်ဆွေးနွေးမှုအသေးစိတ်ကို ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိကြောင်းသိရသည်။

ဗြိတိန်ဝန်ကြီးချုပ် စတားမားသည် ဇန်နဝါရီလ ၁၆ ရက်တွင် ယူကရိန်းနိုင်ငံသို့ သွားရောက်ခဲ့ပြီး ယူကရိန်းနှင့်ဗြိတိန်တို့ကြား မိတ်ဖက်ပူးပေါင်းမှုသဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး ယူကရိန်းနိုင်ငံအတွင်း စစ်အခြေစိုက်စခန်းများဖွင့်လှစ်နိုင်မည့် နည်းလမ်းများကိုရှာဖွေမည်ဟု ကတိကဝတ်ပြုခဲ့ကြောင်းသိရသည်။

Ref: RT

# ဂရင်းလန်းအနောက်ပိုင်းတွင် စစ်အခြေစိုက်စခန်းတစ်ခု တည်ဆောက်ရန် ဒိန်းမတ်စီစဉ်




မော်စကို၊ လုံခြုံရေး

အာတိတ်ဒေသနှင့် မြောက်အတ္တလန္တိတ်ဒေသများ၏ ကာကွယ်ရေးစွမ်းဆောင်ရည်ကို တိုးမြှင့်နိုင်ရေးအတွက် ဂရင်းလန်းအနောက်ပိုင်းတွင် လေတပ်အခြေစိုက်စခန်းတစ်ခုတည်ဆောက်ရန် ဒိန်းမတ်နိုင်ငံက စီစဉ်လျက်ရှိကြောင်းသိရသည်။

ဂရင်းလန်း၏ ကာကွယ်ရေးစွမ်းဆောင်ရည်တိုးမြှင့်နိုင်ရေးအတွက် ဒိန်းမတ်လေတပ်မှ F-35 အမျိုးအစား တိုက်လေယာဉ်များဆင်းသက်ရန်နှင့် ပျံတက်နိုင်ရန်အတွက် Kangerlussuaq ဒေသတွင် လေတပ်အခြေစိုက်စခန်းတည်ဆောက်ရန် လိုအပ်လျက်ရှိကြောင်း၊ သို့မှသာ ဒိန်းမတ်နိုင်ငံ၏အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း ဒိန်းမတ်နိုင်ငံက ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်းက ထုတ်ပြန်သည့် စာမျက်နှာ ၂၂ မျက်နှာပါ လုံခြုံရေးအစီရင်ခံစာတွင် ဖော်ပြထားသည်။

Kangerlussuaq ဒေသတွင်တည်ဆောက်မည့် စစ်အခြေစိုက်စခန်း၌ ဒိန်းမတ်တပ်ဖွဲ့ဝင် ၉၄ ဦးအထိ တပ်စွဲနိုင်မည်ဖြစ်ပြီး ၎င်းတို့အနေဖြင့် ဂရင်းလန်းရှိ အရေးပါသည့် အခြေခံအဆောက်အဦများကို ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ အဆိုပါ အခြေခံအဆောက်အဦများတွင် ရေအောက်ကေဘယ်ကြိုးများ၊ ဓာတ်အားပေးစက်ရုံများ၊ ရေနံသိုလှောင်ရုံများနှင့် အခြားအရေးကြီး အဆောက်အဦများပါဝင်ကြောင်းသိရသည်။

ဂရင်းလန်းသည် ဒိန်းမတ်နိုင်ငံ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုဖြစ်ပြီး ယင်းဒေသသည် အမေရိကန်အတွက် ပိုင်ဆိုင်ရန် အလွန်အရေးပါသည့်ဒေသဖြစ်ကြောင်း ဇန်နဝါရီလ ၂၀ ရက်တွင်အမေရိကန်သမ္မတအဖြစ်တက်ရောက်လာမည့်ဒေါနယ်ထရမ့်က ပြောကြားပြီးနောက် ဒိန်းမတ်နိုင်ငံက လုံခြုံရေးကို တိုးမြှင့်ခဲ့ခြင်းဖြစ်သည်။

**Ref: Sputnik**

# ဆိုက်ဘာတိုက်ခိုက်မှုများ၊ ကုန်သွယ်ရေးနှင့်အသိဉာဏ်ပစ္စည်းခိုးယူမှုကို ချက်ချင်းရပ်တန့်ရန် တရုတ်က အမေရိကန်အားတောင်းဆို

ပေကျင်း၊ ဆိုက်ဘာတိုက်ခိုက်မှု

အမေရိကန်အစိုးရအနေဖြင့် တရုတ်နိုင်ငံအပေါ်လုပ်ဆောင်နေသည့် ဆိုက်ဘာတိုက်ခိုက်မှုများနှင့် ကုန်သွယ်ရေးနှင့် အသိဉာဏ်ပစ္စည်းခိုးယူမှုကို ချက်ချင်းရပ်တန့်ရန် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ကော့ကျားကွမ်က ဇန်နဝါရီလ ၁၇ ရက်တွင်တောင်းဆိုလိုက်သည်။

အမေရိကန်ထောက်လှမ်းရေးအေဂျင်စီများသည် တရုတ်နိုင်ငံ၏ စမတ်စွမ်းအင်နှင့် ဒစ်ဂျစ်တယ်သတင်းအချက်အလက်ဆိုင်ရာ အဆင့်မြင့်နည်းပညာကုမ္ပဏီများအပေါ် ဆိုက်ဘာတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည့် အသေးစိတ်အချက်အလက်များကို တရုတ်အမျိုးသားကွန်ပျူတာကွန်ရက်အရေးပေါ်တုံ့ပြန်မှုဆိုင်ရာနည်းပညာအသင်းနှင့် တရုတ်နိုင်ငံစေ့စပ်ညှိနှိုင်းရေးစင်တာက ထုတ်ပြန်သည့်အစီရင်ခံစာကို တုံ့ပြန်သည့်အနေဖြင့် နေ့စဉ်ပြုလုပ်မြဲသတင်းစာရှင်းလင်းပွဲ၌ ကော့က ပြောကြားခြင်းဖြစ်သည်။

အမေရိကန်၏အဆိုပါလုပ်ဆောင်ချက်များနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံက အလွန်စိုးရိမ်မကင်းဖြစ်လျက်ရှိပြီး တရုတ်နိုင်ငံအနေဖြင့် နိုင်ငံ၏ဆိုက်ဘာလုံခြုံရေးနှင့် အကျိုးစီးပွားကို ကာကွယ်နိုင်ရန်အတွက် လိုအပ်သည့်တုံ့ပြန်မှုများကိုလုပ်ဆောင်မည်ဖြစ်ရာ အမေရိကန်အစိုးရက ထိုသို့သောလုပ်ဆောင်ချက်များကို ချက်ချင်းရပ်တန့်ပေးရန် တရုတ်ကတောင်းဆိုခြင်းဖြစ်သည်။

ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် ဆိုက်ဘာကဏ္ဍတွင် လုံခြုံရေးနှင့်တည်ငြိမ်မှုရှိစေရန်အတွက် နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။ **Ref: Xinhua**

# တောင်ကိုရီးယား၊ ဂျပန်နှင့်အမေရိကန်တို့၏ သုံးနိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုကို မြောက်ကိုရီးယားပြစ်တင်ရှုတ်ချ

ဆိုး၊ စစ်ရေး

တောင်ကိုရီးယား၊ ဂျပန်နှင့်အမေရိကန်ပြည်ထောင်စုတို့ကြား ယခုရက်သတ္တပတ်အတွင်းက လုပ်ဆောင်ခဲ့သည့်ပူးတွဲစစ်ရေးလေ့ကျင့်မှုအား မြောက်ကိုရီးယားနိုင်ငံက ဇန်နဝါရီလ ၁၇ ရက်တွင် ပြစ်တင်ရှုတ်ချခဲ့ကြောင်းသိရသည်။

အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် နိုင်ငံအပေါ်ခြိမ်းခြောက်မှုဖြစ်သည့်အတွက် မြောက်ကိုရီးယားအနေဖြင့် မိမိကိုယ်ကိုကာကွယ်ရေးအတွက် စစ်ရေးလေ့ကျင့်မှုကို လုပ်ဆောင်နိုင်သည့်အခွင့်အရေးရှိကြောင်း မြောက်ကိုရီးယားနိုင်ငံက ပြောသည်။



တောင်ကိုရီးယား၊ ဂျပန်နှင့်အမေရိကန်ပြည်ထောင်စုသုံးနိုင်ငံကြား လုပ်ဆောင်သည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် အသံထက်မြန်သည့် ဒုံးကျည်စနစ်သစ်တစ်ခုနှင့် တာတိုပစ်ဒုံးကျည်များကို မြောက်ကိုရီးယားက စမ်းသပ်ပစ်ခတ်ခဲ့သည်ဟု အဆိုပါသုံးနိုင်ငံကပြောကြားပြီးနောက်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ သုံးနိုင်ငံကြား လုပ်ဆောင်ခဲ့သည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် အမေရိကန် B-1B အမျိုးအစားအကြီးစားဗုံးကြဲလေယာဉ်နှစ်စင်းက ဇန်နဝါရီလ ၁၆ ရက်တွင် ကိုရီးယားကျွန်းဆွယ်ပေါ်၌ ပျံသန်းလေ့ကျင့်ခဲ့ကြောင်းသိရသည်။

သုံးနိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုနှင့်စပ်လျဉ်း၍ မြောက်ကိုရီးယားနိုင်ငံက အလွန်အမင်း စိုးရိမ်လျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံ၏လုံခြုံရေးအကျိုးစီးပွားကို ကာကွယ်နိုင်ရန်အတွက် စစ်ရေးလေ့ကျင့်မှုလုပ်ဆောင်ရန် အခွင့်အရေးရှိကြောင်း မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာန၏ပြောကြားချက်ကို ကိုးကား၍ KCNA သတင်းအေဂျင်စီက ဇန်နဝါရီလ ၁၇ ရက်တွင် ဖော်ပြထားကြောင်းသိရသည်။

**Ref: ST**

# နိုင်ငံတကာသတင်းတိုကဏ္ဍ

## ယီမင်နိုင်ငံရှိ ဟူသီသူပုန်တပ်ဖွဲ့၏ စစ်စခန်းတစ်ခုအပေါ် အမေရိကန်က ငါးကြိမ်တိုက်ခိုက်ခဲ့

အမေရိကန်စစ်ဘက်သည် ဇန်နဝါရီလ ၁၇ ရက် နံနက်ပိုင်းတွင် ယီမင်နိုင်ငံ ဆာနားမြို့တော်မြောက်ပိုင်းရှိ ဟူသီသူပုန်တပ်ဖွဲ့၏စစ်စခန်းတစ်ခုအပေါ် လေကြောင်းမှ ငါးကြိမ်တိုက်ခိုက်ခဲ့ကြောင်း Masirah ရုပ်သံက ဖော်ပြသည်။

အဆိုပါတိုက်ခိုက်မှုများသည် အမ်ရန်ပြည်နယ်တွင်ဖြစ်ပွားခြင်းဖြစ်ပြီး ယင်းတိုက်ခိုက်မှုများနှင့်စပ်လျဉ်း၍ ရုပ်သံက အသေးစိတ်ကိုထုတ်ပြန်ထားခြင်းမရှိပေ။

အမေရိကန်စစ်ဘက်၏ အဆိုပါတိုက်ခိုက်မှုများသည် ဟူသီသူပုန်အဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်သူ အဗ္ဗဒူမာလစ် အယ်လ်ဟူသီက အစ္စရေးတို့အနေဖြင့် ဂါဇာကမ်းမြောင်ဒေသအတွင်း စီးနင်းတိုက်ခိုက်မှုများလုပ်ဆောင်နေသရွေ့ ယင်းနိုင်ငံအား တာဝေးပစ်ဒုံးကျည်များနှင့် တိုက်ခိုက်မည်ဟု ရုပ်မြင်သံကြားမှထုတ်ဖော်ပြောကြားပြီး နာရီပိုင်းအကြာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**Ref: Xinhua**

## ဂျကာတာမြို့တော်ရှိ ဈေးဝယ်စင်တာမီးလောင်ကျွမ်းမှုဖြစ်ပွားသည့်နေရာမှ လူငါးဦး၏ ရုပ်အလောင်းကို ပြန်လည်တွေ့ရှိ

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တော်ရှိ ဈေးဝယ်စင်တာမီးလောင်ကျွမ်းမှုဖြစ်ပွားသည့်နေရာမှ ပျောက်ဆုံးနေသူများအနက် လူငါးဦး၏ ရုပ်အလောင်းကို ဇန်နဝါရီလ ၁၇ ရက်တွင် ပြန်လည်တွေ့ရှိရပြီဖြစ်ကြောင်း အာဏာပိုင်အဖွဲ့က ထုတ်ပြန်သည်။

၎င်းရုပ်အလောင်းများသည် မီးလောင်ကျွမ်းမှုအတွင်း ပျောက်ဆုံးနေသည့် လူ ခုနစ်ဦးအနက်မှဖြစ်ပြီး ရုပ်အလောင်းများကို ဈေးဝယ်စင်တာ၏ ရှစ်ထပ်မြောက်တွင် ပြန်လည်တွေ့ရှိရခြင်းဖြစ်သည်။ သို့သော် ရုပ်အလောင်းများမှာ မည်သူမည်ဝါဖြစ်သည်ကို ခွဲခြားနိုင်ခြင်းမရှိသေးကြောင်း အနောက်ဂျကာတာမီးသတ်တပ်ဖွဲ့နှင့် ကယ်ဆယ်ရေးအေဂျင်စီက ပြောသည်။

လက်ရှိတွင် မီးလောင်ကျွမ်းမှုအတွင်း ပျောက်ဆုံးသူဦးရေမှာ ၁၄ ဦးအထိ မြင့်တက်လာပြီဖြစ်ကြောင်းသိရသည်။ အဆိုပါမီးလောင်ကျွမ်းမှုသည် တာမန်ဆာရီခရိုင်ခွဲရှိ ဂလိုဒေါ့ပလာဇာ၌ ဇန်နဝါရီလ ၁၅ ရက် ဒေသစံတော်ချိန် ည ၉ နာရီ မိနစ် ၂၀ ခန့်တွင် ဖြစ်ပွားခြင်းဖြစ်ပြီး မီးလောင်မှုဖြစ်ပွားချိန်တွင် ဈေးဝယ်စင်တာအတွင်း၌ ဈေးဝယ်သူအမြောက်အမြားရှိနေခဲ့ကြောင်းသိရသည်။

**Ref: Xinhua**

## ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းတွင် ဘတ်စကားတစ်စီးနှင့် ကုန်ပစ္စည်းတင်ကားတစ်စီး ခေါင်းချင်းဆိုင်တိုက်

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းတွင် ခရီးသည်တင်ဘတ်စကားတစ်စီးနှင့် ကုန်ပစ္စည်းတင်ကားတစ်စီး ခေါင်းချင်းဆိုင်တိုက်မိခဲ့ရာ လူတစ်ဦးသေဆုံးပြီး ၁၃ ဦးဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ဇန်နဝါရီလ ၁၇ ရက်တွင် ထုတ်ပြန်သည်။

အဆိုပါမတော်တဆမှုသည် နွေ့တရယ်ပြည်နယ် ပါဆူကွင်းမြို့ရှိ အဝေးပြေးလမ်းမကြီးပေါ်၌ ဇန်နဝါရီလ ၁၆ ရက် မွန်းလွဲပိုင်းက ဖြစ်ပွားခြင်းဖြစ်ပြီး ခေါင်းချင်းဆိုင်တိုက်မိခဲ့ခြင်းကြောင့် မော်တော်ယာဉ်နှစ်စီးလုံးမှာ ဆိုးရွားစွာပျက်စီးသွားကြောင်း ရဲတပ်ဖွဲ့ကပြောသည်။

ယာဉ်တိုက်မှုအတွင်း ကုန်တင်ကားမှယာဉ်မောင်းမှာ ပွဲချင်းပြီးသေဆုံးသွားပြီး ဘတ်စကားမှာ လမ်းအနီးရှိ ချောက်အတွင်းသို့ထိုးကျသွားကြောင်း၊ ဒဏ်ရာရရှိသူများကို သက်ဆိုင်ရာက ဆေးရုံသို့ပို့ဆောင်ပေးထားကြောင်းသိရသည်။

**Ref: Xinhua**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၇

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၂၅) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် သင်တန်းသား၊ သင်တန်းသူ ၃၀ ဦးတက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက နိုင်ငံသားအချင်းချင်းအကြား တရားမျှတမှုရှိစေရန်နှင့် နိုင်ငံသားနှင့် အစိုးရကြားတရားမျှတမှုရှိစေရန် ရည်ရွယ်၍ ဥပဒေများကိုပြဋ္ဌာန်းရခြင်းဖြစ်ကြောင်း၊ ဥပဒေမရှိလျှင် မင်းမဲ့စရိုက်များဖြစ်ပေါ်လာမည်ဖြစ်၍ ဥပဒေစိုးမိုးရန်လိုအပ်ပြီး ဥပဒေစိုးမိုးရေးကို တာဝန်ယူဆောင်ရွက်ရသည့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် အထူးအလေးထား ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ဥပဒေဘာသာရပ်သင်ကြားရခြင်း၏ရည်ရွယ်ချက်မှာ ဥပဒေကိုပြည်သူအားလုံးသိရှိပြီးလိုက်နာစေရန်ဖြစ်ကြောင်း၊ ဥပဒေတွင် တိုက်တွန်းဥပဒေနှင့်တားမြစ်ဥပဒေနှစ်မျိုးသာရှိကြောင်း၊ ဝန်ထမ်းတိုင်းသည် မိမိဌာနမှ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်ဆက်စပ်ဥပဒေများကို သိရှိနားလည်ရန်လိုသည့်အတွက် ဥပဒေပြန့်ပွားရေးသင်တန်းများကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း။

ကော်မရှင်သည်ဥပဒေအရ အာဏာအပ်နှင်းခံရသည့် အဖွဲ့အစည်းဖြစ်သည့်အတွက် ဥပဒေနှင့်အညီ အဂတိလိုက်စားမှုများကို အရေးယူဆောင်ရွက်ရန်တာဝန်ရှိကြောင်း ပြောကြားသည်။




ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌက ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းတက်ရောက်ခဲ့ကြသည့် သင်တန်းသား ၃၀ ဦးကိုယ်စား သင်တန်းသားတစ်ဦးကို သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

(၅၀၀)

# ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်း စိုက်၊ မွေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ကွင်းဆင်းစစ်ဆေး နဝမအကြိမ်မြောက် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံများ စိုက်ပျိုးရေးဒီပလိုမာအပ်နှင်းပွဲအခမ်းအနားတက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၇

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့်တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ခရိုင်၊ မြို့နယ်အဆင့် ဦးစီးမှူးများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များဆွေးနွေးမှာကြားသည်။

ဆက်လက်၍တာဘူးလှဆည်ရေသောက်စနစ် လက်ဝဲမြောင်းမကြီး ပေတိုင်(၁၀၁+၀၀၀)သို့ ရောက်ရှိပြီး ရေသောက်ဧရိယာအတွင်းရှိ ကုန်းမြင့်ဧရိယာများတွင် ဆိုလာစနစ်ဖြင့်လည်းကောင်း၊ အလိုအလျောက်ရေတင်စနစ် (Water Turbine Pump) တပ်ဆင်အသုံးပြုခြင်းဖြင့်လည်းကောင်း ရေရရှိနိုင်ရေး နည်းလမ်းပေါင်းစုံဖြင့် ကြံဆစီမံဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း) စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ (သာယာဝတီ)၌ကျင်းပသည့်နဝမအကြိမ်မြောက် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(သာယာဝတီ၊ ထားဝယ်နှင့်ကျောက်တော်)တို့မှ တတိယနှစ်သင်တန်းကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၃၇ ဦးတို့ကို စိုက်ပျိုးရေးဒီပလိုမာအောင်လက်မှတ်အပ်နှင်းပွဲ အခမ်းအနားသို့တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ တန်းစဉ်အလိုက်စုစုပေါင်းရမှတ်အများဆုံးဆုရ ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး ကျောင်းဝင်းအတွင်း ကျောင်းသား၊ ကျောင်းသူများ လက်တွေ့ကွင်းဆင်းလေ့ကျင့်ဆောင်ရွက်ထားသည့် သီးနှံစိုက်ခင်းများ၊ သုတေသနစိုက်ခင်းများကို ကြည့်ရှုအားပေးကာ ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးအပ်သည်။




ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် သာယာဝတီမြို့နယ် ဆရာစံမြို့သစ် အလယ်ကုန်းရပ်ကွက်ရှိ ပုဂ္ဂလိကနို့စားနွားမွေးမြူရေးလုပ်ငန်းအား ကြည့်ရှုအားပေးပြီး မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ အကြံပြုဆွေးနွေးမှာကြားသည်။

ထို့နောက်မင်းလှမြို့နယ် ဥတိုကညင်ပင်ကျေးရွာ ကံတင်ဘီးလင်း ဆည်ရေသောက်စနစ်အတွင်း၌ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသော ဆောင်းပဲတီစိမ်းဧက ၅၀ စံပြကွက်ရွက်ဖျန်းမြေဩဇာပက်ဖျန်းနေမှုကိုကြည့်ရှုပြီး တက်ရောက်လာကြသည့် ဒေသခံတောင်သူများအား ဆီထွက်သီးနှံနေကြာကို စမ်းသပ်စိုက်ပျိုးကြရန်နှင့် သီးနှံတစ်မျိုးတည်း စိုက်ပျိုးခြင်းထက် သီးနှံပုံစံပြောင်းလဲ၍ စိုက်ပျိုးသွားကြရန် ဆွေးနွေးမှာကြားပြီး ဆောင်းသီးနှံပဲတီစိမ်း စံပြကွက်စိုက်ပျိုးသည့် တောင်သူများကို သွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ယင်းမာပင်မြို့နယ်၊ ကျောက်မှော်ကျေးရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် ပြည်သူ ၂ ဦး ထိခိုက်ဒဏ်ရာရရှိပြီး နေအိမ် ၅ လုံး ပျက်စီးခဲ့ကြောင်း မဟုတ်မမှန် သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် ဇန်နဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ ကျောက်မှော်ကျေးရွာတွင်လုံခြုံရေးတပ်ဖွဲ့များက ဇန်နဝါရီလ ၁၅ ရက်နေ့တွင် လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် ပြည်သူ ၂ ဦးထိခိုက်ဒဏ်ရာရရှိပြီး နေအိမ် ၅ လုံး ပျက်စီးခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူတစ်ဦးနှင့် ဆက်သွယ်မေးမြန်းချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရေး လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေစဉ် အကြမ်းဖက်သမားများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား ထိခိုက်စေရန်နှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိစေရန် အဝေးမှနေ၍ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်ခြင်းများကြောင့် အဆိုပါလက်နက်ကြီးကျည်များသည် ကျေးရွာများအတွင်း ကျရောက်ပေါက်ကွဲခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့နှင့် ဒေသခံပြည်သူအချို့ ထိခိုက်ဒဏ်ရာများရရှိခဲ့ခြင်းဖြစ်ကြောင်း အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများသည် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကိုဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန်အတွက် ယခုကဲ့သို့ ဖြစ်စဉ်လွဲမှားနေသည့် သတင်းများဖြင့် လုပ်ကြံရေးသား ဝါဒဖြန့်ခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉ / ၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်တွေ့ဆုံ



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၉/ ၂၀၂၄)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားစဉ်။



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၉/ ၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၇**

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၉/၂၀၂၄)သို့ တက်ရောက်ရန် ဘားအံမြို့၊ နယ်မြေခံတပ်ရင်းသို့ရောက်ရှိနေသည့် ကရင်ပြည်နယ်အတွင်းမှ နိုင်ငံ့သားကောင်း ရတနာများအား ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉/၂၀၂၄)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၉/၂၀၂၄)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉/၂၀၂၄)သို့ တက်ရောက်ရန် မော်လမြိုင်မြို့၊ နယ်မြေခံသင်တန်းကျောင်းသို့ရောက်ရှိလာသည့် မွန်ပြည်နယ်အတွင်းမှနိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉/၂၀၂၄)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၏စာရင်းများကို စစ်ဆေးနေသော ပြင်ပစာရင်းစစ်များအနေဖြင့် စာရင်းစစ်ဆေးရာတွင် ပြဋ္ဌာန်းထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်လိုအပ်

**နေပြည်တော် ဇန်နဝါရီ ၁၇**

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများတွင် အဓိကကျသော ငွေရေးကြေးရေးကဏ္ဍ၌ ပါဝင်နေသည့်ဘဏ်နှင့်ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများကို စာရင်းစစ်ဆေးသော ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြင်ပစာရင်းစစ်အဖွဲ့များ၊ မြန်မာနိုင်ငံ စာရင်းကောင်စီတို့နှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိမြန်မာနိုင်ငံတော်ဗဟိုဘဏ် ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲသို့မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံစာရင်းကောင်စီနှင့် ပြင်ပစာရင်းစစ်အဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌဒေါ်သန်းသန်းဆွေက ငွေရေးကြေးရေးစနစ်တည်ငြိမ်စေရေး ထိန်းကျောင်းရာတွင် ကြီးကြပ်စစ်ဆေးသူများ၊ ပြင်ပစာရင်းစစ်များနှင့် ဌာနတွင်းစာရင်းစစ်တို့ အပြန်အလှန်ထိန်းကျောင်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ စာရင်းများကိုစစ်ဆေးနေသော ပြင်ပစာရင်းစစ်များအနေဖြင့် စာရင်းစစ်ဆေးရာတွင် ပြဋ္ဌာန်းထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကိုလိုက်နာရန်လိုအပ်ကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့်လည်း နိုင်ငံပိုင်ဘဏ်များအားစစ်ဆေးရာတွင် အဆိုပါဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးပေးရန်လိုအပ်ကြောင်း၊ Audit Report များကိုလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ပေးပို့ရန်လိုကြောင်း၊ သတင်းအချက်အလက်များ ဖလှယ်ရန်နှင့်ဘဏ်များ Reporting မှန်၊ မမှန် စိစစ်ရန်လိုကြောင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ ၈၈၊ ၈၉ နှင့် ၉၀ တို့တွင် ပြင်ပစာရင်းစစ်နှင့်သက်ဆိုင်သော အချက်များကို ပြဋ္ဌာန်းထားရှိသည့်အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ညွှန်ကြားချက်အမှတ် (၁၀/၂၀၁၉) ဖြင့် ဘဏ်၏ပြင်ပစာရင်းစစ်များဆိုင်ရာညွှန်ကြားချက်ကို ထုတ်ပြန်ထားရှိကြောင်း။

ပြင်ပစာရင်းစစ်များ၏ အရည်အချင်းပြည့်မီပြီး လွတ်လပ်စွာဆောင်ရွက်နိုင်မှု၊ စံသတ်မှတ်ချက်များနှင့်အညီ ပြုစုထားသည့် စာရင်းစစ်အစီရင်ခံစာများ ထုတ်ပြန်နိုင်မှုသည် ငွေရေးကြေးရေးစနစ်အပေါ် ပြည်သူများယုံကြည်မှု တိုးမြှင့်စေရေးအထောက်အကူပြုကြောင်း၊ ဘဏ်များကို စစ်ဆေးစဉ်အတွင်းဒါရိုက်တာအဖွဲ့ဝင်များ၊ စီမံခန့်ခွဲသူများက ဥပဒေကိုချိုးဖောက်မှု၊ မလိုက်နာမှု၊ မရိုးဖြောင့်သောနည်းဖြင့်ဆောင်ရွက်ထားမှုများတွေ့ရှိပါက အချိန်နှင့်တစ်ပြေးညီ ဗဟိုဘဏ်သို့ ချက်ချင်းသတင်းပို့တင်ပြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌများက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံစာရင်းကောင်စီနှင့်ပြင်ပစာရင်းစစ်အဖွဲ့များမှ တာဝန်ရှိသူများက စာရင်းစစ်ဆေးရာတွင် တွေ့ကြုံရသည့်အခက်အခဲများနှင့် ဗဟိုဘဏ်၏ လမ်းညွှန်မှာကြားချက်များအတိုင်း ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြကြောင်း သိရသည်။ (သတင်းစဉ်)

१७-१-२०२५

## ထူးခြားသည့် ညအပူချိန်များ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဟားခါး | ၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | လွိုင်လင် | ၄ | ဒသမ | ၃ | 
| နမ့်စန် | ၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | ပင်လောင်း | ၄ | ဒသမ | ၈ |
| (ရှမ်းပြည်နယ်တောင်ပိုင်း) | | | | | မိုင်းယန်း | ၅ | ဒသမ | ၅ |
| ဟဲဟိုး | ၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | ပူတာအို | ၆ | ဒသမ | ၂ |
| ပြင်ဦးလွင် | ၃ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် | မြစ်ကြီးနား | ၇ | ဒသမ | ၀ |
| တီးတိန် | ၄ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် | မချမ်းဘော | ၇ | ဒသမ | ၈ |

# မန်းရွှေစက်တော်ဘုရားကြီး၌တည်းခိုဆောင်နှင့် ဈေးဆိုင်ခန်းများ စတင်ဆောက်လုပ်လျက်ရှိ



**မင်းဘူး ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်ရှိ မန်းရွှေစက်တော် ဘုရားပွဲတော် ကျင်းပစဉ်ကာလ ဘုရားဖူးလာရောက်ကြသူများ တည်းခိုနားနေနိုင်ရန် မန်းချောင်းသောင်ပြင်၌ ယခုအခါ တည်းခိုဆောင်နှင့် ဈေးဆိုင်ခန်းများ စတင်ဆောက်လုပ်နေပြီး ပွဲတော်ကာလ ဘုရားဖူးများအား ညအိပ် တည်းခိုခွင့်ပြုမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီထံမှ သိရသည်။

အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးရဟန်းရှင်လူ မိဘပြည်သူများ စိတ်အေးချမ်းသာစွာ ဘုရားဖူးမြော်၍ ညအိပ်တည်းခိုနားနေနိုင်စေရန် တည်းခိုဆောင်အခန်းပေါင်း ၆၀၀ ကျော်နှင့် ဈေးဆိုင်ခန်းပေါင်း ၈၀၀ ကျော်ကို စတင်ဆောက်လုပ်လျက်ရှိကြောင်း၊ လက်ရှိတွင် နမ္မဒါတည်းခိုဆောင် အပါအဝင် ငွေသောင်ယံနှင့် မန်းချောင်းသောင်ပြင်တစ်လျှောက် တည်းခိုဆောင်နှင့် ဈေးဆိုင်ခန်းပေါင်း ၁၄၀ ကျော် ဆောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း၊ ဘုရားပရိဝုဏ်အတွင်း တည်ဆောက်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအားလုံးကို မကြာမီရက်ပိုင်းအတွင်း အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း မန်းရွှေစက်တော် ဘုရားပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးဦးအေးလွင်က ပြောသည်။

မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားပွဲတော်ကြီးကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်မှ ဧပြီလ ၁၇ ရက် (တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်းတစ်ရက်နေ့အထိ) ရက်ပေါင်း ၇၅ ရက်ကြာကျင်းပမည်ဖြစ်ကြောင်း၊ ဘုရားဖူးများ သွားလာရေးအဆင်ပြေစေရန် သောင်ပြင်၌ ယာယီဘေလီသံပေါင်တံတား(အထူးတံတား) တစ်စင်းကို ဆောက်လုပ်ပေးထားကာ မင်းဘူး-ရွှေစက်တော်နှင့် တောင်ပေါ်-တောင်အောက် မော်တော်ယာဉ်လိုင်းများကိုလည်း ပြေးဆွဲပေးမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုထံမှ သိရသည်။

**မောင်မောင်(မင်းဘူး)**

# ကွန်ကရစ်ဘီးလမ်းခင်းခြင်းနှင့် ဆိုလာစွမ်းအင်သုံး ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများပြီးစီး

**ကျောက်တံခါး ဇန်နဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါး မြို့နယ် ကျေးရိုးကျေးရွာအုပ်စု ရေရှန်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းနှင့် ဆိုလာစွမ်းအင်သုံးရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီလ ၁၇ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက စစ်ဆေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ကျောက်တံခါးမြို့နယ်ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ရေရှန်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ပံ့ပိုးရန်ပုံငွေများ၊ ကျေးရွာပြည်သူများ၏ ထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းနှင့် ဆိုလာစွမ်းအင်သုံး ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံ၍ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းကြိုးစားကြရန်မှာကြားပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်ဆွက်မှာကြားသည်။

အဆိုပါရေရှန်ကျေးရွာ၌ ကျေးရွာတွင်းလမ်းမှာ အရှည်ပေ ၆၀၀၊ အကျယ် ၃ ပေ၊ ထု ၆ လက်မရှိ ကွန်ကရစ်ဘီးလမ်းနှစ်လမ်း ခင်းခြင်းလုပ်ငန်းနှင့် ဆိုလာစွမ်းအင်သုံး ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းတို့ကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် ၃၁ သိန်း စုစုပေါင်းငွေကျပ် ၁၈၁ သိန်းကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **စိန်လွင်(ကျေးလက်)**



# စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲနှင့် လူငယ်စာဖတ်ဝိုင်းကျင်းပ

**စစ်ကိုင်း ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် လူငယ်စာဖတ်ဝိုင်းကို ဇန်နဝါရီလ ၁၇ ရက် နံနက်ပိုင်းတွင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးယဉ်မင်းအောင်က လူငယ်စာဖတ်ဝိုင်း ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာရေးဆရာ ဦးသန်းနိုင်ထွန်း (ထွန်းတောက်ကြယ်) ဦးဆောင်၍ စာဖတ်ဝိုင်းသို့ တက်ရောက်လာကြသည့် စာရေးဆရာများနှင့် လူငယ်များက စာရေးဆရာကြီး ချစ်နိုင် (စိတ်ပညာ) ရေးသားသည့် လူငယ်နှင့်အခွင့်အလမ်းစာအုပ်တွင် ပါဝင်သောအကြောင်းအရာများနှင့် အသိပညာ၊ ဗဟုသုတများကို ဆွေးနွေးကြသည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေဇင်မိုးက လူငယ်များအသိပညာ၊ ဗဟုသုတပြည့်စုံစေရန်၊ ငယ်စဉ်ကပင် စာဖတ်သည့် အလေ့အကျင့်ကောင်းများကို ပျိုးထောင်ကြရန်နှင့် အနာဂတ်တွင် နိုင်ငံတော်က အားထားရသည့် ဗလငါးတန်နှင့် ပြည့်စုံသော မျိုးဆက်သစ်လူငယ်များ ဖြစ်လာစေရန်စသည့် စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာသိကောင်းစရာများကို အသိပညာပေးဟောပြောသည်။

အဆိုပါအသိပညာပေးဟောပြောပွဲနှင့် လူငယ်စာဖတ်ဝိုင်း၌ စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များကို ပြသရာ တက်ရောက်လာကြသည့် လူငယ်များ ကကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **ဇော်မြင့်နိုင်(ပြန်/ဆက်)**

# ပင်လောင်းမြို့၌ အသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**ပင်လောင်း ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်အားကစားကွင်း၌ အသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၁၆ ရက်တွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဇော်ထက်က အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပြိုင်ပွဲဝင်ဘောလုံးအသင်းသားများအား လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်တွင် ရွှေတောင်လေးဘောလုံးအသင်းနှင့် ပင်ခွန်ဘောလုံးအသင်းတို့ စတင်ယှဉ်ပြိုင်ကစားကြရာ ရွှေတောင်လေးဘောလုံးအသင်းက ပင်ခွန်ဘောလုံးအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် ရင်းမိုးဘောလုံးအသင်းက လွယ်ဖွီးဘောလုံးအသင်းကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသည်။

အဆိုပါ အသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၄၉ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး တစ်အုပ်စုလျှင် အသင်းသုံးသင်း ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်းနှင့် တစ်အုပ်စုလျှင် အမှတ်အများဆုံးရရှိသည့် အသင်းနှစ်သင်းက ရှုံးထွက်အဆင့်သို့ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

နံနက်စာကို အသားရောအသီးအနှံပါ
စုံလင်စွာ စားသောက်သင့်သည်။


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com


ပဒုမ္မာဆပ်ပြာ
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့် အချောအသေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊ လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆။
PADONMAR


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
ရွှေဖီဦး
ရွှေဖီဦး BLACK TEA
(နှောင်တရား)ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန့်ဖြူး
လျက်ရှိပါသည်။
Tea Mix
Lemon Tea
ပင်ရင်းအရောင်းဌာန-ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
SCANIA
THE BEST QUALITY TYRE
ပင်ရင်းအရောင်းဌာန-ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# ပရီးမီးယားလိဂ်ပွဲစဉ်(၂၂) ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်(၁၈)နှင့် အီတလီစီးရီးအေပွဲစဉ်(၂၁)ပွဲကြိုသုံးသပ်ချက်



## အာဆင်နယ် Vs အက်စ်တွန်ဗီလာ

**ကစားမည့်ရက်/အချိန်**

**(၁၈-၁-၂၀၂၅ ည ၁၂:၀၀ နာရီ)**

**နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

| | | |
|---|---|---|
| အက်စ်တွန်ဗီလာ | ၀ - ၂ | အာဆင်နယ် |
| အာဆင်နယ် | ၂ - ၀ | အက်စ်တွန်ဗီလာ |
| အက်စ်တွန်ဗီလာ | ၁ - ၀ | အာဆင်နယ် |

**နောက်ဆုံးကစားခဲ့တဲ့သုံးပွဲ အနိုင်၊ အရှုံးရလဒ်**

| | | | |
|---|---|---|---|
| အာဆင်နယ် | အိမ်(ရှုံး) | အိမ်(သရေ) | အိမ်(နိုင်) |
| အက်စ်တွန်ဗီလာ | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |

ပြီးခဲ့တဲ့ပွဲစဉ်မှာ စပါးအသင်းကိုအနိုင်ရရှိပြီး သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေမှုကို ရပ်တန့်နိုင်ခဲ့တဲ့ အာဆင်နယ်အသင်းက အမှတ်ပေးဇယားကိုဦးဆောင်နေတဲ့ လီဗာပူးအသင်းနဲ့ ရမှတ်လေးမှတ်သာကွာဟတော့လို့ အခုအိမ်ကွင်းပွဲစဉ်မှာ ရမှတ်ပြည့်ရရှိဖို့ အမှားခံမှာမဟုတ်ပါဘူး။ အာဆင်နယ်အသင်းက တိုက်စစ်ပိုင်းလိုအပ်ချက်တွေရှိနေလို့ ရုန်းကန်နေရပြီး တိုက်စစ်ပိုင်းကို သေချာပြင်ဆင်ကစားမယ်ဆိုရင်တော့ အိမ်ကွင်းမှာ ရလဒ်ကောင်းတစ်ခုပိုင်ဆိုင်မှာပါ။ အာဆင်နယ်အသင်းက ပရီးမီးယားလိဂ်အိမ်ကွင်း ၁၀ ပွဲကစားပြီးချိန်မှာ တစ်ပွဲမှရှုံးနိမ့်ထားခြင်းမရှိသေးဘဲ ခုနစ်ပွဲအနိုင်ရရှိခဲ့ပြီး သုံးပွဲသရေရလဒ်နဲ့ ရမှတ် ၂၄ မှတ်အထိ စုဆောင်းနိုင်ခဲ့လို့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကတော့ အကောင်းဆုံးပုံစံမှာရှိနေလို့ အက်စ်တွန်ဗီလာအသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ အာဆင်နယ်အသင်းတိုက်စစ်ပိုင်းကလည်း ပရီးမီးယားလိဂ်အိမ်ကွင်း ၁၀ ပွဲမှာ သွင်းဂိုး ၂၀ သွင်းယူထားနိုင်ခဲ့လို့ အိမ်ကွင်းဆိုရင်တော့ ဂိုးသွင်းအားကောင်းနေတာကို တွေ့မြင်ရမှာပါ။ အာဆင်နယ်အသင်းအတွက် လီဗာပူးအသင်းနဲ့ ရမှတ်ကွာဟမှုကို တတ်နိုင်သမျှလျှော့နိုင်ဖို့ အိမ်ကွင်းပွဲစဉ်တွေမှာ ရမှတ်ပြည့်ရရှိဖို့အတွက်တော့ လိုအပ်နေပါတယ်။

အက်စ်တွန်ဗီလာအသင်းကလည်း နောက်ဆုံးကစားတဲ့ သုံးပွဲဆက်နိုင်ပွဲပြန်လည်ရရှိပြီး ဥရောပဝင်ခွင့်တစ်နေရာအတွက် မျှော်လင့်ချက်ရှိနေဆဲဆိုပေမယ့် အဝေးကွင်းခြေစွမ်းပိုင်းကတော့ စိတ်ချလို့ရတဲ့အနေအထားမှာမရှိပါဘူး။ အက်စ်တွန်ဗီလာအသင်းက ဒီဘောလုံးရာသီ ပရီးမီးယားလိဂ်အဝေးကွင်း ၁၀ ပွဲကစားပြီးချိန်မှာ လေးပွဲသာအနိုင်ရရှိခဲ့ပြီး တစ်ပွဲသရေရလဒ်နဲ့ ငါးပွဲရှုံးနိမ့်ထားလို့ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကတော့ အားရစရာမရှိဘဲ ရုန်းကန်နေရပါတယ်။ အက်စ်တွန်ဗီလာအသင်း ခံစစ်ပိုင်းကလည်း အဝေးကွင်းပွဲစဉ်တွေမှာ ပေးဂိုးတွေများနေပြီး ၁၀ ပွဲမှာ ၁၉ ဂိုးအထိ ပေးထားရလို့ ခံစစ်ပိုင်းကလည်း စိတ်ချလို့ရတဲ့အနေအထားမှာမရှိပါဘူး။ အက်စ်တွန်ဗီလာအသင်းခံစစ်ပိုင်းမှာ အဓိက ကစားသမား ပါအူးတောရက်စ်မပါဝင်နိုင်တာကြောင့် လိုအပ်ချက်တွေများနေပြီး ခံစစ်ပိုင်းက ရုန်းကန်နေရတာပါ။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာ အာဆင်နယ်အသင်းက ၁၇ ကြိမ်အနိုင်ရရှိထားပါတယ်။ အက်စ်တွန်ဗီလာအသင်းက ခုနစ်ကြိမ်သာအနိုင်ရရှိပြီး တစ်ကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ လက်ရှိခြေစွမ်းပိုင်းအရ အာဆင်နယ်အသင်းက အသာစီးမှာရှိနေလို့ အခုပွဲစဉ်မှာ အာဆင်နယ်အသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

ခန့်မှန်းရလဒ်- အာဆင်နယ် ၂- ၁ အက်စ်တွန်ဗီလာ

## ဘိုင်ယန်မြူးနစ် Vs ဝုဖ်ဘတ်

**ကစားမည့်ရက်/အချိန်**

**(၁၈-၁-၂၀၂၅ ည ၉:၀၀ နာရီ)**

**နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

| | | |
|---|---|---|
| ဝုဖ်ဘတ် | ၂ - ၃ | ဘိုင်ယန်မြူးနစ် |
| ဘိုင်ယန်မြူးနစ် | ၂ - ၀ | ဝုဖ်ဘတ် |
| ဝုဖ်ဘတ် | ၁ - ၂ | ဘိုင်ယန်မြူးနစ် |

**နောက်ဆုံးကစားခဲ့တဲ့သုံးပွဲ အနိုင်၊ အရှုံးရလဒ်**

| | | | |
|---|---|---|---|
| ဘိုင်ယန်မြူးနစ် | ဝေး(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |
| ဝုဖ်ဘတ် | အိမ်(ရှုံး) | ဝေး(နိုင်) | အိမ်(နိုင်) |

ဘိုင်ယန်မြူးနစ်အသင်းအတွက် အမှတ်ပေးဇယားကိုဦးဆောင်နေတယ်ဆိုပေမယ့် အဆင့်(၂)နေရာက လေဗာကူဆင်အသင်းနဲ့ ရမှတ်ကွာဟမှုက လေးမှတ်သာရှိနေလို့ အခုအိမ်ကွင်းပွဲစဉ်မှာ အမှားခံမှာမဟုတ်ပါဘူး။ ဘိုင်ယန်မြူးနစ်အသင်းက မိန့်ဇ်အသင်းကိုရှုံးနိမ့်ပြီးနောက် ပြိုင်ပွဲစုံ လေးပွဲဆက်နိုင်ပွဲပြန်လည်ရရှိထားပြီး ပုံစံကောင်းပြသနေသလို ဟယ်ရီကိန်းဦးဆောင်နေတဲ့ တိုက်စစ်ပိုင်းကလည်း လေးပွဲမှာ ၁၇ ဂိုးသွင်းယူထားနိုင်ခဲ့တဲ့အထိ ထက်မြက်မှုရှိနေလို့ ဝုဖ်ဘတ်အသင်းကို ပွဲချိန်တစ်လျှောက်လုံး ဖိအားပေးကစားနိုင်မှာပါ။ ဘိုင်ယန်မြူးနစ်အသင်းက ဒီဘောလုံးရာသီ ဂျာမန်ဘွန်ဒက်စ်လီဂါ အိမ်ကွင်းရှစ်ပွဲကစားပြီးချိန်မှာ ရှုံးပွဲမရှိသေးဘဲ ခုနစ်ပွဲအထိအနိုင်ရရှိခဲ့ပြီး တစ်ပွဲသရေရလဒ်ထွက်ပေါ်ထားလို့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကတော့ အကောင်းဆုံးပုံစံမှာရှိနေပါတယ်။ ဒါ့ပြင် ဒီဘောလုံးရာသီ ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်ပိုင်းကလည်း ဘွန်ဒက်စ်လီဂါပွဲစဉ် ၁၇ ပွဲကစားပြီးချိန်မှာ ၅၃ ဂိုးရရှိထားလို့ ဥရောပထိပ်တန်းလိဂ်တွေမှာ တိုက်စစ်ပိုင်းအားအကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေပါတယ်။

ဝုဖ်ဘတ်အသင်းကတော့ နောက်ဆုံးကစားခဲ့တဲ့ နှစ်ပွဲဆက် နိုင်ပွဲပြန်လည်ရရှိထားတယ်ဆိုပေမယ့် ခြေစွမ်းပိုင်းက ဘိုင်ယန်မြူးနစ်အသင်းကို ပွဲချိန်ပြည့်တုံ့ပြန်ကစားနိုင်ဖို့တော့ လိုအပ်ချက်တွေရှိနေမှာပါ။ ဝုဖ်ဘတ်အသင်းက ဘိုင်ယန်မြူးနစ်အသင်းနဲ့တွေ့ဆုံတိုင်း ရုန်းကန်ရလေ့ရှိပြီး ၂၀၁၅ ခုနှစ်က ၄ ဂိုး- ၁ ဂိုးနဲ့ အနိုင်ရရှိပြီးနောက်ပိုင်း တစ်ပွဲမှနိုင်ပွဲရယူနိုင်ခြင်းမရှိဘဲ အမြင့်ဆုံးသရေရလဒ်သာစွမ်းဆောင်နိုင်ခဲ့လို့ အခုအဝေးကွင်းပွဲစဉ်မှာလည်း ရုန်းကန်ရမှာ အမှန်ပါပဲ။ ဝုဖ်ဘတ်အသင်းက ဒီဘောလုံးရာသီ ဂျာမန်ဘွန်ဒက်စ်လီဂါ အဝေးကွင်းပွဲစဉ်ရှစ်ပွဲကစားပြီးချိန်မှာ ငါးပွဲအနိုင်ရရှိထားပြီး တစ်ပွဲသရေရလဒ်နဲ့နှစ်ပွဲရှုံးနိမ့်ထားလို့ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကတော့ ကျေနပ်စရာရှိခဲ့တယ်ဆိုပေမယ့် ဘိုင်ယန်မြူးနစ်အသင်းအိမ်ကွင်းမှာတော့ သရေရလဒ်တောင် မျှော်လင့်ဖို့မဖြစ်နိုင်ပါဘူး။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာ ဘိုင်ယန်မြူးနစ်အသင်းက အကြိမ် ၃၀ အနိုင်ရရှိထားပါတယ်။ ဝုဖ်ဘတ်အသင်းက တစ်ကြိမ်သာ အနိုင်ရရှိပြီး လေးကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ ဒီနှစ်သင်းကြားခြေစွမ်းပိုင်းကလည်း ကွာခြားမှုရှိနေလို့ ဘိုင်ယန်မြူးနစ်အသင်းရဲ့အနိုင်ရလဒ်ကသေချာနေပါတယ်။

ခန့်မှန်းရလဒ် - ဘိုင်ယန်မြူးနစ် ၃ - ၀ ဝုဖ်ဘတ်

## အတ္တလန္တာ Vs နာပိုလီ

**ကစားမည့်ရက်/အချိန်**

**(၁၉-၁-၂၀၂၅ နံနက် ၂:၁၅ နာရီ)**

**နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

| | | |
|---|---|---|
| နာပိုလီ | ၀ - ၃ | အတ္တလန္တာ |
| နာပိုလီ | ၀ - ၃ | အတ္တလန္တာ |
| အတ္တလန္တာ | ၁ - ၂ | နာပိုလီ |

**နောက်ဆုံးကစားခဲ့တဲ့သုံးပွဲ အနိုင်၊ အရှုံးရလဒ်**

| | | | |
|---|---|---|---|
| အတ္တလန္တာ | ဝေး(ရှုံး) | ဝေး(သရေ) | အိမ်(သရေ) |
| နာပိုလီ | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |

နောက်ဆုံးကစားခဲ့တဲ့ စီးရီးအေ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့ပြီး အမှတ်ပေးဇယားထိပ်ဆုံးက ဆင်းပေးခဲ့ရတဲ့အတ္တလန္တာအသင်းက လက်ရှိအချိန်ထိ ချန်ပီယံဆုအတွက် မျှော်လင့်ချက်ရှိနေဆဲဖြစ်လို့ အိမ်ကွင်းမှာ အမှားခံမှာမဟုတ်ပါဘူး။ အတ္တလန္တာအသင်းရဲ့ဒီဘောလုံးရာသီ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကိုကြည့်ရမယ်ဆိုရင်လည်း စီးရီးအေအိမ်ကွင်း ကိုးပွဲကစားပြီးချိန်မှာ ခုနစ်ပွဲအထိအနိုင်ရရှိခဲ့ပြီး တစ်ပွဲသရေရလဒ်နဲ့တစ်ပွဲသာရှုံးနိမ့်ထားလို့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကတော့ ကျေနပ်စရာပါ။ ဒါ့ပြင် အတ္တလန္တာအသင်းရဲ့ အိမ်ကွင်းတိုက်စစ်ပိုင်းစွမ်းဆောင်ရည်ပိုင်းမှာလည်း ကိုးပွဲမှာ ၂၆ ဂိုးရရှိထားလို့ အိမ်ကွင်းတိုက်စစ်ပိုင်းစွမ်းဆောင်ရည်ပိုင်းက အကောင်းဆုံးပုံစံမှာရှိနေပါတယ်။ အတ္တလန္တာအသင်းအတွက် အခုပွဲစဉ်မှာသာ ရှုံးနိမ့်ခဲ့မယ်ဆိုရင် ချန်ပီယံဆုအတွက် မျှော်လင့်ချက်က ပိုမိုဝေဝါးသွားမှာဖြစ်လို့ အိမ်ကွင်းမှာ ရမှတ်ပြည့်ရရှိဖို့ အမှားခံမှာတော့ မဟုတ်ပါဘူး။

နာပိုလီအသင်းကတော့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်နိုင်ပွဲပြန်လည်ရရှိခဲ့ပြီး အမှတ်ပေးဇယားထိပ်ဆုံးက ပြန်လည်ဦးဆောင်နေပါတယ်။ နာပိုလီအသင်းရဲ့ ဒီဘောလုံးရာသီ စီးရီးအေ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းမှာလည်း ၁၀ ပွဲကစားပြီးချိန်မှာ ခုနစ်ပွဲအနိုင်ရရှိထားပြီး နှစ်ပွဲသရေရလဒ်နဲ့ တစ်ပွဲရှုံးနိမ့်ထားလို့ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကောင်းမွန်တဲ့အသင်းဆိုပေမယ့် ပြိုင်ဘက်အသင်းက တိုက်စစ်ပိုင်းထက်မြက်မှုရှိတဲ့ အသင်းတစ်သင်းဖြစ်လို့ ရုန်းကန်ရနိုင်ပါတယ်။ ဒါ့ပြင် နာပိုလီအသင်းက အဝေးကွင်းဆိုရင်တော့ ခံစစ်ပိုင်းက အမှားအယွင်းများတတ်ပါတယ်။

ဒီနှစ်သင်းကြား တွေ့ဆုံမှုအပိုင်းမှာတော့ အတ္တလန္တာအသင်းက ၁၄ ကြိမ် အနိုင်ရရှိထားပါတယ်။ နာပိုလီအသင်းက ၁၃ ကြိမ် အနိုင်ရရှိပြီး ငါးကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ လက်ရှိခြေစွမ်းပိုင်းအရလည်း ကွာဟမှုမကြီးမားလို့ စီးရီးအေ ချန်ပီယံဆုမျှော်လင့်ချက်အတွက် ဆက်လက်ကြိုးစားကစားလာမယ့် အတ္တလန္တာအသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ်- အတ္တလန္တာ ၃ - ၂ နာပိုလီ

## ပရီးမီးယားလိဂ်ပွဲစဉ်(၂၂)

| | | |
|---|---|---|
| နယူးကာဆယ် | - | ဘုန်းမောက်စ် |
| လက်စတာ | - | ဖူလ်ဟမ် |
| ဝက်စ်ဟမ်း | - | ပဲလေ့စ် |
| ဘရန့်ဖို့ဒ် | - | လီဗာပူး |

## ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်(၁၈)

| | | |
|---|---|---|
| ဘိုချမ် | - | လိုက်ပဇစ် |
| ဟီဒန်ဟိန်း | - | စိန့်ပေါ်လီ |
| ဟူစတိန်းကယ် | - | ဟော့ဖန်ဟိန်း |
| စတုဂတ် | - | ဖရိုင်းဘတ် |
| လေဗာကူဆင် | - | ဂလာဘတ် |

## အီတလီစီးရီးအေပွဲစဉ်(၂၁)

| | | |
|---|---|---|
| ဘိုလော့ဂ်နာ | - | မွန်ဇာ |
| ဂျူဗင်တပ်စ် | - | အေစီမီလန် |

**စည်သူအောင်**



# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်း

**ရမည်းသင်း ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်း၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့်အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲကို ဇန်နဝါရီလ ၁၆ ရက် နံနက်ပိုင်းတွင် အဆိုပါဦးစီးဌာနရုံး၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးသိန်းဇော်က အမှာစကားပြောကြားပြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဆန်းက သင်တန်းတွင် ထူးချွန်သူများနှင့် သင်တန်းပြီးဆုံးအောင် တက်ရောက်သည့် သင်တန်းသူများကို အလုပ်အကိုင်များရရှိအောင် ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့်ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်မည့် သင်တန်းသူများကိုလည်း ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများမှ အရင်းအနှီးများ ထုတ်ချေးပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုများပေးအပ်ပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသူများအား ပေးအပ်သည်။

အဆိုပါသင်တန်းသို့ ရမည်းသင်းမြို့နယ်အတွင်းရှိ သက်ငယ်ခြံကျေးရွာ၊ သီးကုန်းကျေးရွာ၊ ဇီးဖြူကုန်းကျေးရွာ၊ သိမ်ကုန်းကျေးရွာ၊ မကျီးလေးပင်ကျေးရွာနှင့် ကင်မွန်းခြံကျေးရွာတို့မှ သင်တန်းသူ ၂၀ ဦးတက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြဆရာများက အခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာနှင့် သက်ဆိုင်သည့်သင်ခန်းစာများကို လုပ်ငန်းထူထောင်နိုင်သည်အထိ စာတွေ့၊ လက်တွေ့နှစ်မျိုးဖြင့် ၁၀ ရက်ကြာ အခမဲ့သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း သိရသည်။

**စိန်လွင်(ကျေးလက်)**



# အသက်ငါးနှစ်အောက် ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးများထိုးနှံပေး

**ဂန့်ဂေါ ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့်မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနတို့၌ စုရပ်နှစ်နေရာခွဲ၍ အသက်ငါးနှစ်အောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများထိုးနှံတိုက်ကျွေးပေးခြင်းကို ဇန်နဝါရီလ ၁၆ ရက် နံနက်ပိုင်းမှစတင်၍ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခေတ္တဆေးရုံအုပ်ဒေါက်တာကျော်ကျော်လွင်ဦးဆောင်သည့် မြို့နယ်ကျန်းမာရေးမှူး-၁ ဦးထွန်းဇော်လင်းနှင့် ကျန်းမာရေးဌာနမှ ဝန်ထမ်းများက မြို့ပေါ်လေးရပ်ကွက်နှင့် ဂန့်ဂေါမြို့နယ်အတွင်းရှိ ကျေးရွာများမှ ကာကွယ်ဆေးများ လာရောက်ထိုးနှံသည့် မွေးစမှ အသက်ငါးနှစ်အောက် ကလေးငယ်များအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောကာကွယ်ဆေး၊ ပိုလီယိုအကြောသေကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး၊ ဝက်သက်ဂျိုက်သိုးကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေး၊ ငါးမျိုးစပ်ကာကွယ်ဆေးနှင့် ဆုံဆို့၊ မေးခိုင်ကာကွယ်ဆေးတို့ကို ကလေးများ၏ အသက်အရွယ်အလိုက် သတ်မှတ်အကြိမ်အတိုင်း ထိုးနှံတိုက်ကျွေးပေးကြသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံခြင်းကို ဇန်နဝါရီလ ၁၆ ရက်မှ ၁၈ ရက်အထိ သုံးရက်တိုင်တိုင် ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကာကွယ်ဆေးထိုးနှံရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှတာဝန်ရှိသူများနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခေတ္တဆေးရုံအုပ် ဒေါက်တာကျော်ကျော်လွင်တို့က ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။ **မောင်မျိုးမင်း(ပြန်/ဆက်)**

# အာရှဖလား အမျိုးသမီးဖူဆယ်ခြေစစ်ပွဲတွင် မြန်မာအသင်း တရုတ်တိုင်ပေအသင်းကို အရေးနိမ့်



**ရန်ကုန် ဇန်နဝါရီ ၁၇**

၂၀၂၅ အာရှဖလား အမျိုးသမီးဖူဆယ်ခြေစစ်ပွဲ အုပ်စု (D) ဒုတိယနေ့ကိုယနေ့တွင် ရန်ကုန်မြို့ သုဝဏ္ဏာကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ကျင်းပရာ မြန်မာအသင်းသည်တရုတ်တိုင်ပေအသင်းကို လေးဂိုးပြတ် အရေးနိမ့်ခဲ့သည်။

မြန်မာအသင်းသည်ဗီယက်နမ်နှင့်တရုတ်တိုင်ပေကို နှစ်ပွဲဆက်အရေးနိမ့်ခဲ့သဖြင့် ခြေစစ်ပွဲအောင်မြင်ရန် ရှန်းကန်ရတော့မည်ဖြစ်သည်။ မြန်မာအသင်းသည် တရုတ်တိုင်ပေနှင့်ပွဲတွင်ရလဒ်ကောင်းရရန်ကြိုးပမ်းသော်လည်း ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် နှစ်ဂိုးပေးခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းသည် နှစ်ပွဲဆက်အရေးနိမ့်ခဲ့သဖြင့် ခြေစစ်ပွဲအောင်မြင်ရန်အတွက် အကောင်းဆုံးအုပ်စုတတိယနေရာကိုသာ မျှော်လင့်ရတော့မည်ဖြစ်သည်။

ဒုတိယနေ့ အခြားပွဲတွင် ဗီယက်နမ်အသင်းက မကာအိုအသင်းကို ၂၁ ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့သည်။ နှစ်ပွဲဆက်ဂိုးပြတ်အနိုင်ရခဲ့သည့် ဗီယက်နမ်အသင်းနှင့် တရုတ်တိုင်ပေအသင်းသည် ထိပ်တိုက်မတွေ့ဆုံမီ ခြေစစ်ပွဲအောင်မြင်သွားပြီဖြစ်ပြီး အုပ်စုပထမနေရာအတွက်သာ ကစားရမည်ဖြစ်သည်။ အုပ်စု (D) တွင် ဗီယက်နမ်အသင်းနှင့် တရုတ်တိုင်ပေအသင်းက နှစ်ပွဲကစားခြောက်မှတ်စီ၊ မြန်မာနှင့် မကာအိုအသင်းက နှစ်ပွဲကစား အမှတ်မရသေးပေ။ နောက်ဆုံးပွဲအဖြစ် ဇန်နဝါရီလ ၁၉ ရက်တွင် ဗီယက်နမ်နှင့် တရုတ်တိုင်ပေ၊ မြန်မာနှင့် မကာအိုအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရဲရင့်လွင်**
**ဓာတ်ပုံ-MFF**

**၁၇-၁-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ဈေးနှုန်းမှာ (၅,၄၂၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**
**သတ်မှတ်ရေးကော်မတီ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၇၅ | ၃၁၉၀ | ၃၁၅၅ | ၃၀၉၀ | ၃၁၉၅ | ၃၂၁၀ | ၃၂၃၀ | ၃၁၄၅ | ၄၅၀၅ | ၃၄၄၀ | ၃၁၆၅ | ၃၁၆၅ | ၃၂၃၅ | ၃၂၀၀ | ၃၂၂၀ | ၃၄၈၀ | ၄၁၀၀ |
| 95 Ron | ၃၁၄၀ | ၃၂၅၀ | ၃၂၂၀ | ၃၁၅၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၉၀ | ၃၂၁၀ | ၄၅၆၀ | ၃၅၀၀ | ၃၂၂၅ | ၃၂၃၀ | ၃၃၀၀ | ၃၂၆၀ | ၃၂၈၅ | ၃၅၄၀ | ၄၂၅၀ |
| HSD (500 ppm) | ၂၇၄၀ | ၂၈၅၅ | ၂၈၂၀ | ၂၇၅၅ | ၂၈၆၀ | ၂၈၇၅ | ၂၈၉၀ | ၂၈၁၀ | - | ၃၁၀၅ | ၂၈၂၅ | ၂၈၃၀ | ၂၉၀၀ | ၂၈၆၅ | ၂၈၈၅ | ၃၁၄၅ | ၄၁၀၀ |
| HSD (50 ppm) | ၃၃၆၅ | ၃၄၇၅ | ၃၄၄၅ | ၃၃၇၅ | ၃၄၈၅ | ၃၅၀၀ | ၃၅၁၅ | ၃၄၃၅ | ၄၈၃၀ | ၃၇၂၅ | ၃၄၅၀ | ၃၄၅၅ | ၃၅၂၀ | ၃၄၈၅ | ၃၅၁၀ | ၃၇၆၅ | - |
| HSD (10 ppm) | ၃၃၆၅ | ၃၄၇၅ | ၃၄၄၅ | ၃၃၇၅ | ၃၄၈၅ | ၃၅၀၀ | ၃၅၁၅ | ၃၄၃၅ | - | ၃၇၂၅ | ၃၄၅၀ | ၃၄၅၅ | ၃၅၂၀ | ၃၄၈၅ | ၃၅၁၀ | ၃၇၆၅ | - |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၄ | ၂၉၉၆ |
| 95 Ron | ၂၉၆၅ | ၃၀၅၇ |
| HSD (500 ppm) | ၂၅၇၈ | ၂၆၅၉ |
| HSD (50 ppm) | ၃၁၈၂ | ၃၂၇၅ |
| HSD (10 ppm) | ၃၁၈၂ | ၃၂၇၅ |

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ခရမ်းမြို့နယ်၊ အထက်ခမက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၇

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ခရမ်းမြို့နယ်၊ အထက်ခမက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါ ကျေးရွာရှိ အောင်သာသီရိဘုန်းတော်ကြီး ကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၂ ပါးနှင့် ဒေသခံပြည်သူ ၁၃၄ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# တရားမဝင် သစ်မျိုးစုံ၊ ရေနံစိမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ


အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။


သီလဝါဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဇန်နဝါရီ ၁၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကိုဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဇန်နဝါရီလ ၁၅ ရက်**တွင် နေပြည်တော်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဥတ္တရခရိုင်၊ ဥတ္တရသီရိ မြို့နယ်၌ တရားမဝင် အခြားသစ် (၆ ဒသမ ၈၂၀)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၁၈၈)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက်ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့် ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ်၊ မီးလောင်ကုန်းကျေးရွာအနီး၌ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၈၈၂)တန်၊ သစ်မာ (၁ ဒသမ ၈၁၀)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၅၂၈၃၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဇန်နဝါရီလ ၁၅ ရက်နှင့် ၁၆ ရက်**တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၂၂၀၄၇၈)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၉)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၃၃၄၀၈၀၀)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ(၅)လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၆၂၉၀၈၈၃)ကိုလည်းကောင်း၊ စုစုပေါင်း **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၃၈၅၂၁၆၁)**ကိုဖမ်းဆီးရမိခဲ့ပြီးအကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဇန်နဝါရီလ ၁၆ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၃)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့၊ ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့်မော်တော်ယာဉ်(၂)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၄)မျိုး၊ လူသုံးကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၉၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး၊ Hino Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် (၂ဒသမ ၂၅၀)တန်၊ အခြားသစ်(၁ ဒသမ ၀၄၁) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၇၉၀၈) ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၇၇၇၉၀၈)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ် စိုင်ကျကျေးရွာအနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားမဝင် ရေနံစိမ်း ဂါလန် (၈၁၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၃၅၀၀၀)နှင့် အဆိုပါရေနံစိမ်းများ တင်ဆောင်လာသည့် Toyota Dyna Truck (၁)စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀)ကိုပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရလည်းကောင်း၊ မင်းဘူးမြို့နယ်၊ မင်းလှကျင်းကျေးရွာအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားမဝင် ရေနံစိမ်း ဂါလန် (၅၄၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၀၀၀၀)နှင့် အဆိုပါရေနံစိမ်းများ တင်ဆောင်လာသည့် "ခွဲ"တံဆိပ်ပါအနီရောင် ထွန်စက်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၇၂၅၀၀၀)** ကိုဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျောက်ဆည်မြို့၊ မြို့ရှောင်လမ်း၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၈၀၆၀၅၉၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင် လာသည့် ISUZU GIGA Tractor Head (၂)စီးနှင့် နောက်တွဲယာဉ်(၂)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၀၆၀၅၉၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပေါင်မြို့နယ်နှင့် ကျိုက်ထိုမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၄၅၀၀၀၀၀)ကိုလည်းကောင်း၊ မော်လမြိုင်မြို့နယ်နှင့် မုဒုံမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီလ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၃)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၉၉၂၈၆၇၇)**ကို ဖမ်းဆီးရမိခဲ့ပါသည်။ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသတင်းရရှိသည်။

(သတင်းစဉ်)

**ပျောက်ဆုံးကြောင်း**
ဇော်မင်း(ဘ)ဦးတင်မောင် ၁၂/ပဘတ(နိုင်) ၀၂၃၁၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 122249)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၈၈၅၉၆

**ပျောက်ဆုံးကြောင်း**
ဇာဂရ(ဘ)ဦးလှကျော် ၈/မသန(သ)၀၀၀၃၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 553333)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

**ပျောက်ဆုံးကြောင်း**
နန့်ဂျူးလယာအေး(ဘ)မန်းစိန်အေး ၁၄/ဝမခ (နိုင်)၂၂၄၉၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 824511)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅

**ပျောက်ဆုံးကြောင်း**
အရှင်ဇနိန္ဒာစာရ(ဘ)ဦးဖိုးပု ၁၂/ရကန(သ) ၀၀၀၈၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 417620)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၈၆၂၄၃

**ပျောက်ဆုံးကြောင်း**
လမင်းစန္ဒာ(ဘ)ဦးမောင်ရီ ၁/မကန(နိုင်) ၂၀၃၈၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 100133)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
လှထွန်း(ဘ)ဦးလှဝင်း ၁၂/ဥကမ(နိုင်) ၁၉၈၆၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 993701)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၂၃၀၀၄၃၉



*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်နှင့်လည်း ကံစမ်းလို့ရနေပြီနော်...

## ဖခင်အမည်မှန်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ရွာတော်(တောင်ရွာ)ရွာနေ မဆွေဇင်ထွန်း၏ဖခင်အမည်မှန်မှာ ဦးကိုမင်း ၉/ပမန(နိုင်)၂၀၂၁၇၉ ဖြစ်ပါကြောင်း။

**ဦးကိုမင်း**

## ဖခင်အမည်မှန်မှာ

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ဖူလုံ အ.ထ.ကတွင် ပညာသင်ကြားနေသော Grade-8 မှ မနှင်းဝေဝေအောင်နှင့် Grade-9 မှ မောင်လင်းထက်အောင်တို့၏ဖခင် ဦးနိုင်လင်းအောင်၏အမည်မှန်မှာ ၈/ရစက(နိုင်)၁၆၀၇၇၀ အရ ဦးထွန်းထွန်းနိုင်ဖြစ်ပါကြောင်း။ **ဦးထွန်းထွန်းနိုင်**

## မွေးသက္ကရာဇ်အမှန်

နတ်မောက်မြို့၊ အ.ထ.က အောင်ဆန်း Grade-11 မှ (ဘ)ဦးစိုးမြင့်၏သမီး မနှင်းဝေလှိုင် ၈/နမန(နိုင်)၂၆၃၇၈၂ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၅-၂၀၀၇ ဖြစ်ပါကြောင်း။

**၁၀-၅-၂၀၀၇**

## မိခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကျခတ်ကန် အ.လ.က Grade-6 မှ မောင်ရာဇာဗိုလ်၊ Grade-9 မှ မတွယ်တာဗိုလ်တို့၏မိခင် ဒေါ်ကြည်ကြည်စန်း၏အမည်မှန်မှာ ဒေါ်ပိုက် ၈/တတက(နိုင်)၁၃၄၇၈၅ ဖြစ်ပါကြောင်း။ **ဒေါ်ပိုက်**

## မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အ.ထ.က (၁၂)ဝန်ထမ်းအိမ်ရာနေ အဘ ဦးလှအောင်၏သမီး ဒေါ်မြင့်မြင့်သန်း(ပညာရေးဝန်ထမ်း) ၅/ကလတ(နိုင်)၀၂၆၀၇၀ ၏မွေးသက္ကရာဇ်အမှန်မှာ ၃၀-၁၂-၁၉၆၆ ဖြစ်ပါကြောင်း။ **၃၀-၁၂-၁၉၆၆**

## အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ မင်းလမ်း(မ)ရွာနေ မဇူးဇူးစံ ၉/ပဘန(နိုင်)၂၆၁၉၇၃ ၏ဖခင် ဦးခင်မောင်ဘန်း၏အမည်မှန်မှာ ဦးခင်မောင်သန်းဖြစ်ပါကြောင်း။

**ဦးခင်မောင်သန်း**

## ပျောက်ဆုံးကြောင်း

သဥ္ဇာဦး(ဘ)ဦးညွန့်ကြည် ၁၂/တကန(နိုင်)၂၀၄၈၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၃၂၁၁၈၇၁**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ကွပ်ကဲမှုအောက်ရှိ သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့တွင် ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်(ဖြည့်စွက်)ဖြင့်ဆောင်ရွက်မည့် ကျိုက်ခေါက်ဘုရားလမ်းရှိ သစ်တောလမ်းထိပ်မှ သိမ်ကျောင်းလမ်း-မင်းကျောင်း-ဗိုလ်ချုပ်နေဝင်းလမ်း-ဦးအောင်ဇေယျလမ်း၊ အောင်မင်္ဂလာရေစင်များဆီသို့ ရေပိုက်လိုင်း 6'' Ø HDPE pipe (9200')နှင့် 4'' Ø HDPE pipe(2250') Distribution Pipe Line သွယ်တန်းခြင်းလုပ်ငန်းအတွက် လုပ်ငန်းသုံးပစ္စည်းအိတ်ဖွင့်တင်ဒါအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | - | ၁၇-၁-၂၀၂၅ ရက်မှ ၃၀-၁-၂၀၂၅ ရက်ထိ |
| (ခ) | တင်ဒါစိစစ်မည့်ရက်နှင့် အချိန် | - | (၃၁-၁-၂၀၂၅)ရက်နေ့၊ နံနက်(၁၀:၀၀)နာရီ |
| (ဂ) | တင်ဒါစိစစ်မည့်နေရာ | - | သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ |

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့(အင်ဂျင်နီယာဌာနခွဲ)ဖုန်း ၀၉-၇၉၉၄၀၀၉၂၀၊ ၀၉-၇၆၀၃၃၀၀၇၈ တွင် နေ့စဉ် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ**
**သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## Notice Under Section 211(a) of Insolvency Law, 2020
## "HONDA LOGICOM MYANMAR CO.,LTD."
## (Members Voluntary Winding-Up)
## Invitation to Final Meeting

A final meeting of "HONDA LOGICOM MYANMAR CO.,LTD." will be help on 10:30 Am(3.February.2025)No.(53/62), Tharkayta Industrial Zone, FLP Tharkayta B4-Room3, Tharkayta Township, Yangon Region, Myanmar-

- Liquidator's report and return will be presented at the meeting.
- All members are invited to attend.

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
## အလုပ်လျှောက်လွှာခေါ်ယူခြင်း
## ၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
## (၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)
## ဖြည့်စွက်ကြေညာချက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၏ ၁၁-၁-၂၀၂၅ ရက်နေ့ထုတ် သတင်းစာပါ အလုပ်လျှောက်လွှာခေါ်ယူခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်းဖြည့်စွက်ကြေညာအပ်ပါသည်-

အပိုဒ် ၁။ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ (ခ)တို့တွင်

(၆) ကော်မရှင်ရုံးဝန်ထမ်းဖြစ်ပါက အနည်းဆုံးလုပ်သက်(၁)နှစ်ရှိရမည်။

အပိုဒ် ၁။ အပိုဒ်ခွဲ (ဂ)တွင်

(၆) တက္ကသိုလ်တက်ရောက်ဆဲ ကော်မရှင်ရုံး အခြားအဆင့်ဝန်ထမ်းဖြစ်ပါက အနည်းဆုံးလုပ်သက်(၁)နှစ်ရှိရမည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး**

## အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နေ အဘ ဦးအာကာစိုး ၈/တတက(နိုင်)၁၈၀၂၂၄ ၏သား အ.ထ.က(၄)မိုးထိကျောင်း Grade-3(သင်ဆဲ) ကျောင်းဝင်အမှတ်၀၂၉၅ မောင်မင်းစစ်ပိုင်အား မောင်မြင့်မြတ်အာကာဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်မြင့်မြတ်အာကာ**

## မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အ.ထ.က (၁၂)ဝန်ထမ်းအိမ်ရာနေ အဘ ဦးကျော်ဆွေ၏ သမီး ဒေါ်မြင့်မြင့်စိန်(ပညာရေးဝန်ထမ်း) ၁၃/တကန(နိုင်)၀၃၂၁၁၀ ၏မွေးသက္ကရာဇ်အမှန်မှာ ၂၃-၂-၁၉၆၆ ဖြစ်ပါကြောင်း။ **၂၃-၂-၁၉၆၆**

## အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ မင်းလမ်း(မ)ရွာနေ မဇူးဇူးစံ ၉/ပဘန(နိုင်)၂၆၁၉၇၃ ၏မိခင် ဒေါ်အေးမြတ်၏အမည်မှန်မှာ ဒေါ်အေးမြ ဖြစ်ပါကြောင်း။

**ဒေါ်အေးမြ**

## ပျောက်ဆုံးကြောင်း

ဝတ်ရည်နွေး(ဘ)ဦးလှမျိုးဦး ၇/ကဝန(နိုင်)၂၃၅၅၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၁၃၃၄၄၅၂**

## ပျောက်ဆုံးကြောင်း

အေးမင်းအောင်(ဘ)ဦးသန်းကို ၁၄/ဇလန(နိုင်)၁၉၀၆၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၇၂၂၁၆၈၆၂**

## ပျောက်ဆုံးကြောင်း

အေးအေးကြိုင်(ဘ)ဦးတင်အောင် ၇/လပတ(နိုင်)၁၉၈၅၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၂၁၅၁၇၆**

## ပျောက်ဆုံးကြောင်း

လှမင်းထက်(ဘ)ဦးသန်းလှိုင် ၇/လပတ(နိုင်)၁၉၂၂၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၂၁၅၁၇၆**

## ပျောက်ဆုံးကြောင်း

ရတနာမွန်(ဘ)ဦးထွန်းထွန်းနိုင် ၇/လပတ(နိုင်)၁၇၇၁၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၂၁၅၁၇၆**

## အမည်မှန်

အထက(၅)ပုသိမ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ Grade-9 မှ စထွန်းတင့်လှိုင်၏ဖခင် ဦးဝင်းလှိုင်၏အမည်မှန်မှာ စဝင်းလှိုင် ၁၄/ဝခမ(နိုင်)၁၆၂၈၉၆ ဖြစ်ပါကြောင်း။

**စဝင်းလှိုင်**

## ပျောက်ဆုံးကြောင်း

ခင်ဝင်းမေ(ဘ)ဦးစိုးရီ ၇/ထတပ(နိုင်)၁၂၆၂၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

## ပျောက်ဆုံးကြောင်း

ကျင်မြိုင်(ဘ)ဦးဘွေရာ ၁၂/မဘန(နိုင်)၀၇၀၁၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

## ပျောက်ဆုံးကြောင်း

နွယ်နွယ်စိုး(ဘ)ဦးဘိုစိုး ၇/ကတခ(နိုင်)၁၈၄၀၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၃၆၆၃၁၀**

## ပျောက်ဆုံးကြောင်း

ယုံငိုင်ရင်ဇီ(ဘ)ဦးယုံငိုင်ခင် ၁/နမန(နိုင်)၀၀၀၄၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

## ပျောက်ဆုံးကြောင်း

သီသီအောင်(ဘ)ဦးအောင်သာ ၁၂/ရပသ(နိုင်)၀၃၂၇၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

## ပျောက်ဆုံးကြောင်း

ဒေါ်မြင့်ကြည်(ဘ)ဦးသိုး ၁၂/အစန(နိုင်)၀၁၇၄၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

## ပျောက်ဆုံးကြောင်း

ညီညီထွဋ်ဝင်း(ဘ)ဦးဝင်းတင် ၇/မလန(နိုင်)၀၇၁၄၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၃၆၆၃၁၀**

## ပျောက်ဆုံးကြောင်း

ဟန်နီစိုး(ဘ)ဦးဟန်ဝင်း ၁၂/ဒဂဆ(နိုင်)၀၁၁၆၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 841490)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

## ပျောက်ဆုံးကြောင်း

ခင်မေအေး(ဘ)ဦးဝင်းမောင် ၁၂/ဗဟန(နိုင်)၀၇၅၈၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 749006)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၉၀၇၀၆၄၁**

## ပျောက်ဆုံးကြောင်း

အောင်ကျော်စိုး(ဘ)ဦးညွန့်အေး ၆/ကသန(နိုင်)၀၉၈၇၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 216119)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၆၅၉၀၂၆၆၉**

## ပျောက်ဆုံးကြောင်း

မြတ်ကေခိုင်(ဘ)ဦးသောင်းငွေ ၁၂/ပဘတ(နိုင်)၀၃၁၂၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၁၀၇၁၂၉၉**

## ပျောက်ဆုံးကြောင်း

မြင်းခြံမြို့၊ တောင်ရှေ့ရွာနေ ဦးဟိန်းမင်း(ဘ)ဦးတင်လှ ၉/မခန(နိုင်)၂၃၂၄၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၅၈၅၀၃၂၄**

## ပျောက်ဆုံးကြောင်း

အောင်သူဆွေ(ဘ)ဦးမြင့်ဆွေ ၁၂/ကတန(နိုင်)၀၇၂၄၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 759151)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၆၄၀၄၂၀၉၀**

## ပျောက်ဆုံးကြောင်း

အိအိထွေး(ဘ)ဦးနီပိုး ၇/ဝမန(နိုင်)၁၀၄၃၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၃၄၆၁၆၇၃**

## ပျောက်ဆုံးကြောင်း

တင်ယုလှိုင်(ဘ)ဦးမြင့်သန်း ၁၂/ဆကခ(နိုင်)၀၁၅၈၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၀၆၃၄၁၅၆**

## ပျောက်ဆုံးကြောင်း

အောင်မျိုးဝင်း(ဘ)ဦးသန်းထွန်း ၇/ရတန(နိုင်)၀၇၆၈၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 358816)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၇၉၁၇၃၃၇**

## ပျောက်ဆုံးကြောင်း

ရော်နယ်ကျော်ဝင်း(ဘ)ဦးကျော်ဝင်း ၁၂/မရက(နိုင်)၁၃၇၂၃၉ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၄၂၈၂၄၈၅၉**

## ပျောက်ဆုံးကြောင်း

မင်းလှမြို့နယ်၊ ဦးတိုစာဖြူစုရွာနေ နော်စေးခူ(ဘ)စောမြထွန်း ၇/မလန(နိုင်)၁၁၈၄၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၇၈၁၄၂၈၆**

## ပျောက်ဆုံးကြောင်း

အောင်မိုးဦး(ဘ)ဦးသန်းညွန့် ၉/ပမန(နိုင်)၁၈၈၃၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၄၅၄၇၈၇၉**

## ပျောက်ဆုံးကြောင်း

ဇော်လင်း(ဘ)ဦးနီ ၁၄/ဝခမ(နိုင်)၁၄၇၈၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 737137)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၀၀၉၅၂၇**

## ပျောက်ဆုံးကြောင်း

ကြည်ကြည်ညွန့်(ဘ)ဦးကံညွန့် ၁၂/ဥကမ(နိုင်)၀၀၇၇၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 712774)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၅၅၈၄၈၁၀၅**

## ပျောက်ဆုံးကြောင်း

စန္ဒာအောင်(ဘ)ဦးတင်အောင် ၁၂/သဃက(နိုင်)၁၅၉၁၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၉၇၁၅၅၁၉**

## ပျောက်ဆုံးကြောင်း

ထိန်လင်းကျော်(ဘ)ဦးသန်းဌေး ၁၂/ဒပန(နိုင်)၀၄၅၄၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၄၅၅၈၁၀၅**

## ပျောက်ဆုံးကြောင်း

သထုံမြို့၊ မရမ်းကုန်းကျေးရွာ၊ ဂျိုးဖြူကုန်းနေ ဒေါ်ဇင်မာဝင်း(ဘ)ဦးဆန်းဦး ၁၀/သထန(နိုင်)၁၇၇၇၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

## ပျောက်ဆုံးကြောင်း

တောင်ဥက္ကလာပမြို့၊ (၉)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်(၃၃၅)နေ မောင်ကျော်ဇင်ဦး(ဘ)ဦးချစ်လီ ၁၂/ဥကတ(နိုင်)၁၆၆၃၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၁၃၆၁၀၁**

## ပျောက်ဆုံးကြောင်း

ပဲခူးမြို့၊ အထက်ဇိုင်းကနိုင်းကြီးရွာနေ နော်ဆဲမူဖော(ဘ)ဦးစောဝင်းကြည် ၇/ပခန(နိုင်)၃၇၅၇၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

## ပျောက်ဆုံးကြောင်း

ကဝမြို့၊ ရွှေပေါက်ပင်ရွာနေ ဇာဇာသိမ့်(ဘ)ဦးလပြည့် ၇/ကဝန(နိုင်)၂၃၉၉၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အမှတ်(၁၆)ရပ်ကွက်နေ နေမျိုးအောင်(ဘ)ဦးပွကြီး ၉/မခန(နိုင်)၁၉၄၅၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၇၇၇**

## ပျောက်ဆုံးကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ညောင်လူးအုပ်စု၊ ညောင်လူးကျေးရွာနေ မဇင်မာဝေ(ဘ)ဦးအောင်သောင်း၉/တကန(နိုင်)၁၉၂၁၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၃၈၁၃၉၉**

❖ **သစ်တောသစ်ပင်များကို ချစ်မြတ်နိုးကြရန်၊ တစ်ပင်ခုတ်တစ်ပင်စိုက်ရမည်ဟူသည့်စိတ်မွေး၍ ဆောင်ရွက်ကြရန် . . .**

❖ **အနာဂတ်တွင် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့်ရာသီဥတုကို လက်ဆင့်ကမ်းနိုင်ရေး သစ်ပင်များကိုစနစ်တကျ ဖြင့်ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရမည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA )ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေးညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## MSME ပြပွဲ၊ ပြိုင်ပွဲများမှတစ်ဆင့်ထွက်ရှိလာသည့် အဆင့်မြင့်ထုတ်ကုန်ပစ္စည်းအမယ်သစ်များထွက်ပေါ်လာပြီး အဆိုပါထွက်ပေါ်လာသည့် အရည်အသွေးမီကုန်ပစ္စည်းများကို ပြည်ပသို့ပို့ဆောင်ခြင်းဖြင့် နိုင်ငံခြားငွေရရှိလာမည်ဖြစ်



အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေးညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၇**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေးညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၄ ကော်လံ ၁ ●

**တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ကျုံစုတ်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်** စာ - ၁၁ သို့

**တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ မလိကျွန်းနှင့်အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်** စာ - ၁၂ သို့

